

နေဝန်းသစ်စာပေ

တက္ကသိုလ်

# နေလင်းအေးအောင်

## ကြမ္မာ၏သားကောင်
## သိုင်းထိပ်ခေါင်

စာစဉ် ၂

ကျင်းယုံ၏ဝူးလင်ကူစု

ဒုတိယအကြိမ်

အခန်း(၈)

## ပရဆေးမြစ်ခရီးစဉ်

---

ရှင်းတိ၏နာမည်သတင်းသည် ထိုတစ်ညတည်း၌ပင် နန်ကင်းမြို့မှအစ တောင်ပိုင်းသိုင်းလောကတစ်ခုလုံး ဟိုးဟိုး ကျော်သွားလေတော့၏။ သိုင်းလောက၏သတင်းဆိုသည်မှာလည်း တောမီးပမာ ပျံ့နှံ့လွယ်သည်မဟုတ်ပါလား။

ဝမ်ချင်းသည် ညေ့ခံပွဲ၌ ရှင်းတိ၏ဂုဏ်ပုဒ်ကို သူနှုတ်မှထုတ်ဖော်ပေးမည်ဟု ရည်ရွယ်ခဲ့၏။

သို့သော် အခြေအနေက တိုက်တိုက်ဆိုင်ဆိုင်ပင် ရှင်းတိသည် သူကိုယ်တိုင် သူ့ဂုဏ်ပုဒ်ကို ဖော်ထုတ်သွားသည်။

မည်သို့ပင်ဖြစ်စေ သူ၏မြင်းပျံအာမခံဌာနကတော့ အလိုအလျောက် ဂုဏ်တက်သွားခဲ့ပြီ ဖြစ်လေသည်။

ကျော်ကြားလှသော မျက်နှာသစ်သိုင်းသမားကလေးသည် အာမခံဌာနတာဝန်ခံ ဝမ်ချင်း၏ မိတ်ဆွေဆိုသည့် စကားတစ်လုံးတည်းက သူ့ဌာနအလံထက်ပင် အရာရောက်သွားခဲ့လေပြီ။

သည်သို့ဆိုလျှင် -

သူသည် အဘယ်ကြောင့် အချည်းအနှီး အချိန်ဖြုန်းနေရတော့မည်နည်း။ ဂျင်ဆင်ဆေးမြစ်ကြီးသည် သူ့ဌာန၌ ရှိနေပေသည်။ ယခုအချိန်မှ ပီကင်းသို့မပို့လျှင် ဘယ်အချိန်၌ ပီကင်းသို့ ပို့မည်နည်း။

သူသည် ဂျင်ဆင်ပရဆေးမြစ် ပို့ဆောင်ရမည့် အစီ အစဉ်ကို ကြောက်လွင်၊ ချင်ရိတို့နှင့် ခေါင်းချင်းရိုက် စီစဉ်လေ တော့၏။

ထိုခရီးစဉ်၌ ရှင်းတီအား ဒုတိယတာဝန်ခံ ကြောက်လွင်နှင့် အတူထည့်လိုက်မည်ဆိုသည့်အချက်ကို မည်သူမျှ ကန့်ကွက်ရန် မစဉ်းစားကြပေ။

တတ်နိုင်လျှင် ရှင်းတီကိုပင် ထိုခရီးစဉ်၌ ခေါင်းဆောင်တင်သင့်ကြောင်း အားလုံးက သဘောပေါက်ထားကြလေ၏။

သူတို့ဆွေးနွေးနေစဉ်မှာပင် မြင်းပျံအာမခံဌာနသို့ ဧည့်သည်များ ဆိုက်ရောက်လာကြတော့သည်။ ထိုဧည့်သည်များကား မြင်းပျံအာမခံဌာနတာဝန်ခံ ဝမ်ချင်းနှင့် အလွန်တရာရင်းနှီးလှသော ဝိညာဉ်ပျံရဲတိုက်ပိုင်ရှင်မောင်နှမပင်တည်း။





အစ်ကိုဖြစ်သူ၏အမည်မှာ တုန်ဖိန်လိန်ဟုခေါ်သည်။ သိုင်းပညာထူးချွန်သူဖြစ်ပြီး ယခု ဆယ်နှစ်တာအတွင်း တစ်ဟုန်ထိုး ကျော်ကြားလာသူဖြစ်သည်။

နှမဖြစ်သူမှာ တုန်ဖိန်ရိဟု အမည်တွင်၏။ သိုင်းလောက၌ လိပ်ပြာမယ်တုန်ဖိန်ရိဟု ကျော်ကြားသည်။ သူမသည်လည်း သိုင်းပညာကောင်းသူဖြစ်သည်။ ထို့ပြင် လက်နက်ပုန်းပညာပါ ကောင်းသဖြင့် အစ်ကိုဖြစ်သူ တုန်ဖိန်လိန်ထက်ပင် ကျော်ကြားချင်သလို ဖြစ်နေသည်။

သို့သော် သူတို့သည် သစ္စာဘက်တော်သား သိုင်းသမားများ ဖြစ်ကြ၏။ တစ်နည်းအားဖြင့် အထက်လမ်းသိုင်းသမားများဟု ခေါ်ဆိုနိုင်သည်။

သို့ရာတွင် အစ်ကိုဖြစ်သူတုန်ဖိန်လိန်နှင့် ညီမဖြစ်သူ တုန်ဖိန်ရိတို့တွင် အစ်ကိုဖြစ်သူ တုန်ဖိန်လိန်က ပို၍စိတ်သဘောထား နူးညံ့ပျော့ပျောင်းသည်။ လိပ်ပြာမယ်တုန်ဖိန်ရိက အနည်းငယ် ခက်ထန်ချင်သည်။

“ဟာ - ဝိညာဉ်မောင်နှမပါလား၊ ကြွပါ - လာပါ၊ တမင်လာတာလား၊ လမ်းကြုံလို့ဝင်လာတာလား”

ကြောက်လွင်နှင့်ချင်ရိတို့သည် ဝမ်ချင်းနှင့်ဝိညာဉ် မောင်နှမတို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်စေရန်အတွက် ရှောင်ထွက်သွားကြသည်။

တုန်ဖိန်လိန်က ပွင့်လင်းသူဖြစ်သည့်အတိုင်း သူ့လာရင်းကိစ္စကို အမှန်အတိုင်းပြောကြားလေ၏။

"တမင်လာတာဗျ၊ သူရဲကောင်းရှင်းတိနဲ့ မိတ်ဆွေဖြစ်ချင်လို့ပေါ့ဗျာ၊ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုတာလိုပေါ့၊ သစ္စာဘက်တော်သားတစ်ယောက် တိုးလာရင် ကျုပ်တို့အတွက် တအားတက်တာပဲပေါ့ဗျ"

လိပ်ပြာမယ်တုန်ဖိန်ရီကမူ မည်သို့မျှမပြောဘဲ ပြုံးနေသည်။

ဝမ်ချင်းသည် လက်ခုပ်သုံးချက်ခန့် တီးလိုက်သောအခါ အာမခံဌာနမှ သိုင်းသမားတစ်ဦး အလျင်အမြန်ရောက်ရှိလာ၏။

"ဟေ့ - ညီလေးရှင်းတိကိုသွားခေါ်စမ်း၊ ဒီမှာ ဧည့်သည်တွေရောက်လာလို့၊ အစ်ကိုကြီးဝမ်ချင်းက မိတ်ဆက်ပေးချင်လို့လို့ပြော"

သိုင်းဆရာသည် ဦးညွှတ်ပြီးနောက် ပြေးထွက်သွား၏။

တုန်ဖိန်လိန်သည် အာမခံဌာနအတွင်းရပ်ထားသည့် မြင်းရထားများကို တစ်ချက်ကြည့်လိုက်သည်။ အာမခံဌာန၏ လုပ်ငန်းတာဝန်အတွက် ခေါင်းဆောင်သုံးဦး ခေါင်းချင်းရိုက်နေကြောင်း သူ သဘောပေါက်သွားသည်။

"အားနာစရာပဲဗျာ၊ တာဝန်ခံချုပ်ကြီး အလုပ်ရှုပ်နေတုန်း ကျုပ်တို့ရောက်လာတော့ ခင်ဗျားတို့ အလုပ်ပျက်ကုန်တော့မှာပဲ"





ဝမ်ချင်းက ရယ်ရယ်မောမောဖြင့် -

"ဟာ - မဟုတ်တာဗျာ၊ အစီအစဉ်တွေက ပြီးနေပါပြီဗျာ၊ ဘာမှအားနာစရာမရှိပါဘူး၊ ခင်ဗျားတို့မောင်နှမ ရောက်လာတဲ့အတွက် ကျုပ်က ဂုဏ်တောင်ယူပါတယ်ဗျာ၊ ကျုပ်ရဲ့မိတ်ဆွေသစ်နဲ့ မိတ်ဆက်ပေးမလို့ ခင်ဗျားတို့ဆီတောင်လာဖို့ စီစဉ်ထားတာဗျ၊ ဒါပေမယ့် ခုချက်ချင်းတော့ မဟုတ်ဘူးပေါ့ဗျာ'

ထိုစဉ် ရှင်းတိရောက်လာလေ၏။

ဝမ်ချင်းက -

"ကဲ - ညီလေး၊ ဒီဆယ်စုနှစ်အတွင်းမှာ နာမည်ကျော်သိုင်းသမားတွေ တော်တော်များများပေါ်ထွက်ခဲ့တယ်လို့ အစ်ကိုကြီးပြောခဲ့တယ် မဟုတ်လား၊ အဲဒီနာမည်ကျော်တွေထဲမှာပါတဲ့ မောင်နှမနှစ်ယောက်ကတော့ သူတို့ပါပဲ၊ ဝိညာဉ်ရဲတိုက်ပိုင်ရှင်မောင်နှမလို့ခေါ်ပါတယ်၊ အစ်ကိုဖြစ်တဲ့လူကတော့ တုန်ဖိန်လိန်တဲ့၊ နှမဖြစ်တဲ့မိန်းကလေးကတော့ လိပ်ပြာမယ်တုန်ဖိန်ရီတဲ့"

ရှင်းတိသည် လက်နှစ်ဖက်ဆုပ်လျက် ဦးညွှတ်ဂါရဝပြုသည်။ တုန်ဖိန်ရီနှင့်တုန်ဖိန်လိန်တို့ကလည်း ပြန်လှန်ဂါရဝပြုကြသည်။

ဝမ်ချင်းက ဆက်၍ပြောသည်။

"သူကတော့ ရှင်းတိပါ၊ မိုးအာကာဓားသိုင်းသမားရှင်းတိလို့ ခေါ်မယ်ဆိုရင် ခေါ်နိုင်ပါတယ်၊ ကြယ်တံခွန်ဓားညီနောင်ရဲ့

နောက်ဆက်တပည့်ပေါ့"

ရှင်းတိသည် တစ်ခဏချင်းမှာပင် ဝိညာဉ်မောင်နှမအား အကဲခတ်ပြီးလေပြီ။ အသက်သုံးဆယ်ခန့်ရှိ တုန်ဖိန်လိန်၏ သဘော ကောင်းပုံရသောမျက်နှာကို နှစ်ခြိုက်မိသည်။ သူ့အား စူးစူးရဲရဲ ကြည့်နေသည်မှာ လှပချောမောလှသော တုန်ဖိန်ရီ၏အကြည့်ကိုမူ သူ ရင်မဆိုင်ရဲပေ။ တုန်ဖိန်ရီသည် သူ့ထက်နှစ်နှစ် သုံးနှစ်ခန့် ကြီး လိမ့်မည်ဟု ယူဆမိသည်။

တုန်ဖိန်ရီသည် သိုင်းပညာ၌ ထက်မြက်ပြီး လက်နက်ပုန်း ပညာပါ တတ်ကျွမ်းသော်လည်း သိုင်းသမရုပ်ပေါက်သူမဟုတ်ပေ။ သူမသည် စာပေအနုပညာ ကဗျာ စသည်တို့ကို လိုက်စားသူဖြစ်၍ အခြားအထက်တန်းစား တရုတ်အမျိုးသမီးများလိုပင် သိမ်မွေ့နူးညံ့ သော အသွင်အပြင်ရှိသည်။

သူမသည် ရှင်းတိ ခန့်မှန်းသလိုပင် အသက်နှစ်ဆယ်ခန့်သာ ရှိသေးသဖြင့် အစ်ကိုကြီးဖြစ်သူ တုန်ဖိန်လိန်ကို ချစ်ကြောက်ရိုသေ ရသူဖြစ်သည်။ အစ်ကိုကြီးဖြစ်သူကလည်း သူမကို လွန်စွာ အလို လိုက်၏။ မောင်နှမနှစ်ယောက်၏ ချစ်ခင်ကြင်နာမှုကို သိုင်းလော ကသားများက လွန်စွာချီးကျူးကြလေသည်။

သူမသည် သိုင်းပညာကောင်းသလို ရုပ်ရည်ချောမောသူ ဖြစ်၍ သူမ၏အချစ်ကို ရယူလိုသူများ ဝိုင်းဝိုင်းလည်နေ၏။ သို့သော် သူမသည် မည်သူ့ကိုမျှ ချစ်ကြိုက်၍မရခဲ့ပေ။





ယခုသော် -

ငယ်ရွယ်နုပျိုသလောက် ခန့်ညားချောမောသည့် ရှင်းတိ ရုပ်ရည်သည် သူမ၏အသည်းနှလုံးထဲ၌ စွဲမြဲသွားခဲ့သည်။ ထို့ ကြောင့် မိန်းကလေးတို့၏ ဣန္ဒြေကိုပင် မစောင့်စည်းနိုင်ဘဲ ရှင်းတိ အား ရွှန်းရွှန်းစားစား ကြည့်နေမိခြင်းဖြစ်တော့သည်။

တုန်ဖိန်လိန်သည် လွန်စွာအကင်းပါးသူဖြစ်၏။ ညီမဖြစ်သူက ရှင်းတိအား စိတ်ဝင်စားနေသည်ကို ချက်ချင်းရိပ်မိသည်။ သည် အတိုင်း ငြိမ်သက်နေပါက မိမိကိုယ်တိုင် အနေရအထိုင်ရ ခက် တော့မည်ကို သိလာသဖြင့် ရှင်းတိအား ဖော်ဖော်ရွေရွေ စကား ပြောတော့သည်။

"ညီလေးရှင်းတိရဲ့ သတင်းကတော့ တောမီးလိုပဲ တကယ့်ကို မြန်ဆန်လှပါတယ်ကွာ၊ တရုတ်ပြည်တောင်ပိုင်းတစ်ခုလုံး ညီလေး အကြောင်း မသိတဲ့လူ ရှိမယ်မထင်တော့ပါဘူး၊ ဒါနဲ့ အစ်ကိုတို့လဲ တွေ့ချင်မြင်ချင်စိတ် ပေါက်လာတာနဲ့ မောင်နှမနှစ်ယောက် မြင်း စီးပြီး ထွက်လာကြတာပဲ"

လိပ်ပြာမယ်တုန်ဖိန်ရီကမူ ရှင်းတိဖို့ ပြုံး၍ကြည့်နေမြဲ။

ရှင်းတိမှာ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။ ဝမ်ချင်းက လည်း ရှင်းတိ မနေတတ်မထိုင်တတ် ဖြစ်နေသည်ကို အကဲခတ်မိ သည်။ သူသည် ရှင်းတိနှင့် ရက်သတ္တတစ်ပတ်မျှ အတူနေလိုက် ရစဉ်အတွင်း ရှင်းတိ၏ ရိုးသားမှုကို ပို၍သိမြင်လာသည်။

မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုသည့်စကားအတိုင်း မြေခွေးကဲ့သို့ ကောက်ကျစ်သော ဝမ်ချင်းသည် ပို၍ပို၍ သဘောကျသွားသည်။ ရှင်းတိ၏ရိုးသားမှုကို သူ့အနေဖြင့် ကောင်းကောင်း ခုတုံးလုပ်ရမည် မဟုတ်ပါလော။

ထို့ပြင် လိပ်ပြာမယ် တုန်ဖိန်ရီက ရှင်းတိအား စိတ်ဝင်စားနေခြင်းကိုလည်း လူလည်ဝမ်ချင်းက ရိပ်စားမိသည်။

"ညီလေးရှင်းတိ၊ ဟောဒီက ညီမလေးတုန်ဖိန်ရီကို ကြည့်လိုက်စမ်း၊ ဘယ်လောက်နူးညံ့သိမ်မွေ့သလဲ၊ စာပေ၊ ဂီတ၊ ကဗျာအားလုံး စွယ်စုံရတယ်၊ အနုပညာသမားမို့လို့ အင်မတန်နူးညံ့ပျော့ပျောင်းလိမ့်မယ်၊ သိုင်းပညာတွေ ဒီလောက်စွံမှာမဟုတ်ဘူးလို့ မထင်လိုက်လေနဲ့၊ လိပ်ပြာမယ် - လိပ်ပြာမယ်နဲ့ သိုင်းလောကမှာ တစ်ပြာတည်းရှိနေတယ်"

ဝမ်ချင်းသည် မြှောက်ပင့်၍ပြောလိုက်ခြင်းမဟုတ်ပါ။ အမှန်အတိုင်း ပြောလိုက်ခြင်းသာဖြစ်ပါသည်။

သို့သော် တုန်ဖိန်ရီသည် သူမ စိတ်ဝင်စားနေသူ၏ရှေ့၌ အတည့်အလင်း ချီးကျူးခံလိုက်ရသဖြင့် ရှက်သွေးတက်သွားသည်။ မျက်နှာကလေးတစ်ခုလုံး ပန်းနုရောင်သမ်းသွားသည်။ ခေါင်းကလေး ငုံ့သွားသည်။

တုန်ဖိန်လိန်သည် စိတ်ထဲမှပြုံးလိုက်မိ၏။





"ဟင်း - ဝမ်ချင်းဟာ အာမခံဌာနရဲ့ တာဝန်ခံချုပ်ဖြစ်နေတာလဲ မပြောနဲ့၊ အင်မတန် အကဲခတ်ကောင်းတာကိုး၊ အစ်ကိုဖြစ်သူ ရှေ့မှာတောင် သူ့မိတ်ဆွေနဲ့ငါ့နှမကို ချိတ်တိတ်တိတ် လုပ်ပေးနေတယ်၊ အေးလေ - ငါ့နှမကလဲ ရှင်းတိကို စိတ်ဝင်စား နေတော့ အဆင်ပြေသွားရင်လဲ ခပ်ကောင်းကောင်းပဲ၊ ရှင်းတိရဲ့ နဖူးမရ ဒူးရေက အတော်ကလေးခန့်ညားတယ်၊ သာမညမျိုးရိုးထဲက တော့ ဖြစ်ပုံမရဘူး"

တုန်ဖိန်လိန်သည် သူ့နှမ၏စိတ်ထားကိုလည်း အတော်ကလေး အံ့ဩနေသည်။ သူ့နှမဖြစ်သူအား ဝိုင်းဝိုင်းလည်နေသည့် သိုင်းသမားများထဲ၌ ရုပ်ချောသဘောကောင်းသလို သိုင်းပညာထက်မြက်သူများလည်း အတော်ကလေး ပါဝင်သည်။

သို့ရာတွင် နှမဖြစ် သူ တုန်ဖိန်ရီက ထိုသူများကို အားလုံး ငြင်းဆန်ပစ်ခဲ့သည်။

ယခု ရှင်းတိကျမှ မိန်းကလေးတို့၏ ဣန္ဒြေကိုပင် မဆည်နိုင်ဘဲ အလွန်တရာ စိတ်ဝင်စားနေသည်ကို တွေ့ရသောအခါ မိန်းမတို့၏ စိတ်ထားကို လုံးဝနားမလည်နိုင်အောင် ဖြစ်သွားရတော့သည်။

သည်ကား - တုန်ဖိန်လိန်နှင့်တုန်ဖိန်ရီတို့၏ စိတ်ဆန္ဒဆိုင်ရာ ခံစားမှုဖြစ်၏။

ရှင်းတိဘက်တွင်ကား -

ရှင်းတိသည် အသက်ငယ်ပင်ငယ်သော်လည်း ကတိနှင့် တာဝန်ကို အလွန်တရာလေးစားသူဖြစ်၏။ ကျေးဇူးတရားကိုလည်း အလွန် သိတတ်သူဖြစ်၏။

ယခု တုန်ဖိန်ရိက သူ့အား အလွန်အမင်းစိတ်ဝင်းစားနေခြင်းကို သူကောင်းစွာရိပ်စားမိသည်။ ချောမောလှပသော တုန်ဖိန်ရိမှာ ချစ်ခင်နှစ်သယ်ဖွယ်ရာပင် ဖြစ်ပါသည်။

သို့သော် တုန်ဖိန်ရိကို သူစိတ်မဝင်စားပါ။ သူ စိတ်ဝင်စားသည့် အရာမှာ ထိုက်မွန်ယောင်ပြောကြားခဲ့သည့်ကိစ္စများကို ပြေလည်အောင် ဆောင်ရွက်ရန်နှင့် ဇွဲရှင်အား လက်ထပ်ပေါင်းသင်းရန်ပင် ဖြစ်သည်။

သူသည် သူ့နှလုံးသားကို ဇွဲရှင်ဆိုသည့်မိန်းကလေးအား ပေးအပ်ပြီးကြောင်း လိပ်ပြာမယ်တုန်ဖိန်ရိအား ပြောပြလိုက်ချင်စမ်းသည်။ တုန်ဖိန်လိန်၊ တုန်ဖိန်ရိနှင့် ရှင်းတိတို့ တွေ့ဆုံကြသည့် အချိန်ကလေးမှာ လွန်စွာတိုတောင်းလှသည်။ ထိုအချိန်ကလေး အတွင်း သူတို့သုံးယောက် တွေးတောစဉ်းစားကြသည့် အကြောင်းအချက်များကမူ ထောင်သောင်းမက များပြားလှသည်။

ထိုစဉ် တုန်ဖိန်လိန်က ဝမ်ချင်းအားပြောလိုက်၏။

"ကဲ - စကားပြောရတာကတော့ ကောင်းပါလေရဲ့ဗျာ၊ တစ်နေ့နေ့ကျမှ အေးအေးဆေးဆေး လာစကားပြောဦးမယ်၊ ကျုပ်တို့မလာနိုင်တဲ့အချိန်အတွင်းမှာ ယောဒီက တာဝန်ခံချုပ်ကြီးရော၊ ညီလေးရှင်းတိရော ကျုပ်တို့ ဝိညာဉ်ရဲတိုက်ကြီးကို





လာလည်ကြပါဦးလို့ ဖိတ်ခေါ်ပါတယ်"

တုန်ဖိန်လိန်၊ ထိုင်ရာမှထလိုက်သဖြင့် တုန်ဖိန်ရိလည်း ထလိုက်ရတော့သည်။ ထိုအခါကျမှ တုန်ဖိန်ရိက ရှင်းတိကို နှုတ်ဆက်လေသည်။

"ကျွန်မတို့ကို ခွင့်ပြုပါဦးနော်၊ အစ်ကိုကြီးဖိတ်ခေါ်တဲ့အတိုင်း ကျွန်မကလဲ ဖိတ်ခေါ်ပါတယ်၊ အားရင်တော့ ဝိညာဉ်ရဲတိုက်ကို အလည်လာခဲ့ကြပါဦး"

ဝမ်ချင်းနှင့် ရှင်းတိတို့သည် ကပျာကယာ မတ်တပ်ရပ်၍ ဦးညွတ် ဂါရဝပြုလေ၏။

ဝမ်ချင်းက အားနာစကားဆိုသည်။

"ဝိညာဉ်မောင်နှမ ပြန်သာသွားရော ကျုပ်တို့က ဘာနဲ့မှ ဧည့်မခံလိုက်ရဘဲ၊ အားနာစရာကောင်းလိုက်တာဗျာ"

တုန်ဖိန်လိန်က ဟက်ဟက်ပက်ပက်ရယ်ယင်း -

"ဘာမှအားမနာနဲ့ဗျို့၊ တာဝန်ခံချုပ်ကြီးတို့ ဘယ်လောက် အလုပ်များနေတယ်ဆိုတာ မြင်းရထားတွေမြင်တာနဲ့ ကျုပ်တို့သိပါတယ်ဗျာ၊ ကျုပ်တို့ကတောင် ပြန်အားနာနေမိတာပါဗျ"

ဝမ်ချင်းက အခွင့်ရခိုက် သူ့အာမခံဌာနအတွက် မေတ္တာရပ်ခံလိုက်သည်။

"အေးဗျာ မြင်တဲ့အတိုင်းပါပဲ၊ နန်ကင်းမှာတော့ ကျုပ်တို့ရဲ့ မြင်းပျံအာမခံဌာနကို ဘယ်အာမခံဌာနကမှ လိုက်လို့မမီပါဘူး၊ လမ်းခရီးမှာ ကျုပ်တို့ အာမခံဌာနရဲ့ မြင်းရထားတွေတွေ့ရင် ဝိညာဉ်မောင်နှမအနေနဲ့ စောင့်ရှောက်ကြပါလို့ မေတ္တာရပ်ခံပါတယ်"

တုန်ဖိန်လိန်က ရယ်မောရင်း -

"ဟား - ဟား - ဟား ဒါတွေက ပြောနေရမယ့်ကိစ္စတွေ မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေကောင်းတို့မည်သည် အကူအညီလိုတဲ့ အခါမှာ အမြဲအဆင်သင့်ရှိရမှာပေါ့၊ စိတ်ချပါ၊ ကျုပ်တို့အတွက်တော့ ဘာမှစိုးရိမ်မနေကြပါနဲ့၊ ကဲ - ကဲ - ကျုပ်တို့သွားတော့မယ်ဗျို့"

ဝိညာဉ်မောင်နှမနှစ်ယောက်သည် ကြီးမားကြံ့ခိုင်လှသော မြင်းကြီးနှစ်စီးပေါ်သို့ လွှားခနဲခုန်တက်သွားကြ၏။ ဝမ်ချင်းနှင့် ရှင်းတိတို့အားလက်ပြပြီး တစ်ဟုန်ထိုး စိုင်းနှင်သွားကြလေတော့၏။

ဝမ်ချင်းသည် ရှင်းတိအား ပြုံး၍ကြည့်လိုက်၏။

"ညီလေး၊ ဝိညာဉ်မောင်နှမကို ဘယ်လိုသဘောရသလဲ"

"လူကောင်းသူကောင်းတွေနဲ့ တူတာပါပဲ"

"ဟား - ဟား - ဟား - လူကောင်းတွေပါ၊ သစ္စာဘက်တော်သားတွေပဲ၊ အစ်ကိုကြီးပြောတာက ဒါမဟုတ်ပါဘူးကွ၊ လိပ်ပြာမယ်





တုန်ဖိန်ရီကို ရည်ရွယ်တာပါ"

ရှင်းတိမှာ ရှက်သွေးတက်သွားသည်။

"ဟာ - အစ်ကိုကြီးကလဲဗျာ"

"ဟား - ဟား - ဟား - ငါ ရိပ်မိပါတယ်ကွ၊ မင်းတို့က ပြောင်းပြန်ဖြစ်နေကြတယ်၊ ဟား - ဟား - ဟား၊ ကဲ - ကဲ - သွားကြို၊ အနားယူပါတော့၊ နက်ဖြန်မနက်မှာ ငါ့ညီက ကြောက်လွှင်နဲ့ အတူ ခရီးထွက်ကြရမှာ၊ လိပ်ပြာမယ်တုန်ဖိန်ရီကိုလဲ သိပ်တွေးမနေနဲ့ပေါ့ကွာ၊ ဟား - ဟား - ဟား - ဟား"

မိုးသောက်အရုဏ်တက်သည်နှင့် မြင်းပျံအာမခံဌာနတစ်ခုလုံး လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွဖြစ်နေကြသည်။ ဂျင်ဆင်ပရဆေးမြစ် ပို့ဆောင်မည့်ခရီးစဉ်သည် ယနေ့နံနက်မှ စတင်တော့မည် မဟုတ်ပါလော။

တစ်ပေပတ်လည်ခန့်ရှိသော သေတ္တာခုနစ်လုံးရှေ့၌ ဝမ်ချင်းရပ်လျက်ရှိပြီး ဒုတိယခေါင်းဆောင် ကြောက်လွှင်နှင့် ရှင်းတိတို့အား လိုအပ်သမျှတို့ကို ရှင်းလင်းပြလျက်ရှိ၏။

"ညီလေးတို့ သေတ္တာတွေကို သေသေချာချာစစ်ဆေး ကြည့်ကြပါ၊ လုံခြုံမှုများ လျော့နည်းနေမလားလို့"

ကြောက်လွှင်က -

"အစ်ကိုကြီးဝမ်ချင်း စစ်ဆေးပြီးရင် ပြီးတာပါပဲ၊ ကျွန်တော်တို့ စစ်ဖို့လိုမယ်မထင်တော့ပါဘူး"

"ဟာ - မဟုတ်သေးဘူးကွာ၊ ဝီရိယဆိုတာ ပိုတယ်မရှိဘူး၊ လိုတယ်သာရှိတာ၊ ကဲ - ထပ်စစ်ကြပါဦးကွာ၊ စစ်ဆေးလေ အမှားနည်းလေပေါ့"

ကြောက်လွှင်နှင့်ရှင်းတိတို့ ထပ်မံစစ်ဆေးကြသည်။ သံသေတ္တာကလေးများက တစ်ပေပတ်လည်မျှသာ ရှိသော်လည်း သေတ္တာများကို ခတ်ထားသည့် သော့ခလောက်ကြီးများကမူ သေတ္တာနှင့်မလိုက်အောင် ကြီးမားလှချေ၏။





သေတ္တာအားလုံး အရွယ်တူပုံစံတူ ဖြစ်နေသည်။ သို့ရာတွင် သေတ္တာခုနစ်လုံးသည် ဆေးရောင်ခုနစ်မျိုး ဖြစ်နေသည်။ တစ်ရောင်နှင့်တစ်ရောင် လုံးဝကွဲပြားခြားနားသော ဆေးရောင်များ သုတ်ထား၏။

ရှင်းတိသည် ဂျင်ဆင်ပရဆေးမြစ်ကိုလည်း မမြင်ဘူးပေ။ ဤသေတ္တာခုနစ်လုံးထဲ၌ ပရဆေးမြစ်အားလုံး ထည့်ထားသည်ဟုသာ ထင်မှတ်နေသည်။

ထိုစဉ် ကြောက်လွှင်က -

"အစ်ကိုကြီး ပရဆေးမြစ်က ဒီသေတ္တာခုနစ်လုံးထဲမှာ ထည့်ထားတာလား"

ထိုအခါကျမှ ကြောက်လွှင်သည်ပင်လျှင် ပရဆေးမြစ်ကို မမြင်ဘူးကြောင်း ရှင်းတိသိရတော့သည်။ သည်အချက်ကို ရှင်းတိ အဝင်မကျပေ။

သူသည် ဤအာမခံဌာန၌ လူစိမ်းသက်သက်မျှသာ ဖြစ်သည်။ နှစ်တစ်ရာအတွင်း ရနိုင်ခဲလှသော ပရဆေးမြစ်ကို သူ့အား မပြသင့်ဟုယူဆလျှင် သင့်လှပေသည်။

လူစိမ်းတစ်ယောက် အား လွန်စွာအရေးကြီးသော လျှို့ဝှက်ချက်အား မပြသင့်ပေ။

သို့သော် ကြောက်လွှင်ကား လူစိမ်းတစ်ယောက်မဟုတ်ပေ။

ဤအာမခံဌာန၏ သာမန်သိုင်းဆရာတစ်ယောက် မဟုတ်ပေ။

ဝမ်ချင်းပြီးလျှင် အကြီးဆုံးသော ဒုတိယခေါင်းဆောင်ဖြစ်၏။

ဒုတိယခေါင်း ဆောင်ကိုယ်တိုင် ဂျင်ဆင်ဆေးမြစ်ကို မမြင်ဘူးခြင်းမှာ လွန်စွာသဘာဝမကျသော လုပ်ရပ်ဖြစ်သည်ဟု ရှင်းတိထင်သည်။

သို့သော် မည်သည့်စကားမှ စွက်ဖက်၍မပြောပေ။

စောင့် ကြည့်နေ၏။

ဝမ်ချင်းသည် သေတ္တာခုနစ်လုံးကို ခွကျော်သွားပြီး အနက်ရောင် ဆေးသုတ်ထားသော သေတ္တာကလေးကို လက်ဖြင့်ပုတ်ပြလိုက်၏။

"ဟောဒီသေတ္တာကို သတိထားပါ၊ သေတ္တာခုနစ်လုံး လုပ်ထားတာက မတော်တဆ ပေါ်ပေါက်လာမယ့်ရန်သူကို လှည့်စားဖို့ တမင်လုပ်ထားတာပါ"

ကြောက်လွှင်က -

"ဒါဖြင့် သေတ္တာအနက်ထဲကလွဲရင် အားလုံး အခွံချည်းပဲပေါ့"

"ဟင့်အင်း - အထဲမှာ ဂျင်ဆင်ဆေးမြစ်နဲ့တူတဲ့ သစ်မြစ်တော့ ထည့်ထားတာပေါ့၊ တကယ့်ဂျင်ဆင်ဆေးမြစ်ကတော့ သေတ္တာနက်ထဲမှာပဲရှိတယ်၊ လမ်းမှာ ပြဿနာပေါ်ရင် သေတ္တာ





အနက်ကိုပဲ ရအောင်ယူပါ၊ ဒါပေမယ့် ရန်သူတွေရှေ့မှာတော့ အနက်ကိုချည်း ဂရုစိုက်မနေနဲ့နော်၊ သူတို့ရိပ်မိသွားရင် သူတို့ကလဲ သေတ္တာအနက် တစ်လုံးတည်းကို ဝိုင်းလုမှာသေချာတယ်"

ရှင်းတိသည် ဝမ်ချင်း၏သတိရှိပုံ၊ အစစအရာရာ ကြိုတင်ပြင်ဆင်ထားပုံကို သိလိုက်ရသောအခါ စိတ်ထဲ၌ ကျေနပ်သွား၏။

"အင်း - ဒါကြောင့်လဲ ဒီလူဟာ ဒီလိုကြီးကျယ်တဲ့ အာမခံဌာနကြီးတစ်ခုလုံးကို ဦးစီးနိုင်တာပဲကိုး၊ ဒီလိုသာ သတိဝီရိယမရှိရင် သူတို့ဆီလာအပ်တဲ့ ပစ္စည်းတွေ သောက်သောက်လဲ ဆုံးရှုံးကုန်တော့မှာပေါ့"

ထိုစဉ် ဝမ်ချင်းက ကြောက်လွှင်အား အရေးတကြီး လှမ်းမှာ၏။

"ညီလေးကြောက်လွှင် ငါတို့ မြင်းပျံအာမခံဌာနရဲ့ စခန်းခွဲတွေရောက်တိုင်း မြင်းဝိဇ္ဇာတင်ရဲ့သတင်းကို စုံစမ်းဖို့အမိန့်ပေးပါ၊ သတင်းရရချင်း နန်ကင်းကို အမြန်အကြောင်းကြားရမယ်လို့ အရေးကြီးအဆင့်အတန်းအဖြစ်အမိန့်ပေးပါ၊ မှတ်မိရဲ့နော်"

ကြောက်လွှင်က ခေါင်းညိတ်ပြလေ၏။

ဝမ်ချင်း၏ ထိုစကားလေးတစ်ခွန်းသည် ရှင်းတိ၏အသည်းနှလုံးအား အလွန်ထိခိုက်သွားစေသည့် စကားကလေးတစ်ခွန်းပင်ဖြစ်တော့သည်။

ရှင်းတိသည် ဝမ်ချင်းအား အလွန်တရာ လေးစားကြည်ညို သွား၏။

ဝမ်ချင်းသည် အပြောနှင့်အဟော အလွန်တရာညီညွတ်လှသည့် ခေါင်းဆောင်ကောင်းပေတကားဟု ရှင်းတိတွေးလိုက်သည်။

"ညီလေးရှင်းတိ ညီလေးဟာ အစ်ကိုကြီးတို့နဲ့ တစ်ပတ်လောက်ပဲ ရင်းနှီးခဲ့ရတဲ့လူပါ၊ ဒါပေမယ့် အစ်ကိုကြီးတို့ဟာ ညီလေးရှင်းတိကို တစ်နှစ်မက တွေ့ကြုံဆက်ဆံရတဲ့လူလို ခင်မင်ခဲ့ပါတယ်၊ အခု - ဂျင်ဆင်ပရဆေးမြစ်ဟာ ဘယ်လောက်အရေးကြီးတယ်၊ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ညီလေးတို့ မှန်းဆရုံနဲ့ သိလောက်ပါတယ်၊ လက်တွေ့အားဖြင့်တောင် ငါ့ညီတို့ကို ထုတ်မပြခဲ့ပါဘူး၊ ဒါကတော့ လုံခြုံသည်ထက် လုံခြုံအောင် စိတ်ချသည်ထက် စိတ်ချ ရအောင် လုပ်တဲ့အစီအစဉ်ပါ၊ အခု ငါ့ညီရှင်းတိကို ဒုတိယခေါင်းဆောင် ကြောက်လွင်နဲ့အတူ တန်းတူတန်ဖိုးပြီး ဒီဆေးမြစ်ကို စောင့်ရှောက်ဖို့ မေတ္တာရပ်ခံပါတယ်၊ အစ်ကိုကြီးအနေနဲ့ကတော့ တခြား အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ ဒီနန်ကင်းမှာပဲ နေခဲ့ရပါမယ်၊ ငါ့ညီတို့ကို စိတ်ချရလိမ့်မယ်လို့ အစ်ကိုကြီးယုံကြည်ပါတယ်"

ကြောက်လွင်က ငြိမ်သက်စွာနားထောင်နေသည်။ ရှင်းတိက ခေါင်းညိတ်သည်။

"စိတ်ချပါ၊ အစ်ကိုကြောက်လွင်လဲ ပါနေတာပဲ ပြဿနာပေါ်လာရင် နှစ်ယောက်စလုံးတိုင်ပင်ပြီး စောင့်ရှောက်သွားကြမှာပါ"





ဝမ်ချင်းက ခေါင်းညိတ်ပြီး -

"ကောင်းတယ်၊ ကဲ - ခရီးစဖို့ ပြင်ဆင်ကြပေတော့"

အာမခံဌာန သိုင်းဆရာများသည် မြင်းရထားတစ်စီးစီ၌ သေတ္တာတစ်လုံးစီ တင်ကြသည်။ အားလုံး အဆင်သင့်ဖြစ်သောအခါ မြင်းရထားများ စတင်ထွက်ကြသည်။

အာမခံဌာနမှ သိုင်းဆရာဆယ့်လေးယောက်၊ ကြောက်လွင်နှင့် ရှင်းတိကိုပါ ပေါင်းသော် စုစုပေါင်းဆယ့်ခြောက်ယောက်၊ သူတို့အားလုံး ဂျင်ဆင်ပရဆေးမြစ်ကို စောင့်ရှောက်မည့်သူများဖြစ်သည်။

ဝမ်ချင်းသည် မြင်းပျံအာမခံဌာနရှေ့ ခြံတံခါးဝ၌ မတ်တပ်ရပ်ရင်း ကျန်ရစ်ခဲ့လေ၏။

## အခန်း(၉)

# တစ်ခေတ်တစ်ယောက်သိုင်းသမား

မြင်းပျံအာမခံဌာန၏အလံသည် တလူလူလွင့်နေ၏။ နီရဲသော ကြက်လျှာစွန်းအလံပေါ်၌ မြင်းပျံတံဆိပ်ပုံရှိနေသည်။ ဤအလံကို မြင်းဝိဇ္ဇာတင်ရိက တည်ထွင်ခဲ့သဖြင့် ဤသို့ မြင်းပျံပုံရှိနေရခြင်း ဖြစ်သည်။

သူတို့သည် မြို့ပေါင်းများစွာ၊ ကျေးရွာပေါင်းများစွာကို ဖြတ်ကျော်ခဲ့ကြသည်။ မည်သည့်အနှောင့်အယှက် အတားအဆီးမျှ မတွေ့ကြရချေ။

သို့ရာတွင် တောင်ယုရေကန်ကြီး၏ နံဘေးသို့ရောက်ရှိလာသည့်အခါတွင်မူ အစီးနှစ်ဆယ်မျှသောမြင်းများ သူတို့ထံသို့ ဒုန်းစိုင်းလာကြောင်း တွေ့လိုက်ကြရသဖြင့် ကြောက်လွင် ရင်ထိတ်သွားသည်။ မကြာမီပင် ထိုမြင်းစီးသမားများ သူတို့ရှိရာသို့ ရောက်လာ၏။





ကြောက်လွင်သည် သူ့မြင်းကိုအသော့နှင်ပြီး အလံကိုင်သိုင်းသမား၏ရှေ့၌ သွားရပ်နေလိုက်သည်။

ဒုန်းစိုင်းစီးလာသည့် မြင်းစီးသမားများသည် အနက်ရောင်သိုင်းဝတ်စုံများ ဝတ်ဆင်ထားကြ၏။

ထိုသူများထဲမှ ခေါင်းဆောင် ဖြစ်သူသည် ကြောက်လွင်ကို မြင်သောအခါ သိကျွမ်းနေဟန်ဖြင့် ယာဘက်လက်ကို မြှောက်၍ နှုတ်ဆက်လိုက်၏။

“ဟာ - ဒုတိယတာဝန်ခံချုပ်ကိုယ်တိုင် စောင့်ရှောက်လာတာကိုး၊ မြင်းရထားတန်းကြီးမြင်တာနဲ့ ကျွန်တော်တို့ဆရာကြီးက စုံစမ်းဖို့ စေလွှတ်လိုက်တာပါ”

စင်စစ် ထိုစကားမှာ သစ္စာစကားမဟုတ်ချေ။

အကယ်၍ မြင်းပျံအာမခံဌာနမဟုတ်ဘဲ အခြားအာမခံဌာနတစ်ခုခုဖြစ်နေပါက ထိုသူများသည် မုချ လုယက်တိုက်ခိုက်ကြပေလိမ့်မည်။

ကြောက်လွင်က ပြန်လည်နှုတ်ဆက်လိုက်၏။

“ဆရာကြီးကော ကျန်းခန့်သာလို့မာရဲ့လား’

“မာပါတယ်ခင်ဗျာ၊ ဆရာကြီးကို ဘာများမှာကြားပေးရဦးမလဲ”

"ဩော် - အပြန်ခရီးကျရင်တော့ ဆရာကြီးဆီဝင်ပြီး ဂါရဝ ပြုပါဦးမယ်လို့ မှာကြားပေးပါ၊ အခုတော့ တာဝန်ရှိနေသေးလို့ အချိန်ရခိုက် ခရီးနှင်ရပါဦးမယ်"

"ကောင်းပါပြီ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ဝတ်စုံနက် မြင်းစီးသမားများသည် မြင်းကို ဒုန်းစိုင်းစီးကာ ထွက်သွားကြ၏။

ကြောက်လွှင်က ရယ်၍ပြောသည်။

"ညီလေး - အနီရောင်ရေနဂါးဆိုတာကို ကြားဖူးသလား"

"မကြားဖူးပါဘူး အစ်ကို"

"ဒီနယ်မြေဟာ အနီရောင်ရေနဂါးရဲ့နယ်မြေပဲ၊ သူဟာ အောက်လမ်းဂိုဏ်းသားတစ်ဦးကွ၊ အခု အစ်ကိုတို့ကို ဘာမှရန် မပြုဘဲ ထွက်သွားတာ ဘာကြောင့်လဲဆိုတာသိရဲ့လား"

"မသိဘူးအစ်ကို၊ ဘာဖြစ်လို့လဲ"

"ဟား - ဟား - စား - အဲဒါ ညီလေးပါလို့ကွ၊ အစ်ကိုတို့က ဒီအကွက်ကိုကြိုမြင်ပြီးသားပါ၊ ရှေ့ဆုံးက အစ်ကိုနဲ့နှုတ်ဆက်တဲ့လူ ဟာ အနီရောင်ရေနဂါးရဲ့လက်ရုံး ကျန်စစ်ပဲ၊ သူက ညီလေးကို ကောင်းကောင်းအကဲခတ်သွားတယ်၊ ပထမ အတားအဆီးတစ်ခု တော့ အေးသွားပြန်ပြီပေါ့ကွာ"





ရှင်းတိက နားမလည်နိုင်စွာ မေးလိုက်သည်။

"သူတို့က အစ်ကို့ကို ကောင်းကောင်းကြီးသိနေတာပဲ၊ ဘာဖြစ် လို့ ရန်ပြုမှာလဲ"

"ဟား - ဟား - ဟား အာမခံဌာနမှာ တာဝန်ထမ်းဆောင် နေရတဲ့လူတွေအဖို့တော့ ဒါတွေရိုးနေပြီညီလေးရ၊ သူတို့မနိုင်ဘူး ထင်ရင် အပြုံးနဲ့နှုတ်ဆက်သွားတာပဲ၊ သူတို့နိုင်မယ်ထင်ရင်တော့ တစ်ယောက်မှ အသက်ရှင်လျက်မထားရစ်ဘူး၊ သိတာမသိတာက အရေးမဟုတ်ပါဘူး"

ကြောက်လွှင်သည် ရယ်မောနေရာမှ ရုတ်တရက် တည်ကြည် သွား၏။

"အောက်လမ်းဂိုဏ်းသားတွေကတော့ ညီလေးရဲ့နာမည် သတင်းကိုကြားပြီး ရှောင်ထွက်သွားချင်သွားလိမ့်မယ်၊ ဒါပေမယ့် အထက်လမ်းဂိုဏ်းသားတချို့နဲ့ တစ်ကိုယ်တော်သိုင်းသမားတစ်ချို့ ကတော့ အစ်ကိုတို့ကို ရှောင်မှာမဟုတ်ဘူး၊ သူတို့ကို သတိထားကြ ရလိမ့်မယ်"

ကြောက်လွှင်သည် နောက်မှမြင်းရထားတန်းကြီးကို စတင် ထွက်ခွာရန် အချက်ပြလိုက်ပြီး ရှင်းတိနှင့်အတူ ရင်ဘောင်တန်း လျက် မြင်းကိုဒုန်းစိုင်းစီးနင်းလေတော့၏။

သူတို့သည် မရပ်မနား ခရီးဆက်ခဲ့ကြရာ နောက်ဆုံး စန်းတုံ

ပြည်နယ်၏ နယ်စပ်ကျေးရွာကလေးများသို့ ရောက်ရှိလာကြတော့သည်။ မကြာမီ စန်းတုံပြည်နယ်အတွင်းရှိ လင်မြို့ကလေးသို့ ဆိုက်ရောက်လာတော့သည်။

ထိုမြို့သည် မြင်းဖျံ့အာမခံဌာနအတွက် စိမ်းသောမြို့ကလေးမဟုတ်ပေ။ သူတို့ မကြာခဏ ဖြတ်သွားဖြတ်လာလုပ်ခဲ့ဖူးသောမြို့ကလေးဖြစ်သည်။

မကြာခဏလည်း စတည်းချခဲ့ကြဖူးသည်။

ကြောက်လွှင်သည် သူတို့ အမြဲတမ်း စတည်းချခဲ့ဖူးသည့် တည်းခိုဆောင်တစ်ခုရှေ့၌ သူတို့၏မြင်းရထားတန်းကြီးကို ရပ်တန့်စေလိုက်သည်။

တည်းခိုဆောင်အတွင်းမှ အလုပ်သမားလူငယ် တစ်ဦး ပြေးထွက်လာ၏။

ကြောက်လွှင်က လှမ်းမေးလိုက်သည်။

"ဟေ့ - ဒီမြို့မှာ လူအဝင်အထွက် ဘယ့်နှယ်နေသလဲ"

"ဟာ - လူဝင်လူထွက်တော့ အတော်များတယ်၊ ဆရာတို့လို အာမခံဌာနကလူတွေတော့ မဟုတ်ပါဘူး၊ တစ်ကိုယ်တော် သိုင်းသမားတွေ များပါတယ်"

ကြောက်လွှင် စိတ်လေးသွားသည်။ မြို့တစ်မြို့၌ လူအဝင်





အထွက်များခြင်းသည် ကောင်းသောအလားအလာမဟုတ်ပေ။ အထူးသဖြင့် မိမိတို့ရောက်လာချိန်နီးမှ လူအဝင်အထွက် ပိုများလာလျှင် ပို၍စိုးရိမ်စရာကောင်းသည်။

သို့သော် မိမိတို့မှာ ကျားမြီးကိုဆွဲမိသူများကဲ့သို့ ဖြစ်နေသည်။ ယခုမှ ရှောင်၍မရတော့ပြီ။

"ဟင်း - မီးစင်ကြည့်ကရမှာပဲလေ"

ကြောက်လွှင်သည် မြင်းရထားများ မြင်းများကို တည်းခိုခြံဝင်းအတွင်း သွတ်သွင်းရန် အမိန့်ပေးလိုက်၏။

"ကဲ - အားလုံး ဒီမှာပဲနားကြမယ်၊ နောက်နေ့မှ ခရီးဆက်ထွက်ကြမယ်၊ သတိဝီရိယတော့ မလွှတ်ကြစေနဲ့၊ အားလုံးနိုးနိုးကြားကြားရှိကြ"

ကြောက်လွှင်သည် ရှင်းတိကိုခေါ်ကာ စားသောက်ခန်းထဲသို့ ဝင်ကြသည်။ သူသည် အလွန်တရာသတိရှိသူဖြစ်၍ ခန်းမထဲရှိ စားသောက်နေသူများအား မျက်လုံးတစ်ချက်ဝေ့၍ အကဲခတ်လိုက်၏။ သိုင်းသမားနှင့်တူသူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမနေပါချေ။

ဆိုင်လုလင်တစ်ယောက် ရောက်လာသဖြင့် စားသောက်ဖွယ်ရာများကို မှာကြားလိုက်သည်။ ထိုဟင်းလျာများကိုစားရင်း ကြောက်လွှင်က ခရီးစဉ်အခြေအနေကိုရှင်းပြနေသည်။ အာမခံဌာနများ ခရီးထွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့်

အသက်လုတိုက်ပွဲများအကြောင်း ပြောပြနေသည်။

သူတို့နှစ်ယောက် စားသောက်ပြီးစီးလုအချိန်တွင် ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာ၏။ ဆူဆူညံညံ စကားပြောနေကြသည့် လူအားလုံး မီးကိုရေနှင့်ငြိမ်းသတ်လိုက်သလို ရှဲခနဲ ငြိမ်သက်သွားသဖြင့် သတိရှိသောကြောက်လွင်သည် ရုတ်တရက် ခေါင်းထောင်ကြည့်လိုက်မိသည်။

သူ့မျက်နှာမှာ ရုတ်ခြည်း ဖြူရော်သွားတော့ သည်။

ရှင်းတီသည် သိုင်းလောက၏ သဘာဝကို သိပ်သိသေးသူ မဟုတ်ပေ။

သူ့ရှေ့၌ထိုင်နေသည် ကြောက်လွင်သည် ရုတ်တရက် စကားပြောရပ်ပစ်လိုက်ပြီး မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားသည်ကို တွေ့လိုက်ရသောအခါ သူ့စိတ်ထဲ၌ အထူးအဆန်းဖြစ်သွားမိသည်။

"အစ်ကို - ဘာဖြစ်လို့လဲ"

"ရှူး - တိုးတိုး -"

ရှင်းတီသည် တစ်စုံတစ်ခု အရေးကြီးလာပြီကို သိလိုက်သဖြင့် ကြောက်လွင် ကြည့်ရှုနေသည့်နေရာကို လိုက်လံကြည့်ရှုလိုက်လေသည်။

အခန်းဝ၌ အနက်ရောင်ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားသည့် လူတစ်ယောက်ရပ်နေသည်။

ထိုလူ၏မျက်နှာ၌ သွေးမရှိသလို ဖြူဖွေးနေသည်။





ထိပ်တန်း သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း မပြောဘဲနှင့် သိနိုင်သူဖြစ်သည်။

ထိုလူသည် ရှင်းတီကို စူးစူးရဲရဲကြည့်ပြီးနောက် ရှင်းတီတို့၏ စားပွဲရှိရာသို့ တစ်လှမ်းချင်းလျှောက်လာသည်။ လွတ်နေသည့်ခုံတစ်လုံး၌ ဝင်ထိုင်လိုက်သည်။

ရှင်းတီ၏စိတ်ထဲ၌ ထောင်းခနဲဖြစ်သွား၏။ သို့သော် ကြောက်လွင်ကိုကျော်ပြီး ဘာမှမလုပ်လိုသဖြင့် ကြောက်လွင်အား အကဲခတ်လိုက်မိသည်။

အလွန်တရာ အနေအထိုင်ကျဉ်းကြပ် နေပုံရသော ကြောက်လွင်အားတွေ့လိုက်ရသောအခါ ရှင်းတီမှာ အကြီးအကျယ် အံ့ဩသွားမိလေတော့သည်။

ကြောက်လွင်သည် ရှင်းတီအား တစ်ချက်လှမ်းကြည့်ပြီး စားလက်စစားသောက်ဖွယ်ရာများကို မေးငေါ့ပြလိုက်သည်။

လက်ကျန် များကို မြန်မြန်ရှင်းပစ်လိုက်ဟူသည့် သဘောသာရည်။ ထိုအချက်ပြသဘောမှာ စားသောက်ပြီးသည်နှင့် ဤစားသောက်ခန်းအတွင်းမှ မြန်မြန်ထွက်ခွာကြမည်ဟူသည့် သဘောပင်ဖြစ်တော့သည်။

ရှင်းတီသည် အလွန်တရာအံ့ဩနေသော်လည်း ဤလိုနေရာမျိုး၌ အချည်းနှီး မေးခွန်းထုတ်မနေသင့်ကြောင်း နားလည်သဖြင့်

စားစရာများကိုသာ အပြီးသတ် စားသောက်လိုက်ကြသည်။ ထို့နောက် ငွေဒင်္ဂါးများကို စားပွဲခုံပေါ် ချထားလိုက်ပြီး နှစ်ဦးသား မတ်တတ်ထလိုက်ကြ၏။

"ဖြန်း - "

"ဒါက ဘယ်လဲ"

ဝတ်ရုံနက်နှင့်လူသည် စားပွဲခုံကို ဖြန်းခနဲရိုက်ချပြီး ကြောက်လွင်အား မာမာတင်းတင်းပင် မေးခွန်းထုတ် လိုက်လေတော့သည်။

ကြောက်လွင်မှာ ပို၍ မျက်စိမျက်နှာပျက်သွား၏။

ရှင်းတိကမူ ရင်ထဲ၌ မခံချင်စိတ်များ တလိပ်လိပ်တက်လာသည်။

သို့သော် သူသည် ကြောက်လွင်၏အမူအရာကိုကြည့်၍ လုပ်ရှားနေရသူဖြစ်သဖြင့် လွန်လွန်ကျူးကျူး ဘာမှမဆက်ဆံနိုင်ပေ။

ကြောက်လွင်မှာ စားပွဲခုံမှထွက်မသွားနိုင်ဘဲ ငူငူကြီးရပ်နေမိ၏။

လူစိမ်းက -

"ဘာသဘောလဲကွ၊ ငါမေးတာကိုမဖြေဘဲ ဘာဖြစ်လို့ ကျောက်ရုပ်ကြီးတွေလို ရပ်နေရတာလဲ"





"အစ်ကိုကြောက်လွင် သွားကြမယ်လေ"

ရှင်းတိသည် စားပွဲခုံမှခွာကာ ကြောက်လွင်၏ဘေး၌ သွားရပ်လိုက်၏။

လူစိမ်းက အေးစက်သောမျက်လုံးများဖြင့် ရှင်းတိကိုစိုက်ကြည့်ရင်း -

"မင်းက ဘာလုပ်ဝါးဝတာလဲ၊ ငါမေးနေတာကိုမဖြေဘဲ ထွက်သွား ကြမလို့လုပ်တာဟာ ငါ့ကို တမင်ပမာမခန့်လုပ်တာပေါ့၊ ဒီလို ထွက်သွားလို့ရရိုးလား"

ကြောက်လွင်က လူစိမ်းအား လေးစားစွာပြောလိုက်သည်။

"ကျွန်တော်တို့မှာ စီစဉ်စရာကလေးတွေရှိသေးလို့ ခွင့်ပြုပါလို့ တောင်းပန်ပါတယ်"

"ဘာမှတောင်းပန်မနေနဲ့၊ ငါ ဘယ်သူဆိုတာ မင်းမသိဘူးလား၊ တခြားဘယ်သူသိသိ မသိသိ မင်းလို အာမခံဌာနတာဝန်ခံ တစ်ယောက်ကတော့ သိရမယ်ကွ"

"ဟုတ် - ဟုတ်ကဲ့ - သိပါတယ်ခင်ဗျာ၊ အစ်ကိုကြီးဟာ "ထင်တောင်" နဂါးသုံးကောင်ထဲက နဂါးနက် ထိန်ချိုဖြစ်တယ် ဆိုတာ ကျွန်တော်သိပါတယ်"

"အေး - ဒီလိုသိလျက်သားနဲ့ မင်းကငါ့ကို ဘာဖြစ်လို့ ပမာ

မခန့်လုပ်ရတာလဲ"

"ပမာမခန့်လုပ်တာ မဟုတ်ရပါဘူးခင်ဗျာ၊ ကျွန်တော်တို့က တာဝန်နဲ့လာကြတာဆိုတော့ ကျွန်တော့်အာမခံဌာနက သိုင်းဆရာတွေနဲ့ အဆင်ပြေမပြေ သွားပြီးစစ်ဆေးရပါဦးမယ်"

နဂါးနက်ထိန်ချုံက အေးစက်သောလေသံဖြင့် ပြန်ပြောလေသည်။

"မင်းဘယ်သူဆိုတာ ငါသိသလို ငါဘယ်သူဆိုတာ မင်းသိတယ်၊ သိလျက်သားနဲ့ မျက်နှာလွှဲရှောင်ထွက်တယ်ဆိုတာ ပမာမခန့်လုပ်တဲ့သဘောကလွဲလို့ တခြားဘာဖြစ်ရမှာလဲ၊ ဟောဒီမင်းဘေးက ကောင်လေးက ဘယ်သူလဲ၊ အခုတလော တောင်ပိုင်းသိုင်းလောကမှာ နာမည်ကြီးနေတဲ့ ရှင်းတိဆိုတဲ့ကောင်လား"

ရှင်းတိမှာ မောက်မောက်မာမာပြောနေသော နဂါးနက်ထိန်ချုံအား လွန်စွာမြင်ပြင်းကပ်လာသည်။ သူ့နာမည်မပါဘဲ ပြောဆိုနေသည့် စကားများကို အောင့်အည်းသည်းခံလာနိုင်ခဲ့သော်လည်း သူ့နာမည်ပါလာသောအခါတွင်မူ လုံးဝသည်းမခံနိုင်တော့ပေ။

သူသည် နဂါးနက်ထိန်ချုံနှင့် မျက်နှာချင်းဆိုင်နေရာ၌ ရပ်လိုက်သည်။

"ခင်ဗျားစကားပြောတာက မောက်မာလွန်းတယ်၊ ကျုပ်တို့က ပြေရာပြေကြောင်း တောင်းတောင်းပန်ပန် ပြောနေလျက်နဲ့ ခင်ဗျား





က အထက်စီးလေသံက တစ်ပြားသားမှမလျှော့ဘဲနဲ့ ကျုပ်တို့ကို သူငယ်နှပ်စားကလေးတွေလို ဆက်ဆံနေတယ်၊ ခင်ဗျားကိုယ်ခင်ဗျား ဘာထင်နေလို့လဲ၊ ကျုပ်ကတော့ ခင်ဗျားဟာခင်ဗျား နဂါးနက်မကလို့ နဂါးနီပဲဖြစ်ဖြစ်၊ နဂါးစိမ်းပဲဖြစ်ဖြစ် လုံးဝဂရုမစိုက်ဘူးဗျ"

ကြောက်လွင် မတားမြစ်နိုင်မီမှာပင် ရှင်းတိက နဂါးနက်ထိန်ချုံအား ပြတ်သားစွာပြောချလိုက်ရာ ကြောက်လွှင်မှာ နောက်သို့ ခြေတစ်လှမ်းပင် ဆုတ်ခွာသွားမိလေ၏။

နဂါးနက်ထိန်ချုံ၏ ဖြူဖွေးနေသောမျက်နှာမှာ တဒင်္ဂအတွင်းမှာပင် သွေးရောင်တရဲရဲတက်လာ၏။ အေးစက်သည်ဟု ထင်ရသော မျက်လုံးများကလည်း တပြောင်ပြောင် တလက်လက်အရောင် တောက်ပလာသည်။

'ထင်တောင်' မှ နဂါးသုံးကောင်ဟူသည်မှာ နှယ်နှယ်ရရသိုင်းသမားများမဟုတ်ပေ။

သိုင်းပညာထက်မြက်သည်နှင့်အမျှ ရိုင်းစိုင်း ကြမ်းကြုတ်လှသဖြင့် သိုင်းလောကသားများသည် တတ်နိုင်သမျှ သူတို့အားဝေးဝေးမှရှောင်ကြသည်။

'နဂါးသုံးကောင် ဝေးဝေးရှောင်' ဟူသောစကားသည် နဂါးသုံးကောင်နှင့်ပတ်သက်၍ သိုင်းလောကသားများသုံးစွဲကြသည့် လက်သုံးစကားဖြစ်သည်။

ကြောက်လွင်သည် တကယ်တမ်းအားဖြင့် သတ္တိအရာ၌ ညံ့လှသူမဟုတ်ပါ။

သို့သော်လည်း နဂါးသုံးကောင်နှင့် ပတ်သက်လာလျှင် မူ နောင်တော့်နောင်တော်ကြီးများ၏ ထုံးကိုနှလုံးမူလျက် ဝေးဝေးက ရှောင်ကြဉ်လိုသူဖြစ်သည်။

အကယ်၍ ပြဿနာဖြစ်လာပါက အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်လာလျှင် မြင်းပျံအာမခံဌာနပင် ပျက်စီးရမည် မဟုတ်ပါလား။

နဂါးနက်ထိန်ချုပ်သည် သိုင်းလောက၌ အတော်လေးလေးစားခံခဲ့ရသူဖြစ်၏။ သူ့အား ဤသို့ မည်သူကမျှ ရင့်ရင့်သီးသီး မဆက်ဆံခဲ့ဖူးပေ။ ဆက်ဆံချင်းဆက်ဆံလျှင် သူကသာ ဤသို့ဆက်ဆံလေ့ရှိခဲ့ရာ ယခုအခါ သူ့အသည်းနှလုံးထဲ၌ အမုန်းမီးတောက်များ တညီးညီး တောက်လောင်လာလေတော့၏။

"မင်းဟာ - ရှင်းတီဆိုတာ သေချာပြီပေါ့"

"ဟုတ်တယ် - ကျုပ်နာမည် ရှင်းတီပဲ"

"ကောင်းပြီ -"

နဂါးနက်ထိန်ချုပ်သည် ကြောက်လွင်ဘက်သို့ မျက်နှာမူလိုက်၏။





"ငါဟာ ပထမတုန်းက ရှင်းတီဆိုတဲ့ကောင်နဲ့ သိုင်းပညာ ကြိုက်ဖို့ လာခဲ့တာပဲ၊ အခုတော့ ရည်ရွယ်ချက်တစ်မျိုးပြောင်းသွားပြီ၊ ရှင်းတီနဲ့လည်း သိုင်းပညာပြိုင်မယ်၊ မင်းတို့မြင်းပျံအာမခံဌာနက ယယ်ဆောင်လာတဲ့ ပရဆေးမြစ်ကိုလည်းလုမယ်၊ အေး - တစ်ခု တော့ရှိတယ်၊ ရှင်းတီက ငါ့ကိုနိုင်သွားရင်တော့ မင်းတို့အားလုံး ဘေးကင်းရန်ကင်း သွားနိုင်မယ်"

နဂါးနက်ထိန်ချုပ်သည် ထိုစကားကို ပြတ်သားစွာပြောကြားပြီး ဝုန်းခနဲထကာ စားပွဲမှထွက်ခွာသွားတော့၏။ သူ တံခါးပေါက်ဝသို့ ရောက်သွားသောအခါမှ သမင်လည်ပြန်လှည့်ကာ စကားပြောသည်။

"ဒီနေ့ည ညသန်းခေါင်မှာ လင်မြို့ရဲ့ မြောက်ဘက်အရပ် မြို့ပြင်ကို ငါလာခဲ့မယ်၊ မင်းတို့ အဲဒီကစောင့်နေကြ"

မကြာမီ နဂါးနက်ထိန်ချုပ် ပျောက်ကွယ်သွားလေတော့၏။

နဂါးနက်ထိန်ချုပ် ဝင်လာကတည်းက လုံးဝတိတ်ဆိတ် ငြိမ်သက်သွားသည့် စားသောက်ဆိုင်သည် နဂါးနက်ထိန်ချုပ် ပြန်လည်ထွက် ခွာသွားသည့်အခါမှ လှုပ်လှုပ်ရှားရှား ဆူဆူညံညံဖြင့် ပြန်လည်အသက်ဝင်လာတော့သည်။

ဤအခန်းထဲရှိ စားသောက်နေသူအားလုံးသည် နဂါးနက်ထိန်ချုပ်၏အကြောင်းကို ကြားသိထားဖူးဟန်တူပေသည်။

"ညီလေးရာ"

ကြောက်လွင်သည် ညည်းတွားလျက် မူလထိုင်ခုံ၌ ပြန်လည် ထိုင်ချလိုက်လေ၏။

ရှင်းတိလည်း ပြန်လည်ထိုင်ချရသည်။

ကြောက်လွင်က -

"ညီလေး နဂါးနက်သုံးကောင်အကြောင်းကို ကြားဖူးသလား"

"ဟင့်အင်း - မကြားဖူးပါဘူး"

"အဲဒါပြဿနာပေါ့၊ နဂါးသုံးကောင်ဆိုတာ အောက်လမ်းဂိုဏ်း သားတွေမဟုတ်ပေမယ့် ရက်စက်ကြမ်းကြုတ်တဲ့နေရာမှာတော့ ပြိုင်စံရှားတဲ့လူတွေဖြစ်ပါတယ်၊ နန်ကင်းမှာ ညီလေးတွေ့ခဲ့တဲ့ သိုင်းသမားတွေဟာ အတော်လေးကျော်ကြားတဲ့ ထိပ်သီး သိုင်းသမားတွေဖြစ်တယ်၊ ဒါပေမယ့် အဲဒီသိုင်းသမားတွေဟာ ဒီနဂါးနက်သုံးကောင်ကိုတော့ မယှဉ်နိုင်ကြပါဘူး"

ရှင်းတိမှာ ကြောက်လွင် အလျှော့ပေးလွန်းသည်ထင်သဖြင့် သုန်မှုန်နေရာမှ -

"ဘယ်လိုပဲ သူ့ပညာကသာသာလေ၊ အခုတော့ ကျွန်တော်တို့ ကို ဗလာချီလာပြီး စိန်ခေါ်တာပဲ၊ ဒါတော့ ကျွန်တော်တို့ ငြိမ်ခံနေလို့ မရဘူး"





"မဟုတ်ဘူးညီလေး - ခုကိစ္စက -"

"ဘာမှမပူပါနဲ့ အစ်ကိုကြောက်လွင်ရာ၊ ကျွန်တော့်ကိစ္စ ကျွန်တော်ရှင်းပါ့မယ်၊ နောက်ဆုံးအခြေအနေမဟန်ရင် သူ့ကိုပါ ကျွန်တော်နဲ့အတူ သေရွာကိုခေါ်သွားပါ့မယ်၊ ဒါဆိုရင် အစ်ကိုတို့ အာမခံဌာနကသယ်လာတဲ့ ပရဆေးမြစ်အတွက် ဘေးကင်းရော မဟုတ်လား"

ရှင်းတိသည် စကားဆုံးသည်နှင့် ထိုင်ရာမှထသွားတော့၏။ ကြောက်လွင်မှာ ခေါင်းတယမ်းယမ်းဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

꧁ ꧁ ꧁

စန့်တုံပြည်နယ် 'လင်' မြို့ကလေးမှာ ကြီးကျယ်သောမြို့တစ်မြို့ မဟုတ်ချေ။ ခရီးသွားခရီးလာများ စခန်းချရာ မြို့ကလေးတစ်မြို့ဖြစ်၍သာ ဤမျှအသင့်အတင့် စည်ကားနေခြင်းဖြစ်သည်။

လင်မြို့၏ အစွန်အဖျားများ၌ ပကတိတောအုပ်များသာရှိ၍ လွန်စွာတိတ်ဆိတ်ငြိမ်သက်လှသည်။

ရှင်းတိသည် လင်မြို့၏မြောက် ဘက်အရပ်သို့ သန်းခေါင်ယံမတိုင်မီကပင် ရောက်ရှိနေခဲ့သည်။

သူ့အနေဖြင့် ကြောက်လွင်ကို ခေါ်ဆောင်သင့်သည်မှန်သော်လည်း နဂါးနက်ထိန်ချုံကို အတော်ကလေးအကြောက်လွန်နေသည်ဟု ယူဆမိသဖြင့် တမင် သူ့တစ်ယောက်တည်းထွက်လာခဲ့ခြင်းဖြစ်တော့သည်။

သူ့တွင် 'ကြောက်လွင်' တည်းဟူသောလူ အဖော်ပါမလာသော်လည်း 'ရိထန်' တည်းဟူသော ဓားအဖော်ကား ပါလာခဲ့၏။ သူသည် ဤတောစပ်သို့ထွက်မလာမီ သူ့အခန်းထဲ၌ရှိနေစဉ်က ရိထန်ဓားဖြင့် ဆရာကြီးလောင်စိန်း၏ သိုင်းကွက်များကို လေ့ကျင့်ခဲ့သေး၏။

ထို့ပြင် မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်ကို ရိထန်ဓားဖြင့် ကစားကြည့်သောအခါ မိုးအာကာဓားသိုင်းများသည် ပို၍အကွက်ကောင်းလာသည်ကို အံ့သြစွာတွေ့ရှိရ၏။





ထို့သော် ရှင်းတိမှာ စိတ်တုန်လှုပ်မှုကိုတော့ ခံစားနေရသည်သာ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဤတစ်ကြိမ် တွေ့ကြုံတိုက်ခိုက်ရမည့် ရန်သူသည် သူ့ဘဝတစ်သက်တာ၌ သိုင်းပညာအကောင်းဆုံးရန်သူ ဖြစ်နေသောကြောင့်ပင်တည်း။

ထို့ပြင် ရှင်းတိသည် သိုင်းပညာထက်မြက်သည်မှန်သော်လည်း၊ တကယ့်တိုက်ပွဲအတွေ့အကြုံ မရှိချေ။

အကယ်၍ သိုင်း ပညာ အရည်အချင်း တူညီနေပါက အတွေ့အကြုံများသည့် ရန်သူ က ရှင်းတိကို အနိုင်ယူသွားမည်မှာ သေချာနေသည်။

ထိုအချက်များကို တွေးမိလိုက်သော ရှင်းတိသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားလေတော့၏။

သူသာ ဤတိုက်ပွဲ ၌ ကျဆုံးခဲ့လျှင် မြင်းဝိဇ္ဇာတင်ရိကို အဘယ်သူက မိမိကိုယ်စား လက်စားချေပေးပါမည်နည်း။ မိမိ၏ ကွဲကွာနေခဲ့သော နှမကလေးအား မည်သို့ ရှာဖွေနိုင်ပါအံ့တော့နည်း။

ပိပိစွဲချစ်နှစ်သက်နေသည့် မိမိအားလည်း တမ်းတစောင့်မျှော်နေရှာမည့် ဇွဲရှင်ထံသို့ အဘယ်ကဲ့သို့ မိမိသွားနိုင်ပါအံ့တော့နည်း။

ရှင်းတိသည် တွေးရင်းတွေးရင်း ဇောချွေးပြန်လာတော့သည်။ သည်တစ်ပွဲသည် သူ့အတွက် သေရေးရှင်ရေး အရေးကြီးလှသောတိုက်ပွဲကြီးဖြစ်ကြောင်း သူသဘောပေါက်လာသည်။

သူသည် စိတ်ကိုအတတ်နိုင်ဆုံးတည်ငြိမ်အောင် ကြိုးစားလျက် သူ၏ရိထန်ဓားကို ဆွဲထုတ်လိုက်သည်။ ကောင်းကင်မှကြယ်များကိုမော့ကြည့်လိုက်သောအခါ သန်းခေါင်ယံအချိန်သို့နီးကပ်နေပြီဖြစ်ကြောင်း သတိပြုတွေ့ရှိမိလိုက်သည်။

ထိုစဉ် တရွှီးရွှီးနှင့်လေတိုးသံထွက်ပေါ်လာသည်။ ရှင်းတိသည် အပေါ်သို့မော့ကြည့်ပြီး အတွေးလွန်နေသဖြင့် ထိုလေတိုးသံကို မကြားပေ။

မကြာမီ သူ့အနီးသို့ လူရိပ်တစ်ခု ရောက်ရှိလာလေတော့၏။

ထိုသူကား ကြောက်လွင်တည်း။

"ညီလေး၊ အစ်ကို့ကို အသိမပေးဘဲ ဘာဖြစ်လို့တစ်ယောက်တည်း ထွက်လာတာလဲ"

"ဘာရယ်မဟုတ်ပါဘူးဗျာ၊ အစ်ကိုအနှောင့်အယှက်မဖြစ်စေချင်လို့ တမင်မခေါ်ဘဲ ထွက်လာခဲ့တာပါ"

ကြောက်လွင်မှာ စိတ်ထိခိုက်သွားသည်။

"ညီလေးနဲ့အစ်ကိုဟာ သွေးသောက်ညီအစ်ကို မဟုတ်





ပေမယ့် သွေးသောက်ညီအစ်ကိုတွေလိုပဲ အစ်ကိုသဘောပေါက်ထားပါတယ်၊ ဘယ်လိုဖြစ်ဖြစ် အစ်ကို့ကိုတော့ ခေါ်သင့်ပါတယ်"

ကြောက်လွင်သည် ထိုစကားဆုံးသည်နှင့် -

"ဟော - လေတိုးသံကြားတယ်၊ နဂါးနက်ထိန်ချုံ လာနေပြီ၊ သတိထား"

ရှင်းတိ၏ အကြောအခြင်များ တောင့်တင်းသွားသည်။

သူ၏ ရိထိန်ဓားကိုလည်း တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ သူ ခုနစ် နှစ်လုံးလုံး လေ့ကျင့်ခဲ့သည့် သိုင်းပညာရပ်များကို ဤည၌ မီးကုန်ယမ်းကုန် အသုံးချရပေတော့မည်။

ပထမဆုံး မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်ကို မှတ်ကျောက်တင်ရပေလိမ့်မည်။ ဒုတိယ ဆရာကြီးလောင်စိန်း၏ ဆန်းလွန်းသဖြင့် ရိုးနေသည်ဟုထင်ရသော ဓားသိုင်းကို မှတ်ကျောက်တင်ရပေလိမ့်မည်။

နောက်ဆုံး မည်သို့မျှမနိုင်တော့ဟုဆိုလျှင် မိုးကြိုး အတွင်းအားကိုထုတ်၍ တိုက်ခိုက်ရပေတော့မည်။ ဒီအတွင်းအားသိုင်းထုတ်၍ တိုက်ခိုက်ရသည့်အဆင့်သို့ ရောက်ရှိလာခဲ့လျှင် သူ၏နိဂုံးချုပ်သည် ကောင်းလိမ့်မည်မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် သူသည် မိုးကြိုးအတွင်းအား၏နောက်ဆုံးအဆင့်အထိ မလေ့ကျင့်ရသေးသောကြောင့်တည်း။

ထိုအချိန်မှာပင် နဂါးနက်ထိန်ချူသည် သူတို့နှစ်ယောက် ရှေ့သို့ ပေါ်ပါးစွာ ခုန်ပျံရောက်ရှိလာလေ၏။ သူ၏ကိုယ်ဖော့ပညာ အလွန်ကောင်းကြောင်း ရှင်းတိရောကြောက်လွင်ပါ အသိအမှတ် ပြုလိုက်ကြရသည်။

ထိန်ချူသည် သူတို့နေ့လည်ကတွေ့ခဲ့သည့်ပုံစံအတိုင်း ဝတ်ရုံ နက်ကြီးကို ခြုံထားသဖြင့် ဖြူဖွေးသော မျက်နှာကွက်ကွက်နှင့် ဖြူဖွေးသော လက်ဖဝါးနှစ်ဖက်ကိုသာ တွေ့ရသည်။ သာမန်အရပ် သား တစ်ဦးဦးသာ ဤပုံစံကိုတွေ့သွားပါက တစ္ဆေသရဲထင်ပြီး လန့်ဖျပ်သွားမည်မှာ သေချာလှတော့သည်။

ထိန်ချူက ချောက်ချားဖွယ်ကောင်းသောအသံဖြင့် ပြောလိုက် ၏။

"ကောင်းတယ် - ဒီနေရာဟာ အင်မတန်လူရှင်းတယ်၊ တခြားလူ ဘယ်သူမှ ဝင်မရှုပ်နိုင်ဘူး၊ သိုင်းပညာပြိုင်တဲ့နေရာဟာ ဒီလို အေးချမ်းတိတ်ဆိတ်ဖို့လိုတယ်"

ကြောက်လွင်သည် နဂါးနက်ထိန်ချူအား ဦးညွှတ်ဂါရဝ ပြုယင်း -

"အစ်ကိုကြီးထိန်ချူခင်ဗျား - အခုကိစ္စမှာ သိုင်းပညာသက် သက် ယှဉ်ပြိုင်တဲ့ပွဲဖြစ်တဲ့အတွက် အနိုင်အရှုံးလောက်သိရရင် ကျေနပ်ပါလို့ ကျွန်တော်ကြားထဲက တောင်းပန်လိုပါတယ်"





ထိန်ချူက အသံနက်ကြီးဖြင့်ရယ်မောလိုက်ရာ ညဥ့်ငှက် အချို့ပင် လန့်ပျံသွားကြလေ၏။

"ဟား - ဟား - ဟား - မင်းနဲ့ဘာဆိုင်လို့ တောင်းပန်တာလဲ၊ သူက မင်းတို့မြင်းပျံအာမခံဌာနက သိုင်းဆရာမို့လို့လား၊ ငါတို့နဂါး ပုံကောင်အကြောင်း မင်းနည်းနည်းမှမကြားဖူးဘူးလား၊ မင်း နောက်ဆုတ်လိုက်"

နဂါးနက်ထိန်ချူ၏ မောက်မာရင့်သီးလှသောစကားများကို ကြားလိုက်ရသဖြင့် ကြောက်လွင်သည် အံကိုတင်းတင်းကြိတ်မိလိုက် သည်။

သို့သော် သူ့အနေဖြင့် ထိန်ချူကို မည်သို့မျှ မယှဉ်နိုင်မှန်း သိသဖြင့် မတတ်သာဘဲ နောက်ဆုတ်ပေးလိုက်ရသည်။

လူလိမ်မာတို့မည်သည် မနိုင်ဝန်ကို မထမ်းကြပေ။ မိမိထက် အင်အား အဆရာထောင် သာသူအား ယှဉ်ပြိုင်ခြင်းသည် ကျောက် တောင်ကို ဦးခေါင်းနှင့်ပြေးတိုက်သူနှင့် တူပေသည်။

အတွေးများစွာ ထွေပြားပြီး သောက များနေသည့်ရှင်းတိ သည် နဂါးနက်ထိန်ချူ၏စကားများကို ကြားလိုက်ရသည်နှင့် ဒေါသ ထောင်းထောင်းထသွားတော့၏။

"နဂါးသုံးကောင်ဟုတ်လား၊ ဘာနဂါးသုံးကောင်လဲ၊ ကျုပ်က

တော့ နဂါးသုံးကောင်မကလို့ အကောင်သုံးဆယ်ပဲလာလာ ဂရု မစိုက်ဘူးဗျ၊ ကျုပ်သိုင်းလောကထဲဝင်ခဲ့တာ မကြာသေးပေမယ့် သိုင်းသမားတော်တော်များများနဲ့ တွေ့ဆုံရင်းနှီးခဲ့ပါတယ်၊ ဝိညာဉ် ရဲတိုက်က မောင်နှမဆိုရင် အင်မတန်ယဉ်ကျေးသိမ်မွေ့ကြတာပဲ၊ ခင်ဗျားတို့ နဂါးတွေကတော့ ငါနှင့်ငါသာ နိုင်းစရာဆိုပြီး မာန်တက် နေတယ်၊ အဲဒီမာန်ကို ကျုပ်ချိုးပစ်မယ်ဗျာ၊ ကုန်ကုန်ပြောမယ်၊ အနိုင်အရှုံးတွေ ဘာတွေညာတွေ မလိုပါဘူး၊ ရှုံးတဲ့လူဟာ လူသေပဲ၊ ကျုပ်တို့ အသေအကြေတိုက်မယ်၊ ခင်ဗျားအနေနဲ့ ကျုပ်ကိုဘာမှ ညှာစရာမလိုဘူး၊ ကျုပ်ဒါပဲပြောမယ်"

ရှင်းတိ၏ရဲရဲတောက်စကားများသည် ကြောက်လွင်ကို ကြက်သီးမွေးညင်း ထသွားစေသည်။ သူ့အနေဖြင့် မည်သို့မျှ ဝင်ရောက် စွက်ဖက်နိုင်စွမ်းမရှိတော့သဖြင့် ဘေးမှရပ်ကြည့်နေရုံမှအပ ဘာမျှ မတတ်နိုင်တော့ပေ။

နဂါးနက်ထိန်ချျမှာလည်း ဆတ်ဆတ်ခါ နာသွားတော့သည်။

"အပြောကြီးတဲ့ကောင်လေး - မင်းကို အကွက်နှစ်ဆယ် အတွင်းမှာ ဒဏ်ရာရအောင် မလုပ်နိုင်တော့ဘူးဆိုရင် ငါ ဒီက အရှုံးပေးပြီး ထွက်သွားတော့မယ်၊ မင်းတို့သယ်လာတဲ့ ပရဆေးမြစ် ကိုလဲ လက်ဖျားနဲ့တောင် မထိဘူးလို့ ကတိပေးတယ်"

ရှင်းတိက ခပ်မာမာပင်ပြောသည်။





"ရပါတယ်၊ ခင်ဗျားကြိုက်သလို စိန်ခေါ်နိုင်ပါတယ်၊ ကျုပ်က တော့ အဆင်သင့်ပဲ"

ရှင်းတိသည် စကားဆုံးသည်နှင့် သူ၏ရိုယိန်မြားကို ရှမ်းခနဲ ချိုးဖျက်လိုက်သည်။ မြားသွား၏ပြောင်လက်မှုသည် ညအမှောင် ထဲ၌ တဝင်းဝင်းတလက်လက် ဖြစ်သွား၏။

မြား၏လှုပ်ရှားမှုကြောင့် ပတ်ဝန်းကျင်ရှိလေထုသည်ပင်လျှင် အေးစိမ့်စိမ့်ဖြစ်သွားတော့သည်။

"ဘုရားရေ - တယ်ကောင်းလိုက်တဲ့ မြားပါလား"

ဤကား နဂါးနက်ထိန်ချျ၏နှုတ်ဖျားမှထွက်ပေါ်လာသော အာမေဋိတ်သံသာဖြစ်ပါလေ၏။

ထိန်ချျသည် ရှင်းတိကို တွေ့မြင်စကတည်းက လုံးဝအထင် မကြီးမိချေ။ သူကသာ အနိုင်ယူနိုင်မည်ဟု စိတ်ချလက်ချ ယုံကြည် ထားခဲ့သည်။ သို့သော် ယခုကဲ့သို့ ထူးခြားလှသောမြားကြီးကို မြင် လိုက်ရသောအခါတွင်မူ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်သွားလေတော့၏။

ဤကဲ့သို့ ထူးခြားသောမြားကြီးမျိုးကို သူ တစ်သက်၌ မမြင်ဖူးကြုံဖူးခြင်းမရှိခဲ့ပေ။

ထိုအချိန်မှာပင် ရှင်းတိသည် သူ့ထံသို့ ခုန်ဝင်လာလေ၏။ မြားကြီး၏ထူးခြားမှုကို ငေးကြည့်နေမိသော နဂါးနက်ထိန်ချျမှာ

အလွန်တရာပေါ့ပါးလှစွာ ခုန်ဝင်လာသော ရှင်းတီကိုတွေ့လိုက်ရပြန်သဖြင့် အကြီးအကျယ် ထိတ်လန့်သွားရပြန်တော့သည်။

"ဟာ - ဒီကောင်လေးရဲ့ကိုယ်ဖော့ပညာက သိပ်ကောင်းနေပြန်ပါကလား"

ထိန်ချျူသည် ရုတ်တရက်ဖြစ်နေသဖြင့် တိုက်ခိုက်ရန်မဆိုထားနှင့် ခုခံရန်ပင် မစဉ်းစားနိုင်ချေ။

ရှင်းတီ၏ဓားချက် လွတ်နိုင်သည့်နေရာအထိ ခုန်ထွက်ရှောင်တိမ်းလိုက်ရသည်။

ပထမတစ်ကွက်၌ပင် ရှင်းတီ၏အခြေအနေ အတော်ကောင်းနေသဖြင့် ကြောက်လွင်သည် သက်ပြင်းကို တိတ်တခိုးချလိုက်မိ၏။

နဂါးနက်ထိန်ချျူသည် သူ၏နောက်ကျော၌ သိုင်းလွယ်ထားသည့်ဓားကို ရှမ်းခနဲဆွဲထုတ်လိုက်ပြီး ရှင်းတီ၏အခြေအနေကို စောင့်ကြည့်နေ၏။

ရှင်းတီသည် ဒုတိယအကြိမ် ခုန်ဝင်သွားသည့်အခါတွင်မူ နဂါးနက်ထိန်ချျူ ခုန်ဝင်လာသည့်အချိန်နှင့် ထပ်တူထပ်မျှ အချိန်ကိုက် တူညီသွားသည်။ ရှင်းတီ၏ဓားသည် ထိန်ချျူ၏ရင်ဝရှိရာသို့ လှစ်ခနဲဝင်သွားသကဲ့သို့ ထိန်ချျူ၏ဓားကလည်း ရှင်းတီ၏ လည်ပင်းအား စလွယ်သိုင်းဖြတ်ချသည်။





ဓားများသည် နှစ်ဦးစလုံး၏သေတွင်းများဆီသို့ တိုးဝင်လာကြရာ နှစ်ယောက်စလုံး ထိတ်ကနဲဖြစ်ပြီး အလုအယက် ရှောင်တိမ်းလိုက်ရသည်။

ဓားများသည် ဦးတည်ချက်များနှင့် အသီးသီးလွဲချော် ထွက်သွားတော့သည်။

ထိုစဉ် ရှင်းတီ၏ညာဘက်ခြေက လျှပ်တစ်ပြက် ပက်ကန်လိုက်ရာ နဂါးနက်ထိန်ချျူမှာ သွေးပျက်လုနီးပါး ထိတ်လန့်သွားပြီး ကိုယ်တစ်ခြမ်းစောင်းကာ ကျွမ်းထိုးရှောင်တိမ်းလိုက်ရလေတော့၏။ ရှင်းတီ၏တိုက်ကွက်မှာ 'သက်တန့်ခါးပတ်'မည်သော သိုင်းကွက်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။

ထိန်ချျူသည် မြေပေါ်သို့ပြန်ကျသည်နှင့် ခြေစုံရပ်ရသည် မဟုတ်ချေ။ မြေကြီးကို ခြေထောက်နှင့်ဆောင့်ပြီး နောက်ကျွမ်းပစ်ပျက်သွားရပြန်သည်။ သူသည် အတွေ့အကြုံရင့်ကျက်သူဖြစ်၍ ရှင်းတီ ထက်ကြပ်မကွာလိုက်လာပြီး တိုက်ခိုက်မည်ကို ကြိုတွက်ကာ ဆက်တိုက်ရှောင်တိမ်းလိုက်ခြင်းဖြစ်သည်။

သို့သော် -

ရှင်းတီသည် အသေအကြေတိုက်ပွဲအတွေ့အကြုံဟူ၍ လုံးဝမရှိသေးသဖြင့် နဂါးနက်ထိန်ချျူအား ဆက်တိုက်လိုက်၍ တိုက်ခိုက်ရကောင်းမှန်းမသိပေ။

သူ့နေရာ၌ ရပ်မြဲရပ်၍ ကြည့်နေသည်။

ထိန်ချျသည် ရှင်းတိငိုက်နေပြီဟု ထင်မှတ်လိုက်သဖြင့် နဂါးပျံ ဓားသိုင်းခုနစ်ကွက်ထဲမှ 'နဂါးဆည်ဆစ်' ဓားသိုင်းကို အသုံးပြုကာ ရှင်းတိထံ ခုန်ပျံဝင်လာ၏။ ရှင်းတိသည် လုံးဝရှောင်တိမ်းခြင်းမရှိဘဲ ထိန်ချျ၏ဓားကို သူ၏ရှိထိန်ဓားဖြင့် ပက်လှန်ထုတ်ပစ်လိုက်သည်။

ထိန်ချျမှာ သည်တစ်ကြိမ်တွင်လည်း အကြီးအကျယ် ထိတ်လန့်သွားရပြန်၏။ သူ့ဓားနှင့်ရှင်းတိ၏ဓား ထိသွားလျှင် သူ့ဓား မုချကျိုးသွားမည်ကို သူသိနေသည်။ လျှပ်စီးလက်သလို ဝင်လာသော ရှင်းတိ၏ဓားကို တွေ့လိုက်ရသောအခါ သူ့ဓားကို ကပျာကယာ ရုပ်သိမ်းလျက် လေထဲမှပင် ကိုယ်တစ်ခြမ်းစောင်း၍ 'နဂါးပျံတောဆင်း' သိုင်းကွက်သုံးကာ ရှောင်တိမ်းသွားရပြန်သည်။

ထိန်ချျနှင့်ရှင်းတိတို့၏တိုက်ပွဲမှာ အလွန်တရာ မြန်ဆန်သည်။ တစ်ဦးနှင့်တစ်ဦး ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားတိုက်ခိုက်နေသဖြင့် ဘေးမှကြည့်ရှုနေသော ကြောက်လွင်မှာ အကွက်တိုင်းကို ကြည့်၍မမြင်ဘဲ ဖြစ်နေရသည်။

ထိုတဒင်္ဂအတွင်းမှာပင် ရှင်းတိသည် ထိန်ချျ၏မျက်လုံး နားထင်နှင့် လည်ပင်းသုံးနေရာဆီသို့ သူ၏ ရှိထိန်ဓားကို ထိုးသွင်းလိုက်သည်။ သုံးချက်ထိုးသွင်းခြင်းဖြစ်သော်လည်း လျင်မြန်လွန်းလှသဖြင့် ဓားချက်တစ်ချက်တည်းသာ ထင်မှတ်ရသည်။





ဓားချင်းထိပ်တိုက် မခုခံဝံ့သော ထိန်ချျသည် ခန္ဓာကိုယ်ကို နောက်သို့လှန်ချလျက် 'နဂါးရစ်ခွေ မြေလျှိုးချေ'ဟူသော သိုင်းကွက်ကို သုံးရပြန်သည်။

သူ၏ နဂါးပျံဓားသိုင်းခုနစ်ကွက်သည် သိုင်းလောက၌ ကျော်ကြားသော သိုင်းကွက်များဖြစ်၏။ ထိုဓားကွက်များကြောင့် အသက်ဆုံးပါးခဲ့သူပေါင်းလည်း မနည်းတော့ချေ။

ယခုသော် ရှင်းတိနှင့်တိုက်ခိုက်ရာတွင်မူ သူ၏ နဂါးပျံဓားသိုင်းခုနစ်ကွက်မှ တိုက်စစ်ဟူ၍ မရှိတော့ဘဲ ခံစစ်သက်သက်ချည်းသာ ဖြစ်နေတော့သည်။

သူ အသက်လုရှောင်တိမ်းရသည့်အခါတိုင်း နဂါးပျံဓားသိုင်းများကိုသာ ထုတ်သုံးနေရတော့သည်။

သူ တစ်ချက်သက်သာနေသည်မှာ ရှင်းတိ၏တိုက်ပွဲအတွေ့အကြုံ မကြွယ်ဝမှုဖြစ်၏။ မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်သည် အမှန်ပင်ကယ် ထက်မြက်ပါ၏။

ယခုသော် သုံးစွဲသူက အကွက်မိမိ မသုံးစွဲနိုင်သောအခါ အချို့အကွက်များ၌ ထိန်ချျအား ဒဏ်ရာရအောင် လုပ်နိုင်ပါလျက် အနာ အရှုံးဖြစ်အောင် ဖုကွမပေးနိုင်ဘဲဖြစ်နေသည်။

သူတို့တိုက်ခိုက်နေသည့် တိုက်ပွဲကို သုံးသပ်ပါက အပေါ်စီးမှ တိုက်ခိုက်နိုင်သူသည် ရှင်းတိဖြစ်ပြီး အောက်စီးမှ အပြည့်အဝ

ခုခံရှောင်တိမ်းနေနိုင်သူမှာ နဂါးနက်ထိန်ချုံ ဖြစ်နေလေ၏။ နဂါးနက်ထိန်ချုံမှာ တိုက်ရင်းခိုက်ရင်း နဖူး၌ချွေးများ သီးလာတော့သည်။ သူ့အဖို့ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ ဖြစ်နေခဲ့ရပြီမဟုတ်ပါလော။

ရှင်းတိသည် သူ၏ရိုထိန်ဓားအား ထိန်ချုံက ထိပ်တိုက်ယှဉ်မခုတ်ရဲကြောင်း သဘောမပေါက်သေးချေ။

သူရရှိသည့် အခွင့်အရေးများကိုလည်း အပြည့်အဝ အသုံးမချနိုင်သေးပေ။

အကယ်၍ သူသာ ထိုအချက်ကို သဘောပေါက်သွားပြီး အသေအကြေတိုက်ခိုက်ပါက နဂါးနက်ထိန်ချုံသည် သူ့အား ဤသို့ တစ်ကွက်တစ်လေပင် ပြန်လှန်တိုက်ခိုက်နိုင်မည်မဟုတ်ချေ။ တပြေးတည်း ပြေးနေရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဘေးမှကြည့်ရှုနေသည့် ကြောက်လွင်အဖို့မူ သူ့တစ်သက်၌ အဆင့်အမြင့်ဆုံးသော သိုင်းပညာပြိုင်ပွဲကြီးကို ကြည့်ရှုနေရခြင်းပင်ဖြစ်တော့သည်။

နဂါးနက်ထိန်ချုံ သိုင်းပညာ ကောင်းသည့်သတင်းနှင့် ရှင်းတိ၏ သိုင်းပညာကောင်းခြင်းကို ကြားသိ၊ တွေ့သိထားခြင်းရှိသော်လည်း ဤသို့အစွမ်းကုန် မီးကုန်ယမ်းကုန် တိုက်ခိုက်ခြင်းမျိုးကိုကား သူ လုံးဝမတွေ့ကြုံဘူးသေးပေ။





သူသည် ကြည့်ကောင်းကောင်းနှင့် ကြည့်နေရာမှ ရှင်းတိနှင့်ထိန်ချုံတို့၏တိုက်ပွဲသည် တိုက်ကွက်ပေါင်း လေးဆယ်မျှကျော်သွားပြီဖြစ်သည်ကို ရုတ်တရက် အမှတ်ရလာလေတော့၏။

"အစ်ကိုကြီးထိန်ချုံ ရပ်တော့၊ ညီလေးရှင်းတိ ရပ်တော့"

ကြောက်လွင်သည် အရေးတကြီး အော်ဟစ်တားမြစ်လိုက်၏။ အလွန်တရာတိတ်ဆိတ်သည့် အကာလညအခါဖြစ်၍ သူ့အော်သံသည် သစ်တောများအတွင်း၌ ပဲ့တင်ထပ်သွားလေတော့၏။

အပြင်းအထန်တိုက်ခိုက်နေကြသည့် ရှင်းတိနှင့်ထိန်ချုံတို့သည် ကြောက်လွင်၏ အရေးတကြီး အော်ဟစ်တားမြစ်သံကြောင့် မိမိတို့၏ ဓားကွက်များကို ရုပ်သိမ်းပြီး အသီးသီးနောက်သို့ ခုန်ဆုတ်လိုက်ကြလေ၏။

ရှင်းတိနှင့်ထိန်ချုံတို့က 'ဘာဖြစ်တာလဲ' ဟူသော မေးခွန်းကို မေးလိုက်သည့်အလား ကြောက်လွင်အား ပြိုင်တူလှမ်းကြည့် မိကြလေ၏။

ကြောက်လွင်က -

"တိုက်ပွဲမစခင်တုန်းက အစ်ကိုကြီးထိန်ချုံ ကတိပေးခဲ့တယ်၊ တိုက်ကွက်နှစ်ဆယ်အတွင်းမှာမှ ညီလေးရှင်းတိကို ဒဏ်ရာရအောင် မလုပ်နိုင်ခဲ့ရင် အရှုံးပေးပြီးထွက်သွားမယ်လို့၊ အခုဆိုရင် တိုက်ကွက်ပေါင်း လေးဆယ်ကျော်နေပါပြီ"

နဂါးနက်ထိန်ချျမှာ ကိုယ့်ရှုးကိုယ်ပတ်၊ ကိုယ့်စကားနှင့်ကိုယ် ငြိကာ ဘာစကားမျှပြန်မပြောနိုင်ဘဲ ဖြစ်သွားလေ၏။ ထို့နောက် ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ကြောက်လွှင်နှင့်ရှင်းတိတို့ကမူ ထိန်ချျကို စောင့်ကြည့်နေကြ၏။

အတန်ကြာသောအခါ ထိန်ချျက ပြတ်သားစွာပြောချလိုက်သည်။

"အေး - ဟုတ်တယ်၊ ငါရှုံးပြီ"

နဂါးသုံးကောင်တို့သည် ခက်ထန်ကြသော်လည်း ဖြောင့်မတ်သောစိတ်ထားရှိကြသည်။ သူရှုံးသည့်အချက်ကို ရဲရဲဝံ့ဝံ့ ဝန်ခံပြောပြီးနောက် အမှောင်ထဲသို့ တစ်ဟုန်ထိုးပြေးဝင် ပျောက်ကွက်သွားလေတော့သည်။

ကြောက်လွှင်သည် အားရကျေနပ်စွာဖြင့် ရှင်းတိ၏ပခုံးကို ဖက်လိုက်သည်။

"ညီလေးရှင်းတိ အစ်ကိုကြီးဝမ်ချင်းပြောခဲ့တဲ့စကားဟာ မမှား ပါဘူး၊ အစ်ကိုကြီးဝမ်ချင်းက ညီလေးကို ကြိုတင်သမုတ်ခဲ့ပါတယ်၊ တစ်ခေတ်တစ်ယောက် သိုင်းသမားတဲ့၊ ဒီစကားထက် သင့်လျော်တဲ့ စကားမရှိဘူးဆိုတာ အစ်ကို ခုပဲ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ပါပြီ၊ ကဲ- သွားကြစို့"

ဖဖဖ



အခန်း(၁၀)

## ပရဆေးမြစ်လုပွဲ

လင်မြို့မှထွက်ခွာလာခဲ့သည့် ရှင်းတိတို့၏မြင်းရထားကြီးသည် လင်မြို့နှင့် ထင်မြို့အကြား တောလမ်းခရီး၌ ရောက်ရှိနေလေ၏။

ကြောက်လွှင်ရော ရှင်းတိပါ စိတ်မသက်မသာဖြစ်နေရသည့်အချက်မှာ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူများသည် မြင်းကိုယ်စီဖြင့် တစ်စုပြီးတစ်စု ဖြတ်ကျော်သွားနေခြင်းပင် ဖြစ်တော့သည်။ ထိုဝတ်စုံနက်များကြောင့် စိတ်မသက်မသာဖြစ်နေရသည့်အထဲ ဝတ်စုံဖြူဝတ်ဆင်သော မိန်းမများက မြင်းကိုယ်စီစီးကာ တစ်အုပ်ပြီးတစ်အုပ် ဖြတ်သန်းသွားကြပြန်သည်။

ဤမျှများပြားသောလူအုပ်ကြီးကို မြင်ရသောအခါ ကြောက်လွင်မှာ သက်ပြင်းသာချမိတော့သည်။

ရှင်းတိ၏သိုင်းပညာသည် အမှန်တကယ်ထက်မြက်ကောင်းမွန်၏။ သို့ရာတွင် ဤမျှများပြားသည့်လူအုပ်ကြီးနှင့်သာ လာရောက် ဝိုင်းဝန်းလုယက်တိုက်ခိုက်လျှင်မူ နောက်ထပ် ရှင်းတိလို လူမျိုး သုံးယောက်လာကူ၍လည်း ခုခံနိုင်မည်မဟုတ်ပေ။

သို့သော် ကြီဖန်၍ သက်သာရာသက်သာကြောင်း တွေးလျှင်မူကား ဖြစ်နိုင်သေးသည်။

အဘယ်ကြောင့်ဆိုသော် အနက်ရောင်ဝတ်သိုင်းသမားများရော အဖြူရောင်ဝတ်သိုင်းသမားများပါ သူတို့၏လှည်းများကို မျက်လုံးတစ်ချက်စွေ၍ ကြည့်မသွားကြခြင်းပင်တည်း။

ကြောက်လွင်သည် မြင်းရထားကိုခေတ္တရပ်တန့်စေလိုက်ပြီး အာမခံဌာနမှ သိုင်းသမားများအား အထူးသတိဝီရိယထားရန် မှာကြားလိုက်သည်။

သိုင်းဆရာများသည် အတွေ့အကြုံများသူများ ဖြစ်ကြသည့်အလျောက် ကြောက်လွင်သတိမပေးမီကပင် အားလုံး ဓားတပြင်ပြင်နှင့် အဆင်သင့်ဖြစ်နေပြီးကြလေပြီ။

ထို့နောက် ခရီးပြန်ဆက်ကြသည်။ မကြာမီ ကြောက်လွင်တို့လူစု မျက်လုံးပြူးစရာအဖြစ်ကို မြင်ရတော့သည်။ ဝတ်စုံနက် သိုင်း





သမားများနှင့် ဝတ်စုံဖြူသိုင်းသမားများသည် တစ်တန်းစီ တန်းစီလျက် နောက်ကြောင်းပြန်လှည့်လာကြသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

ကြောက်လွင်မှအစ အားလုံး ဓားရိုးများကို တင်းကျပ်စွာ ဆုပ်ကိုင်မိကြသည်။

သို့သော် သည်တစ်ကြိမ်တွင်လည်း ထိုလူများသည် မြင်းရထားများကို တစ်ချက်မျှစောင်းငဲ့ကြည့်ခြင်းမရှိဘဲ တစ်ဟုန်ထိုး ဖြတ်ကျော်သွားကြပြန်၏။

ကြောက်လွင်မှာ ဟင်းခနဲ သက်ပြင်းချလိုက်မိတော့သည်။ ဤကဲ့သို့သော အခြေအနေမျိုးကို သူအာမခံဌာန သက်တမ်းတစ်လျှောက်လုံး တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးခဲ့ချေ။ ထိုလူများကိုလည်း တစ်ကြိမ်မျှမမြင်ဘူးခဲ့ချေ။

မည်သို့ပင်ဖြစ်စေ ထိုလူစုက မိမိတို့အား လုံးဝ ရန်သတ္တရုပြုသွားခြင်းမရှိသဖြင့် ထိုလူစုကို ကျေးဇူးတင်လိုက်ရပေသေးသည်။

ဤသို့ဖြင့် ရှေ့ဆက်ခရီးနှင်လာကြရာ အလွန်ကြာရာ သစ်ပင်ထူထပ်သော သစ်တောအုပ်ကြီးတစ်ခု၏အစပ်သို့ ဝင်လာမိကြတော့၏။

ထိုသစ်တောသည် ထင်မြို့အဝင် သစ်တောဖြစ်၍ လူဆိုးလူမိုးများ ကျက်စားရာအရပ်လည်း ဖြစ်ပေသည်။

ကြောက်လွင်တို့သည် သစ်တောအဝင်၌ သတိဝီရိယ ထားကြရပြန်လေ၏။

ကြောက်လွင်က -

"ညီလေးရှင်းတိ ဒီသစ်တောဟာ သစ်ပင်အုပ် သိပ်ပြီးထူထပ်တယ်၊ သစ်ပင်ထူထပ်သလောက် တောပုန်းတွေ၊ ဓားမြတွေလဲရှိတယ် တောပုန်းဓားမြတွေလောက်တော့ အစ်ကိုတို့ရဲ့ အာမခံသိုင်းဆရာတွေက မမှုပါဘူး၊ အဲ-သိုင်းလောကထဲက တစ်ကိုယ်တော် ထိပ်သီးသိုင်းသမားတွေရောက်လာရင်တော့ အခြေအနေက တစ်မျိုးဖြစ် မှာပေါ့လေ"

သူတို့ သစ်တောထဲစဝင်မိသည်နှင့် မြင်းခွာသံများ တဖြောင်းဖြောင်း ကြားလိုက်ရပြီး၊ ရှေ့ဘက်မှ မြင်းစီးသမားတစ်စု၊ နောက်ဘက်မှ မြင်းစီးသမားတစ်စု၊ အစုနှစ်စုခွဲ၍ ညှပ်ပူးညှပ်ပိတ် ဝိုင်းဝန်းပိတ်ဆို့ခြင်းကို ခံလိုက်ကြရတော့သည်။

ကြောက်လွင်တို့လူစုမှာ ရှေ့လည်းတိုးမရ၊ နောက်လည်းဆုတ်မရတော့ဘဲ လုံးဝရပ်တန့်လိုက်ရတော့သည်။ သိုင်းဆရာများသည် အတွေ့အကြုံရင့်ကျက်ကြွယ်ဝသူများဖြစ်၍ မြင်းရထားတစ်စီးလျှင် နှစ်ယောက်ကျ ဘေးကပ်ရပ်လိုက်ကြပြီး သူတို့ဓားများကို ဆွဲထုတ်လိုက်ကြလေတော့၏။

နောက်ထပ် မြင်းခွာသံများ တဖြောင်းဖြောင်းကြားလိုက်ရပြီး





ရန်သူများသည် မြင်းပျံအာမခံဌာန၏မြင်းရထားများကို ထပ်မံဝန်းရံကြပြန်တော့သည်။

ရှင်းတိမှာ အာမခံဌာနများ၏ သယ်ယူပို့ဆောင်ပေးရသည့် လုပ်ငန်းတာဝန်များကို တစ်ကြိမ်မျှ ထမ်းဆောင်ဖူးသူမဟုတ်သည့်အပြင် ဤသို့ လုယက်ခြင်းမျိုးကိုလည်း တစ်ကြိမ်မျှ မခံခဲ့ရဖူးသဖြင့် စိတ်ထဲ၌ အတော်ကြီးအထူးအဆန်းဖြစ်နေသည်။

ထို့ကြောင့်ပင် အာမခံဌာနမှလူများအနက် ဓားကိုဆွဲမထုတ်သူဟူ၍ သူတစ်ယောက်တည်းသာ ရှိနေခြင်းဖြစ်တော့သည်။

ကြောက်လွင်သည် အာမခံဌာန၏ခေါင်းဆောင်ပီသစွာ ရှေ့ဆုံးမှ မားမားမတ်မတ်ရပ်နေ၏။ သူ့လက်ထဲ၌လည်း ဓားက အဆင်သင့်ရှိနေလေပြီ။

ထိုစဉ် သစ်တောအုပ်ထဲမှ လူခုနစ်ဦး မြင်းစီး၍ထွက်လာသည်။ ရှေ့ဆုံးမှဦးဆောင်လာသူမှာ လူ့ဘီလူးကြီးဟု သတ်မှတ်ရမည့်သူ ဖြစ်သည်။

သူ၏ခန္ဓာကိုယ်ကြီး ကြီးမားလှမှုကြောင့် သူစီးလာသည့်မြင်းကြီးပင် သေးငယ်သွားသလိုထင်ကြရလေ၏။

မကြာမီ လူခုနစ်ဦးစလုံး ကြောက်လွင်၏ရှေ့သို့ ရောက်ရှိလာလေတော့၏။ ထိုခုနစ်ဦးအနက် လူလေးဦးကို ကြောက်လွင်ကောင်းစွာသိရှိသည်။

ထို့ကြောင့် မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွား လေတော့၏။

ကြောက်လွင် အဘယ်ကြောင့် ဤသို့ကြောက်ရွံ့သွားရသနည်း။ ထိုလူလေးဦးကား အဘယ်သူနည်း။ နောက်ထပ်သုံးဦးကား မည်သူများနည်း။

ကြောက်လွင်သိသော လူလေးယောက်အနက် လူ့ဘီလူးကြီး၏ အမည်မှာ 'စွန်ရန်' ဖြစ်ပြီး ဒုတိယလူမှာ 'နေစကြာ' ဖြစ်၏။ တတိယနှင့် စတုတ္ထလူနှစ်ယောက်မှာ အမြွှာညီအစ်ကိုကဲ့သို့ ရုပ်ချင်း အလွန်တရာဆင်တူသူများဖြစ်ကြသည့် ဖျိုင်းညီနောင် ကျင်းဖိန်နှင့် ကျင်းချင်တို့ဖြစ်ကြသည်။

ထိုလေးယောက်စလုံး အလွန်တရာ ကြောက်စရာကောင်းသူများ ဖြစ်ကြသည်။ သိုင်းလောက၏ မြွေပွေးမြွေဟောက်များဖြစ်ကြသည်။ မြွေပွေးမြွေဟောက် စစ်စစ်ဖြစ်လျှင်လည်း ကုသစရာဆေး ရှိသေး၏။

ခက်သည်မှာ သူတို့သည် မြွေပွေးမြွေဟောက်များ မဟုတ်ဘဲ မြွေပွေးမြွေဟောက်များလို ဆိုးသွမ်းသည့် အောက်လမ်း ဂိုဏ်း သိုင်းသမားလူဆိုးကြီးများ ဖြစ်နေကြခြင်းပင်တည်း။

ကျန်သုံးယောက်ကိုမူ ကြောက်လွင်လုံးဝမသိချေ။ သို့ရာတွင် လူဆိုးသူဆိုးများနှင့်အတူပါလာသူများဖြစ်၍ ထိုသုံးယောက်မှာ





သူတော်စင်များ လုံးဝမဖြစ်နိုင်ကြောင်း ကြောက်လွင်မှအစ အာမခံ သိုင်းဆရာများအဆုံး အားလုံးသိရှိကြသည်။

လူ့ဘီလူးကြီး စွန်ရန်သည် သူ၏ကြီးမားလှသောပါးစပ်ကြီးကို ဖြဲ၍ ကျယ်လောင်သောအသံကြီးဖြင့် စတင်ပြောကြားလေတော့၏။

"ဒုတိယခေါင်းဆောင်ကြီးကြောက်လွင်ပါလား၊ ဘာဖြစ်လို့ တာဝန်ခံချုပ်ကြီးဝမ်ချင်းကိုယ်တိုင် မပါလာတာလဲ"

"တာဝန်ခံချုပ်ကြီးကိုယ်တိုင် လိုက်မလာတာကတော့ သည့်ပြင် အကြောင်းကိစ္စရှိနေလို့ပါ၊ ဆရာကြီးစွန်ရန်ကော ကျန်းမာပါရဲ့လား"

"ဟား - ဟား - ဟား - ကျုပ်က ကျန်းမာတာကတော့ အမြင်အတိုင်းပါပဲဗျာ၊ ကျုပ်စီးနေတဲ့မြင်းတောင် သေးနေသလိုဖြစ်နေလို့ ကျုပ်တစ်ယောက်တည်း မြင်းနှစ်ကောင်စီးဖို့ စဉ်းစားနေတာဗျ"

"ထားပါတော့ဗျာ၊ ဆရာကြီးစွန်ရန်တို့က ဘာကြောင့်များ ဒီလောက် လူအင်အားများများနဲ့ လာဝိုင်းနေကြတာလဲဗျ၊ ကျုပ်တို့ အာမခံဌာနအနေနဲ့ ဆရာကြီးတို့နဲ့ ဘာမှအမှားအယွင်းမလုပ်မိခဲ့ပါဘူးဗျာ"

ထိုစဉ် နေစကြာကဝင်ပြောလာ၏။

"မိတ်ဆွေကြီး ဘာဖြစ်လို့ အချိန်ဖြုန်းနေရတာလဲဗျာ၊ အရေးကြီးတဲ့လုပ်ငန်းမစခင်၊ ဟောဒီကမိတ်ဆွေများနဲ့လဲ ဒုတိယတာဝန်ခံကြီးကို မိတ်ဆက်ပေးလိုက်ပါဦးဗျ"

လူ့ဘီလူးကြီးစွန်ရန်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး -

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့၊ ဒီပထမဆင့် မိတ်ဆက်ပြီးမှ ဒုတိယဆင့် အလုပ်သဘောဆောင်ရွက်နိုင်မှာကိုးဗျ၊ ဟော ဟောဟိုမိတ်ဆွေကြီးကိုကြည့်ပါ"

သူသည် သမင်ရေလက်အိတ်စွပ်ထားသည့်ပိန်ပိန်ပါးပါးလူကို လက်ညှိုးညွှန်ပြလိုက်၏။

"သူက အဆိပ်ခုနစ်မျိုးထိန်လုတဲ့၊ ကြားဖူးရဲ့လား"

ကြောက်လွင်သည် သွေးဆုတ်ဖြူရောသောမျက်နှာဖြင့် ခေါင်းညိတ်ပြလိုက်၏။

လူ့ဘီလူးကြီးစွန်ရန်က အရပ်အမောင်းကောင်းလှသည့် လူကြီးတစ်ဦးကို ညွှန်ပြပြန်၏။

"သူကတော့ တောပုန်းကြီး ကျောက်ဖိန်းပဲ၊ ကျောက်ဖိန်းဆိုလို့ ဒုတိယကာဝန်ခံကြီးရဲ့ ညီအစ်ကိုလို့လဲ ထင်မသွားပါနဲ့ဦးနော်၊ ဟဲ - ဟဲ - ဟဲ၊ ကျောက်ဖိန်းက ခင်ဗျားနဲ့ နည်းနည်းမှညီအစ်ကိုတော်ချင်တဲ့လူမဟုတ်ဘူးဗျ"





စွန်ရန်သည် သတ္တုမကြောက် ပိန်ပိန်ပါးပါးအဘိုးအိုကို ညွှန်ပြပြန်သည်။

"သူကတော့ သေမင်းတမန်ရှောင်ဟိုးပါ၊ သူနဲ့တွေ့တဲ့သူတိုင်းသူ့ကို သေမင်းနဲ့တွေ့ရသလို အောက်မေ့ကြတယ်၊ တကယ်တော့ သူက သေမင်းအစစ်မဟုတ်ပါဘူး၊ သေမင်းကလွှတ်လိုက်တဲ့ ကိုယ်စားလှယ်ပါ၊ ဒါကြောင့် သေမင်းတမန်ရှောင်ဟိုးလို့ ခေါ်ကြတာပါ"

ကြောက်လွင်မှာ အလွန်တရာ စိတ်ဓာတ်ကျသွားတော့သည်။ ပထမလေးယောက်နှင့်ပင် စိတ်ဓာတ်ကျနေရသည့်အထဲ နောက်ထပ် သုံးယောက်အကြောင်း ကြားသိလိုက်ရသောအခါ တစ်ကိုယ်လုံး နုံးခွေသွားတော့သည်။

ဤပုံစံအတိုင်းဆိုပါမူ သူတို့သည် ပရဆေးမြစ်ကို ဆုံးရှုံးရမည့်ကိန်း ဆိုက်ပေတော့မည်။

ရှင်းတိကမူ ဤလူခုနစ်ယောက်အကြောင်းလည်း မကြားဖူးပေ၊ ကြောက်လည်းမကြောက်ပေ။

သို့သော် လူအင်အားနှင့် ဖိတိုက်လျှင် သူတို့ထိုဆယ့်ခြောက်ယောက်အဖို့ မည်သို့မျှ ခံနိုင်မည် မဟုတ်ကြောင်းကိုတော့ သူကောင်းစွာသဘောပေါက်ပေသည်။

ထိုစဉ် သမင်ရေလက်အိတ်စွပ်ထားသည့် အဆိပ်ခုနစ်မျိုးထိန်လုက ရှင်းတိအားမေးငေါ့ပြပြီး ကြောက်လွင်ကို လှမ်းမေးလိုက်

လေ၏။

"သူကတော ဘယ်သူလဲဗျ၊ သူကြည့်ရတာ အာမခံဌာနက သိုင်းဆရာတွေနဲ့မတူဘူး"

ကြောက်လွင်သည် ထိုမေးခွန်းကြားလိုက်ရသောအခါ တအားတက်သွားသည်။ ရှင်းတိ၏သတင်းသည် တောင်ပိုင်းသိုင်းလောက၌ အတော်ကလေးကျော်ကြားနေ၏။ အကယ်၍ ဤခရီးစဉ်၌ ရှင်းတိ လိုက်ပါတာဝန်ယူကြောင်း ကြားသိသွားလျှင် ဤအောက်လမ်းသိုင်း သမားကြီးများ ဖြုံသွားကောင်း ဖြုံသွားလိမ့်မည်ဟု မျှော်လင့်လိုက်မိသည်။

ကြောက်လွင်က -

"နောင်ကြီးတို့က သူ့ကိုမသိကြဘူးလား၊ ဟုတ်ပါရဲ့ဗျာ၊ ကျုပ်ကလဲ မိတ်ဆက်ပေးဖို့ မေ့နေမိပါတယ်၊ သူကတော့ မိုးအာကာဓားသမား ရှင်းတိပါပဲ"

သိုင်းသမားကြီးခုနစ်ဦး၏မျက်လုံးများက ရှင်းတိကို ဝိုင်းကြည့် ကြသည်။ အတော်ကလေး စိတ်ဝင်စားသွားကြသည်။

"ဩော် - ရှင်းတိဆိုတာ ဒီချာတိတ်ကိုး"

နေစကြာ၏မှတ်ချက်ချသံဖြစ်သည်။

လူဘီလူးကြီးစွန်ရန်ကမူ -





"ငယ်လှချည်လားကွ၊ ဒီလောက်ငယ်ငယ်ကလေးနဲ့ ဒီလောက်ကျော်ကြားတာ ဟုတ်နိုင်ပါ့မလား"

ထိန်လုက ရုတ်တရက်မေးလိုက်၏။

"ဒါဖြင့် သူက ကြယ်တံခွန်ဓားညီနောင်ရဲ့တပည့်ပေါ့ ဟုတ်လား"

ရှင်းတိက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့ဆရာကတော့ ကြယ်တံခွန်ဓားညီနောင်ပါ"

"အေး - ကြယ်တံခွန်ဓားညီနောင်ကတော့ မြောက်ပိုင်းရော တောင်ပိုင်းပါ တော်တော်ကျော်ကြားတာပဲ၊ မင်းကတော့ ဘယ့်နှယ် နေမလဲ [illegible]

"ကျွန်တော်ကတော့ သာမညပါခင်ဗျာ၊ ကြယ်တံခွန်ဓားညီနောင်ရဲ့ တစ်ဝက်တစ်ပျက်ပညာကလေးသာ ရလိုက်တဲ့လူပါ၊ ကျွန်တော့ဆရာတွေကိုတော့ လုံးဝမမီပါဘူး"

"အေး - အေး - ကိုယ့်ကိုယ်ကို ဒီလိုသိရင်ကောင်းတာပေါ့ကွာ၊ ကိုယ့်ဘာသာ ဘေးကင်းရန်ကင်းဖြစ်အောင် သတိနဲ့နေပေါ့"

အဆိပ်ခုနစ်မျိုးထိန်လုသည် ကြောက်လွင်ဘက်သို့လှည့်လိုက်၏။

"အင်း - ကျုပ်လဲ အဓိပ္ပါယ်မရှိတဲ့စကားတွေနဲ့ အချိန်ကုန်နေရတယ်၊ ခုမှပဲ အလုပ်စကားပြောရတော့မှာပဲ၊ ကျုပ်တို့ ဘာကြောင့်လာပိုင်းတယ်ဆိုတာ ဒုတိယတာဝန်ခံချုပ် သိပြီးပြီမဟုတ်လား"

"မသိပါဘူးဗျာ၊ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ဘာရန်ငြိုးမှလဲ မရှိပါဘူး"

လူဘီလူးကြီး စွန်ရန်က -

"ဟ - ခင်ဗျားက ဘာကြောင့်ရန်ငြိုးမရှိဘူးလို့ ပြောရတာလဲ၊ ကျုပ်နဲ့ခင်ဗျားတို့ရဲ့ ပထမတာဝန်ခံချုပ်ကြီးဝမ်ချင်းမှာ ကောင်းကောင်းကြီး ရန်ငြိုးရှိတာပေါ့ဗျာ"

ထိန်လုက ဝင်ပြော၏။

"မိတ်ဆွေကြီးရာ ခင်ဗျားကိစ္စ အသာဘေးဖယ်ထားစမ်းပါ၊ အခု ဝမ်ချင်းမှမပါတဲ့ဥစ္စာ၊ အလုပ်ကိစ္စ စကားပြောတာပဲ ကောင်းပါတယ်"

စွန်ရန်က ခေါင်းညိတ်၏။

"ဒါလဲဟုတ်တာပဲ ပြောဗျာ၊ ဒီကိစ္စ ခင်ဗျားပဲပြောပေတော့"

ထိန်လုက -

"ဒီလိုဗျာ၊ ကျုပ်တို့အနေနဲ့ ခင်ဗျားတို့ယူလာတဲ့ ဂျင်ဆင်းပရဆေးမြစ်ကို သိပ်အလိုရှိနေကြပါတယ်၊ ကျုပ်တစ်ခု မေတ္တာရပ်ခံချင်





တာက ဂျင်ဆင်းပရဆေးမြစ်ထည့်ထားတဲ့ပစ္စည်းတွေကို ဒီမှာထားပစ်ခဲ့ပါ၊ ခင်ဗျားတို့ ဆယ့်ခြောက်ယောက်လုံးကို ကျုပ်တို့က လက်ဖျား ကလေးနဲ့တောင် မထိပါဘူး၊ အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ကိုယ့်ဌာနေ ကိုယ်ပြန်ရောက်စေရပါမယ်"

သူသည် စကားကို ခေတ္တရပ်ပြီးမှ လက်တစ်ချက်ဝှေ့ယမ်းကာ ဆက်ပြောသည်။

"အဲဒီလိုမှမဟုတ်ဘဲ၊ ခင်ဗျားတို့က ဆူဆူပူပူကလေးမှ ကြိုက်တယ်၊ သွေးသံရဲရဲကလေးမှ စိတ်တက်ကြွတယ်ဆိုရင်လဲ ဖြစ်ပါတယ်၊ ကျုပ်တို့လူတွေကတော့ မြင်တဲ့အတိုင်းပဲ၊ သတ်ဖို့ဖြတ်ဖို့ဆိုလဲ ဝန်မလေးပါဘူး၊ ခင်ဗျားတို့ကြိုက်တဲ့လမ်းကို ရွေးကြပေတော့"

ကြောက်လွင်မှာ နဖူး၌ ချွေးများသီးလာတော့၏။ ပရဆေးမြစ်ကို မပေးဘဲ တိုက်ခိုက်မည်ဆိုလျှင်လည်း သူတို့အားလုံး သေရုံပဲရှိမည်။ ပရဆေးမြစ်ကတော့ သူတို့လက်ထဲ ပါသွားမည်သာပင်။

အကယ်၍ မတိုက်မခိုက် အသေမခံဘဲ ပရဆေးမြစ်ကို သူတို့လက်ထဲ ထည့်လိုက်ပါက သူတို့လူဆယ့်ခြောက်ယောက်၏အသက်တော့ ချမ်းသာရာရမည်။

သို့သော် မြင်းပျံအာမခံဌာနကတော့ လုံးဝနာမည်ကောင်းရှိတော့မည်မဟုတ်ချေ။

မည်သူကမျှ သူတို့၏ပစ္စည်းများကို ယုံယုံကြည်ကြည် စိတ်ချ

လက်ချ လာရောက်အပ်နှံကြတော့မည် မဟုတ် ချေ။

ကြောက်လွင်မှာ ဆုတ်လည်းစူး၊ စားလည်းရှူး၊ ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်ဆိုတာလို ဖြစ်နေသည်။ အခက်အခဲက ကြီးမားလှသဖြင့် သူလည်း မစဉ်းစားတတ်တော့ပေ။

ရှင်မလား သေမလားဆိုသည့်အချက်ထက် အာမခံဌာန၏ ဝုဏ်သိက္ခာကို ကာကွယ်ရန်အချက်က ပိုအရေးကြီးသည်ကိုတော့ သူသတိထား သည်၊ သူသည် ရှင်းတီဘက်သို့လှည့်လိုက်၏။

"ညီလေး ဘယ်လိုသဘောရသလဲ"

ရှင်းတီသည်လည်း ကြောက်လွင်ကဲ့သို့ ဦးနှောက်ခြောက်နေရသည်ပင်။ သူ့အား ကူညီပါဟု ဝမ်ချင်းက ခရီးမထွက်မီကပင် မှာကြားခဲ့သည်မဟုတ်ပါလော။

ရှင်းတီသည် မြင်းပေါ်မှခုန်ဆင်းပြီး ဆရာ့ဆရာကြီးများအား ဦးညွတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော် တစ်ခုလောက်ပြောပါရစေခင်ဗျာ"

"ပြော - ဘာပြောမလဲ"

စွန်ရန်က ခွင့်ပြုလိုက်၏။

"ကျွန်တော်ဟာ အညတရသိုင်းသမားတစ်ယောက်ပါ။ အခုမှ သိုင်းလောကထဲဝင်တဲ့သူမို့ ဆရာကြီးတို့ရဲ့ခြေဖျားကိုတောင် မီမှာ





မဟုတ်ပါဘူး၊ ဒါပေမယ့် ဆရာကြီးတို့ကသာ ကျွန်တော်တို့ရဲ့ ပရဆေးမြစ်ကို အတင်းအကျပ်လုယူမယ်ဆိုရင်တော့ ကျွန်တော်တို့က လဲ သေခါမှသေစေတော့ အသက်စွန့်ပြီးကာကွယ်ကြမှာပါပဲ"

အောက်လမ်းဂိုဏ်း သိုင်းဆရာကြီးများ၏မျက်လုံးများသည် မြူးကျယ်ဝိုင်းစက်သွားလေ၏။

သူတို့စိတ်ထဲ၌ အားလုံးလိုလို ပြိုင်တူရေရွတ်မိသည့်စကားလုံးကလည်း ထပ်တူညီနေသည်။

"အောင်မာ - တယ်လာတဲ့ချာတိတ်ပါလား" ဟူသတည်း။

ရှင်းတီက ဆက်ပြောနေ၏။

"အဲဒီလို လုကြယက်ကြ တိုက်ခိုက်ကြရင် သိုင်းလောကကြီးတစ်ခုလုံးက ဆရာကြီးတို့ကို အပြစ်ပြောကြပါလိမ့်မယ်၊ လူစု လူအုပ်ကြီးနဲ့ ဝိုင်းဝန်းပြီးအနိုင်ကျင့်တယ်လို့၊ ဒီအခါမှာ ဆရာကြီးတို့လဲ သိက္ခာကျမယ်၊ ကျွန်တော်က ဆရာကြီးတို့သိက္ခာမကျနိုင်တဲ့ နည်းတစ်နည်းကို အကြံပေးတင်ပြချင်ပါတယ်"

နေစကြာက ရယ်ရင်း -

"လုပ်စမ်းပါကွာ၊ ငါတို့ကလဲ ကြားချင်နေပါတယ်၊ မင်း အကြံကောင်းရင် မင်းအကြံအတိုင်း ငါတို့လဲ လိုက်လုပ်ကြမှာပေါ့"

သူသည် သူ့မိတ်ဆွေများဘက်သို့ လှည့်၍ပြောလိုက်၏။

"မဟုတ်ဘူးလားဗျ၊ ကျုပ်တို့သိက္ခာမကျဘဲ ပရဆေးမြစ်ရလဲ ပြီးတာပဲမဟုတ်လား၊ ခင်ဗျားတို့သဘောက ဘယ်လိုလဲ"

ထိန်လုက -

"သူတို့အကြံ နားထောင်ပါဦးဗျာ၊ ပြီးမှတိုင်ပင်ကြတာပေါ့၊ ကဲ - မင်းအကြံကိုဆိုစမ်းပါဦး"

ရှင်းတိသည် သူ့အကြံကို ပြောပြခြင်းမရှိဘဲ မြင်းရထားခုနစ်စီးပေါ်ရှိ သေတ္တာခုနစ်လုံးကို သူ့ရှေ့သို့လာချပေးရန် အာမခံသိုင်းဆရာများအား အမိန့်ပေးလိုက်သည်။

အာမခံသိုင်းဆရာများသည် သေတ္တာခုနစ်လုံးကို သူ့ရှေ့လာရောက်ချပေးလိုက်ကြသည်။ သေတ္တာခုနစ်လုံးသည် အရောင် ခုနစ်မျိုးဖြစ်နေကြောင်း အံ့ဩဖွယ်ရာတွေ့ရှိရသည်။

သည်အရောင်ခုနစ်မျိုးနှင့်ပတ်သက်၍ ခွဲခွဲခြားခြားသိထားသူ နှစ်ယောက်မှာ ရှင်းတိနှင့်ကြောက်လွင်တို့နှစ်ယောက်သာ ဖြစ်သည်။

အောက်လမ်းဂိုဏ်းသိုင်းဆရာကြီးများကမူ ရှင်းတိ ဘာပြောမလဲ၊ ဘာလုပ်မလဲဆိုသည့် အချက်ကိုသာ ဂရုစိုက်နေကြ၏။ စကားတစ်ခွန်းမျှ ဝင်မေးခြင်းမရှိကြချေ။

"ဟောဒီသေတ္တာခုနစ်လုံးစလုံးမှာ ပရဆေးမြစ်ပါလိမ့်မယ်လို့ ဆရာကြီးတို့ထင်ကြပါသလား"





နေစကြာက -

"မပါနိုင်ဘူးလို့ထင်တယ်၊ ဆေးမြစ်တွေ ဒီလောက်များရင် ဒီလောက်လဲ ဘယ်တန်ဖိုးရှိနိုင်တော့မှာလဲ"

ရှင်းတိက ခေါင်းညိတ်ပြလိုက်၏။

"ဆရာကြီးပြောတာ အမှန်ပါပဲခင်ဗျာ၊ နှစ်တစ်ရာအတွင်းမှာ တစ်ကြိမ်တစ်ခါသာ ရှားရှားပါးပါးရရှိတတ်တဲ့ ဂျင်ဆင်းပရဆေးမြစ်ဟာ ဟောဒီသေတ္တာခုနစ်လုံးအနက်က တစ်လုံးတည်းမှာ ပါရှိနေပါတယ်၊ သေတ္တာခုနစ်လုံးကို မြင်းရထားထဲတင်ထားတာကတော့ လုယက်မယ့်လူတွေကို မျက်စိလည်သွားအောင် လုပ်လိုက်တဲ့ ပထမတာဝန်ခံချုပ်ဝမ်ချင်းရဲ့ အကြံအစည်ပါပဲ"

အောက်လမ်းသိုင်းဆရာကြီးများသည် သေတ္တာတိုင်း ကြီးမားလှသော သော့ခလောက်ကြီးများ ခတ်ထားသည်ကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်မိကြ၏။

စွန်ရန်က -

"အင်း - ကျုပ်တို့သာ ဘာမပြော ညာမပြော်နဲ့ သူတို့ကိုသတ်ပြီး ဒီသေတ္တာတွေလုမိရင် ကျုပ်တို့အချင်းချင်းလဲ ထသတ်ရမယ့်ကိန်း ဆိုက်ဦးမှာပဲ၊ အခုလိုသိလိုက်ရတာ ခပ်ကောင်းကောင်းပဲ"

ထိန်လုက ခေါင်းညိတ်လိုက်၏။

"မှန်တယ်ဗျာ၊ ကဲ - သူ့အကြံအစည်ကို ဆက်နားထောင်ကြည့်ကြရအောင်"

ရှင်းတိက သူ့အကြံအစည်ကို ဆက်ပြော၏။

"ဒီသေတ္တာခုနစ်လုံးကို ဆရာကြီးတို့ခုနစ်ယောက် ခွဲယူကြပါ၊ ကံကောင်းတဲ့လူကတော့ ပရဆေးမြစ်ပါတဲ့ သေတ္တာကိုရမှာပဲ၊ ကျွန်တော်တို့အနေနဲ့ကလဲ ဒီသေတ္တာကိုစောင့်ရှောက်ဖို့လိုက်လာတဲ့ လူတွေဆိုတော့ ဒီသေတ္တာကို ရှော့၊ အင့်ဆိုပြီး မပေးလိုက်နိုင်ပါဘူး၊ ဒီတော့ ဆးမြစ်ပါသွားတဲ့သေတ္တာကို ရသွားတဲ့လူဟာ ကျွန်တော်တို့နဲ့ သိုင်းပညာပြိုင်ရပါမယ်၊ နိုင်ရင်တော့ အဲဒီဆရာကြီးဟာ ဆေးမြစ်ကိုပိုင်ပြီပေါ့ဗျာ၊ ဘယ့်နှယ့်လဲ ကျွန်တော့အကြံဉာဏ်ကောင်းရဲ့လား၊ လက်ခံနိုင်ကြရဲ့လား"

ရှင်းတိက ခေတ္တစကားရပ်သွားပြီးမှ အရေးတကြီး ထပ်ပြောသည်။

"အဲ - ကျွန်တော်တို့နိုင်ခဲ့ရင်တော့ ဒီသေတ္တာကို ကျွန်တော်တို့လက်ထဲ ရှောရှောရှုရှု ပြန်ပေးကြရလိမ့်မယ်၊ ဒါကိုတော့ ဆရာကြီးတို့ ကတိတည်ကြရလိမ့်မယ်"

အောက်လမ်းဂိုဏ်း သိုင်းဆရာကြီးခုနစ်ဦးသည် ရုတ်တရက် စကားမပြန်နိုင်ကြတော့ဘဲ တွေဝေသွား၏။ ခွန်ရန်က -





"ခဏနေဦးကွာ၊ မင်းအစီအစဉ်က စဉ်းစားစရာကွ၊ ငါတို့ခုနစ်ယောက် တိုင်ပင်ဦးမယ်"

ရှင်းတိသည် အလွန်တရာ စိတ်ကူးဉာဏ်ကောင်းသူဖြစ်၏။ ဤပရဆေးမြစ်ကို မပေးနိုင်ဟုဇွတ်ငြင်းပြီး တိုက်ခိုက်ခဲ့ပါက ဆေးမြစ်လည်းဆုံး၊ သူတို့အသက်လည်းဆုံးသွားနိုင်သည်ကို သိသည်။

အကယ်၍ အောက်လမ်းဂိုဏ်းသိုင်းဆရာကြီး ခုနစ်ဦးစလုံးနှင့် မတိုက်ခိုက်ရဘဲ တစ်ဦးချင်းတိုက်ခိုက်ရမည်ဆိုပါက သူ နိုင်နိုင်သည်ဟု ယုံကြည်သည်။ နဂါးနက် ထိန်ချုံကိုပင် သူအနိုင်ယူခဲ့ပြီ မဟုတ်ပါလော။

သေတ္တာခုနစ်လုံးကို ခွဲပေးပြီးနောက် ပရဆေးမြစ်ပါသော သေတ္တာအစစ်ကိုရသူနှင့် တစ်ဦးချင်းတိုက်ခိုက်ရလျှင် သူ့အကြံအောင်ပေပြီ။

ယခု လူဆိုးကြီးခုနစ်ဦး သဘောတူရန်သာ လိုတော့သည်။ သူတို့ သဘောတူလျှင် မိမိတို့၏ပရဆေးမြစ် ဆုံးရှုံးတော့မည်မဟုတ်ပေ။

သိုင်းဆရာကြီးခုနစ်ဦးတို့သည် ခေါင်းချင်းရိုက်ကုန်တော့၏။

ခွန်ရန်က -

"သူ့အကြံက မဆိုးပါဘူးဗျာ၊ မျှတမှုတော့အရှိသား ခင်ဗျားတို့ ဘယ်လိုသဘောရကြသလဲ"

နေစကြာကလည်း ထောက်ခံသည်။

"ဟုတ်တယ်ဗျ၊ ကျုပ်လဲ သဘောတူချင်တယ်၊ ဒါကတော့ ကံပေါ့ဗျာ၊ ကံကောင်းတဲ့လူ ရမှာပဲဗျ၊ ဒီချာတိတ်လေးကိုတော့ လက်တစ်ဖက်ထဲတောင် တိုက်တာနဲ့နိုင်မှာပေါ့ဗျာ၊ အရေးကြီးတာက သေတ္တာခုနစ်လုံးထဲက ပရဆေးမြစ်ပါတဲ့ သေတ္တာရဖို့ပဲဗျ"

အဆိပ်ရှစ်မျိုးထိန်လုသည် သေမင်းတမန်ရှောင်ဟိုးဘက်သို့ ဘယ်လိုသဘောရသလဲဟူသည့် အမေးမျိုးဖြင့် လှမ်းကြည့်လိုက်၏။

"ဒီအကြံထက်ကောင်းတဲ့အကြံ မရှိဘူးဗျ၊ တကယ်လို့ ဒီသေတ္တာတွေကို ပထမအစီအစဉ်အတိုင်း လုလာနိုင်ပြီထားဦး၊ ကျုပ်တို့အချင်းချင်း ပြန်သတ်နေရဦးမှာဗျ၊ ခုတော့ ကျုပ်တို့အချင်းချင်း သတ်ဖို့မလိုဘူး၊ သူနဲ့ပဲ သတ်ဖို့လိုတော့တယ်၊ ကျုပ်တို့လဲ စိတ်ဝမ်းမကွဲဘူးပေါ့ဗျာ"

ထိုအခါကျမှ လူအားလုံး ရှင်းတိ၏အစီအစဉ်ကို ခြွင်းချက်မရှိ လက်ခံသွားကြလေတော့၏။

နေစကြာက -

"ကောင်းတယ်ဟေ့၊ မင်းအစီအစဉ်ကို ငါတို့အားလုံး လက်ခံ





တယ်၊ သေတ္တာတွေကို ဘယ်လိုယူရမလဲ၊ အဲ့ဒီအစီအစဉ်ကို ထပ်ပြောဦးကွ"

ရှင်းတိသည် သေတ္တာခုနစ်လုံးအား လက်ညှိုးထိုးပြပြီး တစ်စုံတစ်ခုရှင်းပြရန် ဟန်ပြင်နေစဉ် အနီးပတ်ဝန်းကျင်မှာ တရှဲရှဲ လှုပ်ရှားသံများ ကြားလိုက်ရပြီး လူကိုးယောက် သစ်ပင်ပေါ်မှ ခုန်ဆင်းလာသည်ကိုတွေ့ရ၏။

ထိုလူများသည် မည်သည့်အချိန်ကစ၍ ပုန်းအောင်းနေကြသည်ကို မည်သူမျှ မသိရှိကြပေ။

ရှင်းတိတို့ အံ့ဩလို လုယက်မည့်သိုင်းသမားကြီးများလည်း အံ့ဩနေကြ၏။

ထိုလူများသည် စုတ်ပြတ်ပေရေသော အဝတ်အစားများကို ဝတ်ဆင်ထားကြ၏။

အဖာတစ်ရာထပ်နေသည့် အဝတ်အစားများက တရုတ်ပြည် တစ်ပြည်လုံး လှည့်လည်သွားလာနေသည့် ကျန့်လုဂိုဏ်းသားများဖြစ်ကြောင်း သက်သေပြနေသည်။ ကျန်လုဂိုဏ်းသားများ ပါဝင်လာသဖြင့် လုယက်ကြမည့် သိုင်းသမားအားလုံး စိတ်မသက်မသာ ဖြစ်သွားကြသည်။

ထိုလူများ ခုန်ဆင်းလာဖြင့် အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသော်လည်း တိုက်ပွဲဖြစ်ခြင်းက မရှိချေ။ နောက်ဆုံးခုန်ဆင်းလာ

သူကား အဖာတစ်ရာအကျီ ဝတ်ဆင်ထားသော်လည်း အနည်းငယ် သန့်ရှင်းမှုရှိသည့် အဘိုးကြီးတစ်ယောက်ပေတည်း။

"ဟာ - ဆ - ဆရာကြီးနန်သိုက်"

အောက်လမ်းသိုင်းသမားများအားလုံး အကြီးအကျယ် ဦး နှောက်ခြောက်သွားလေတော့၏။

ပရဆေးမြစ်ကိစ္စ ကျန်လုဂိုဏ်း ချုပ်ကြီးနန်သိုက်ပင် ပါဝင် ပတ်သက်လာချေပြီတကား။

"ဟား - ဟား - ဟား - နှစ်တစ်ရာအတွင်းမှာ တစ်ကြိမ် တစ်ခါသာ ရှားရှားပါးပါး ပေါ်ထွက်တတ်တဲ့ ဒီလိုပရဆေးမြစ်မျိုးကို လက်လျှော့ပစ်လိုက်ရမှာကတော့ အတော်နှမြောစရာ ကောင်း တယ်၊ ဒါကြောင့်မို့ ကျုပ်ပါဝင်ပတ်သက်လာရတာကို ခွင့်လွှတ်ကြ ပါ"

နေစကြာက မသက်မသာ ပြောလိုက်မိသည်။

"ခင်ဗျာ - ကျုပ်ကတော့ ဂိုဏ်းချုပ်ကြီးဟာ သည့်ပြင်ကိစ္စ တစ်ခုနဲ့ လာတာလို့ပဲ ထင်မှတ်နေတာဗျ"

"ဟား - ဟား - ဟား - သည့်ပြင်ကိစ္စက ဒီပရဆေးမြစ်ကိစ္စ လောက် အရေးမကြီးတော့ သည့်ပြင်ကိစ္စကို ပြောမနေတော့ပါဘူး ဗျာ၊ ကဲ - ကဲ - စကားတွေ သိပ်ရှည်ရှည်ဝေးဝေးဖြစ်ရင် အားလုံး ရှုပ်ကုန်လိမ့်မယ်၊ ဒီပရဆေးမြစ်လိုချင်တဲ့လူတွေထဲမှာ ကျုပ်လဲ





တစ်ယောက်ပါသဗျို့၊ ကျုပ်ကိုလဲ ဝေစုတစ်စုရနိုင်ဖို့ ထည့်တွက်ပါ"

ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်သည် ခွေးရိုက်တုတ်ကြီး တယမ်းယမ်းဖြင့် သူလိုချင်သည့်အချက်ကို ရှင်းရှင်းလင်းလင်းပင် ပြောပြနေလေသည်။

အဆိပ်ခုနစ်မျိုးထိန်လုက မချိပြုံးပြုံးလိုက်ပြီး အခြားသူများ နှင့် လှည့်၍ရန်တိုက်ပေးလိုက်သည်။

"ကျုပ်ကတော့ ဂိုဏ်းချုပ်ကြီး အခုလိုပါဝင်ပတ်သက်လာမှုကို ဘယ်လိုမှ မကန့်ကွက်ပါဘူးဗျာ၊ ဒါပေမယ့် ဝေစုက တခုနစ်ခုထဲ ရှိတာခင်ဗျ၊ ဂိုဏ်းချုပ်ကြီးပါလာရင် ဝေစုကတခုနစ်ခု၊ ယူရမယ့် လူကရှစ်ယောက် ကသောင်းကနင်း ဖြစ်ကုန်မှာသေချာတယ်၊ တခြားလူတွေရဲ့သဘောထားကိုလဲ တီးခေါက်ကြည့်ပါဦးဗျာ"

စွန်ရန်၊ နေစကြာနှင့် ဗျိုင်းညီနောင်တို့သည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်နေ၏။ သူတို့အနေဖြင့် ကျန်လုဂိုဏ်းချုပ်ကြီး နန်သိုက် ကိုလည်း မဆန့်ကျင်ရဲ သူတို့ဝေစုတစ်စုပေးရမည်ကိုလည်း မလိုလားဘဲ ဖြစ်နေသည်။

ထိုသို့ အခက်အခဲဖြစ်နေစဉ် တောပုန်းကြီးကျောက်ဖိန်းက ရုတ်တရက် ဝင်ပြောလေ၏။ သူ့အမူအရာက ပျင်းရိပျင်းတွဲ ဖြစ်နေ သည်။

ဤကိစ္စ၌ သူ ပါသာပါလာခဲ့ရသော်လည်း လုံးဝ စိတ်မဝင်

စားပဲ ဖြစ်နေသည်မှာ ထင်ရှားသည်။ သူ့စကားက သူ့စိတ်ဓာတ်ကို အရှင်းလင်းဆုံး ဖော်ပြလိုက်ပြန်သည်။

"ခင်ဗျားတို့အားလုံး ခေါင်းရှုပ်မနေကြပါနဲ့တော့ဗျာ၊ ဒီပရဆေးမြစ်ဆိုတာလဲ ကျုပ် မလိုချင်ပါဘူး၊ ဒီပရဆေးမြစ်က ဘာလုပ်လို့ ရမှာလဲဗျ၊ စားကောင်းတစ်လက်ဆိုရင် ဟုတ်သေး၊ ကျုပ်ဝေစုကို ကျန်လုပ်ဂိုဏ်းချုပ်ကြီးနန်သိုက် ယူပါစေဗျာ၊ ဒါဆိုရင် သေတ္တာခုနစ်လုံး လူခုနစ်ယောက် အားလုံးအဆင်ပြေသွားမှာပါ"

လူအားလုံး သက်ပြင်းချလိုက်ကြသည်။ အားလုံး စိတ်ကျေနပ်သွားကြသည် ရှင်းတိနှင့်ကြောက်လွင်တို့ကတော့ ဤသို့ စိတ်ကျေနပ်သွားသည့်လူစုထဲ၌ မပါရှိပါ။

ရှင်းတိက -

"ကဲ - ဒါဖြင့် ဒီသေတ္တာတွေကို ကျွန်တော် ခွဲဝေပေးလို့ ရပြီပေါ့"

နေစကြာက -

"ရပါပြီ - ရပါပြီ ဘယ်လိုခွဲဝေပေးမလဲ၊ ကံဆိုးကံကောင်းပေါ့လေ၊ ကံကောင်းတဲ့လူကတော့ ပရဆေးမြစ်ပါတဲ့သေတ္တာကို ရမှာပဲ"

ရှင်းတိက -

"ထူးထူးခြားခြား ခွဲဝေနေစရာတော့ မလိုပါဘူးဗျာ၊ ဘယ်





သေတ္တာထဲမှာ ပရဆေးမြစ်ပါတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ ကိုယ့် အမှတ်အသားနဲ့ကိုယ် သိပါတယ်၊ ဆရာကြီးတို့သာ ကိုယ်ကြိုက်တဲ့ သေတ္တာတစ်လုံးစီ ယူကြပါ၊ ပရဆေးမြစ်ပါတဲ့သေတ္တာ ဘယ်သူရသွားတယ်ဆိုတာ ကျွန်တော်တို့ ပြောပြပါမယ်၊ အဲဒီတော့မှ နောက်တစ်ဆင့် ဆောင်ရွက်ကြတာပေါ့"

နောက်တစ်ဆင့်ဆိုသည့်စကားမှာ ပရဆေးမြစ်သေတ္တာကို ရယူသွားသူသည် ရှင်းတိနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရမည်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်ပေသည်။

အောက်လမ်းဂိုဏ်း သိုင်းဆရာကြီးများသည် မည်သည့်သေတ္တာယူရမည်ကို တွေးနေကြသည်။ သေတ္တာခုနစ်လုံးအနက် တစ်လုံးသာ ပရဆေးမြစ်ပါသော သေတ္တာအစစ်အမှန်ဖြစ်သည် မဟုတ်ပါလော။

သေတ္တာခုနစ်လုံးသည် အရောင်ခုနစ်မျိုး ဖြစ်၏။ အစိမ်းတလုံး၊ အနီတစ်လုံး၊ အဝါတစ်လုံး၊ အပြာတစ်လုံး အညိုတစ်လုံး၊ ခရမ်းရောင် တစ်လုံးနှင့် အနက်ရောင်တစ်လုံးဖြစ်သည်။

စွန်ရန်၊ နေစကြာ၊ မျိုးငြိမ်းညီနောင်၊ ထိန်လု၊ ရှောင်ဟိုးနှင့် ကျန်လုပ်ဂိုဏ်းချုပ်ကြီးနန်သိုက်သည် တစ်ယောက်တစ်လုံးဆွဲယူကြလေတော့၏။

ကျန်လုပ်ဂိုဏ်းချုပ်ကြီးနန်သိုက် သူ့သေတ္တာကို ခွေးရိုက်တုတ်

ကြီးဖြင့်ခေါက်ကာ . . .

"ဟား. . . ဟား. . . ဟား. . . တစ်သေတ္တာတော့ ကံစမ်းခွင့်ရပြီပေါ့ကွာ၊ အထဲမှာ ဘာပါမလဲဆိုတာ မသိရတာ၊ ကဲ. . . ကဲ. . . ဟိုကမိတ်ဆွေကလေး ငါတို့ဖွင့်မကြည့်ခင် ဘယ်သူကံထူးသလဲဆိုတာ မင်းကပဲ ဖွင့်ပြောပေတော့"

လူအားလုံး ရှင်းတိကို ဝိုင်းကြည့်နေကြသည်။ ကြောက်လွင်မှာလည်း ရှင်းတိမှတပါး မည်သူ့ကိုမျှ အားမကိုးနိုင်ဘဲ ဖြစ်နေသဖြင့် ရှင်းတိ၏အရိပ်အကဲကိုသာ ကြည့်နေရတော့သည်။

ရှင်းတိက ကျန်လုဂိုဏ်းချုပ်ကြီး၏မျက်နှာကို တစ်ချက်မျှ ကြည့်လိုက်သည်။

လူအားလုံးစိတ်ထဲ၌ သို့လောသို့လော ဖြစ်သွားကြသည်။

ကျန်လုဂိုဏ်းချုပ်ကြီး ရရှိသွားသည့်သေတ္တာထဲ၌ ပရဆေးမြစ် ပါသွားလေပြီလောဟု ထင်မှတ်သွားကြသည်။

သို့သော်. . .

"ကျွန်တော်တို့ မြင်းပျံအာမခံဌာနက သယ်ဆောင်လာခဲ့တဲ့ ပရဆေးမြစ်ကိုတော့ ဆရာကြီးနေစကြာက ရရှိသွားပါပြီ၊ ဒီတော့"

လူအားလုံးသည် နေစကြာ၏လက်ထဲ၌ရှိသော အနက်ရောင်သေတ္တာကလေးကို ကြည့်လိုက်ရှိကြ၏။





ထိုအနက်ရောင်သေတ္တာထဲ၌ ပရဆေးမြစ်ရှိနေကြောင်း ရှင်းတိနှင့် ကြောက်လွင်တို့မှတပါး အခြားမည်သူမျှ မသိကြပေ။

နေစကြာသည် သူ့သေတ္တာကို သူ၏မြင်းပေါ်၌ အကျအန တင်ပြီးကြိုးနှင့် ချည်နှောင်နေလိုက်သေးသည်။ စိတ်အေးလက်အေး စိန်ပြေ နပြေ ချည်နှောင်သွားပြီးမှ ရှင်းတိဘက်သို့ လှည့်လာသည်။

အချို့သိုင်းသမားများက မကျေမနပ် ဖြစ်သွားကြသော်လည်း အချို့ကမူ ပရဆေးမြစ် မရလိုက်သဖြင့် ထွေထွေထူးထူး ဝမ်းနည်းခြင်းမရှိကြောင်း တွေ့ရသည်။

အထူးသဖြင့် သေမင်းတမန်ရှောင်ဟိုးနှင့် တောပုန်းကြီးကျောက်ဖိန်းတို့သည် ဆေးမြစ်ကိုလည်း စိတ်မဝင်စား၊ နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ဖြစ်ရပ်များကိုလည်း စိတ်မဝင်စားချေ။ သူတို့သည် ပျင်းရိပျင်းတွဲအမူအရာဖြင့် လှမ်းကြည့်နေကြ၏။

နေစကြာက ရယ်ရယ်မောမောဖြင့်လှမ်းပြောသည်။

"လုပ်လိုက်လေ မင်းက ငါ့ဆီကဆေးမြစ်ကို ပြန်လုမယ်ဆိုပါတော့၊ ငါကလဲ အဆင်သင့်ပါပဲကွ၊ မင်းဘယ်လိုကျော်ကြားလာသလဲဆိုတာ နည်းနည်းတော့ ဆန်းစစ်ကြည့်ရတာပေါ့"

"ကျွန်တော်က စရမလား၊ ဆရာကြီးက စမလားခင်ဗျာ"

"ဟား. . . ဟား. . . ဟား. . . မင်းကနောက်ပေါက်ကလေးပါကွ၊

မင်းကိုငါက ဦးစားပေးရမှာပေါ့၊ မင်းပဲစပါ"

"ဒါဖြင့် ကျွန်တော်လာပြီ"

ရှင်းတီသည် ခန္ဓာကိုယ်ကို တစ်ခြမ်းထားလျက် နေစကြာထံသို့ ကျွမ်းပစ်ဝင်လာသည်။ ရှင်းတီ ကျွမ်းဝင်လာပုံမှာ အလွန်ထူးခြားသည်။ ရှေ့တည့်တည့်လည်း မဟုတ်၊ ဘေးတိုက်လည်း မဟုတ်ပေ။

လူအားလုံး အံ့ဩစွာကြည့်နေခိုက် သူ၏လက်ယာလက်သည် နေစကြာ၏ လက်ဝဲနံဘေးသို့ဝင်သွားသည်။ နေစကြာက လည်း မခေပါ။ သူ၏အတွင်းအားကို စုစည်းလျက်၊ နောက်သို့ ဆုတ်ခွာသည်။ ရှင်းတီ၏လက်ဝါးကိုကျွမ်းပစ် ရှောင်တိမ်းခြင်း ဖြစ်သည်။

သို့သော်. . .

"ဖြန်း"

ရှင်းတီ၏ဘယ်ခြေသည် လေထဲ၌ပင် နေစကြာ၏ နားထင်ကို ရိုက်ခတ်လိုက်နိုင်သဖြင့် နေစကြာမှာ လွင့်စဉ်ထွက်သွားတော့၏။ စင်စစ် ရှင်းတီ၏လယ်ယာလက်သည် ဟန်ပြသက်သက်သာ ဖြစ်သည်။

အကယ်၍ နေစကြာသာ ရှင်းတီကို အထင်မသေးပါက ဤကန်ချက် အထိခံရမည်မဟုတ်ချေ။

နေစကြာသည် ရှင်းတီကို သာမာန်ကလေးငယ် တစ်ဦးကဲ့သို့





အလွန်အမင်း အထင်သေးခဲ့သဖြင့် ဤသို့ အကန်ခံလိုက်ရခြင်း ဖြစ်ပေသည်။ သူသည် တစ်ကွက်တည်းနှင့် ရှင်းတီအား ရှုံးနိမ့်သွားခဲ့ရပေပြီ။

ကြည့်နေသူများမှာ ဟာခနဲ-ဟယ်ခနဲ ဖြစ်သွား၏။ ရှင်းတီသည် သူတို့ ကြားထားရသလောက် ကျော်ကြားသင့်သော လူငယ်ပေတကား။

စင်စစ် ရှင်းတီသည် လောင်စိန်းသင်ပေးသည့် ဓားသိုင်းကွက်ကိုအသုံးပြုခြင်း မဟုတ်သေးဘဲ မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်ထဲမှ 'သက်တန့်စက်ဝိုင်း' သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်းသာဖြစ်သည်။

နေစကြာသည် ချက်ချင်းလိုလို ခုန်ထလာသည်။ သို့သော် သူ့မျက်နှာကြီးမှုကား ရဲရဲနီလျက် ရှိနေလေပြီ။ ရှင်းတီက နေစကြာ အရှက်သက်သာစေရန် လေပြည်ထိုးလိုက်၏။

"ဆရာကြီးအနေနဲ့ တစ်ကွက်အသာပေးလိုက်လို့ အခုလိုထိသွားတာပါ၊ ကျွန်တော်က သိုင်းလောကထဲ ရောက်စလူဆိုတော့ တကယ်ယှဉ်ရင် ဆရာကြီးကို နိုင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ကတော့ ကြိုးစားပြီးပြိုင်ပါ့မယ်"

အမှန်တကယ်အားဖြင့် တစ်ကွက်အလျှော့ပေးသည် ဖြစ်စေ၊ နှစ်ကွက်အလျှော့ပေးသည့်ဖြစ်စေ၊ အလျှော့ပေးသည့် အကွက်တွင် မရှောင်တိမ်းနိုင်ပါက ထိုလူအဖို့ အရှုံးဟုသတ်မှတ်ကြသည်။

သို့သော် ရှက်ရမ်းရမ်းနေပြီဖြစ်သော နေစကြာသည် အရှုံးကိုအရှုံးဟု မမှတ်တော့ချေ။

သူသည် ရှောင်လင်ဘုရားကျောင်း၌ မှိုခိုတစ်ရပ်လျက် သိုင်းပညာသင်ကြားခဲ့သူဖြစ်၏။ ရှောင်လင်ဘုရားကျောင်း၌ တရုတ်ဘုန်းတော်ကြီးများချည်းသာ သိုင်းပညာသင်ကြသည် မဟုတ်ပါချေ။

အရပ်သူအရပ်သား သိုင်းသမားအချို့လည်း ကပ္ပိယသဘောဆောင်လျက် သိုင်းပညာသင်ကြားခဲ့ကြသည်။

နေစကြာသည် ရှောင်လင်ကျောင်း၌ ထိုသို့ပညာသင်ကြားခဲ့သူဖြစ်သော်လည်း စိတ်ထားကောင်းသူမဟုတ်ပေ။

မတော်မတရားမှုများနှင့် သူတစ်ပါးအား နှိပ်စက်ကလူပြုတတ်မှုများကြောင့် ရှောင်လင်ကျောင်းမှ ကျောင်းအုပ်တရုတ်ဘုန်းတော်ကြီးများက နေစကြာကို ကျောင်းမှနှင်ထုတ်ခဲ့ကြ၏။

ထိုမှ နောက်ပိုင်းတွင် နေစကြာသည် အောက်လမ်းသိုင်းသမားအဖြစ်သို့ အလိုအလျောက်ရောက်ရှိသွားတော့၏။

အောက်လမ်းသိုင်းသမားဟူသည် ရန်သူဟူသမျှကို တရားသည် မတရားသည်မဟုတ် မည်သည့်နည်းဖြင့် အနိုင်ရရ အနိုင်ရရန်သာ အရေးကြီးသည်ဟု သဘောထားကာ တိုက်ခိုက်တတ်သည်။





ယခုလည်း အမှန်တကယ်အားဖြင့် ရှင်းတိကို သူရှုံးသွားခဲ့ပေပြီ။ သို့သော် သူ အရှုံးမပေးချေ။

"မင်းက စော်စော်ကားကား ငါ့ကို ကန်တယ်ပေါ့လေ၊ မင်းခြေထောက် နှစ်ချောင်းစလုံးကို စိစိညက်ညက်ကြေအောင် မချိုးရသမျှ ငါမကျေနပ်ဘူး၊ လာ. . . ထပ်ပြီးပြိုင်မယ်"

ရှင်းတိကမူ ပြုံးနေသည်။ သူသည် သူ့ကိုယ်သူ အတော်ကလေး ယုံကြည်စိတ်ချမှုရှိသွားပေပြီ။ နေစကြာဆရာကြီး စိတ်ဆိုးသွားခြင်းသည် သူ့အဖို့ ပိုကောင်းသည်ဟု ရှင်းတိယူဆ၏။ ဒေါသထွက်သူများသည် အမှားအယွင်းများကို ပြုလုပ်တတ်သည် မဟုတ်ပါလော။

နေစကြာသည် တရှူးထိုးခုန်ဝင်လာ၏။ ရှောင်လင်သံမဏိလက်ဝါးသိုင်းဖြင့် တိုက်ခိုက်သည်။ ထိုလက်ဝါးထိလျှင် ရှင်းတိအဖို့ သက်သာမည်မဟုတ်ချေ။

သို့သော် ရှင်းတိသည် ပျံလွှားငှက်ကလေးကဲ့သို့ လူးလာတိမ်းရှောင်လျက်ရှိနေသည်။ နေစကြာသည် ရှင်းတိ၏အင်္ကျီလက်စကိုပင် ထိအောင်မတိုက်ခိုက်နိုင်ဘဲ ရှိနေသည်။

နေစကြာသည် သံမဏိလက်ဝါးသိုင်းဖြင့် ထိခိုက်အောင် မတိုက်ခိုက်နိုင်သောအခါ တိုက်ကွက်ပြောင်းလိုက်၏။

သို့သော် တစ်ကြိမ်ထက်တစ်ကြိမ် အတွေ့အကြုံရင့်ကျက်

လာပြီဖြစ်သည့် ရှင်းတိသည် နေစကြာ၏တိုက်ကွက်များကို ပိုင်နိုင်စွာ ခုခံရှောင်တိမ်းနေတော့သည်။

ကြာသော် နေစကြာသည် အားအင်ကုန်ခန်းလာ၏။

ထိုစဉ် ရှင်းတိသည် မာန်သွင်းသံ တစ်ချက်အော်လိုက်ပြီး လျှပ်တစ်ပြက် ရင်ဆိုင်တွေ့လိုက်သည်။ နေစကြာ၏ လက်ဝါးနှစ်ဖက်ကို သူ့လက်ဝါးနှစ်ဖက် ပြန်လည်မမြှောက်နိုင်မီ ရင်ဘတ်ကို လက်ခေါက်ချွန်နှစ်ဖက်ဖြင့်ထိုးလိုက်ရာ နေစကြာမှာ တုံ့ခနဲ ရပ်ဆိုင်းသွားတော့သည်။

ရှင်းတိသည် ဆက်လက်မတိုက်တော့ဘဲ ရိပ်ခနဲ နောက်ဆုတ်ခုန်ထွက်သွား၏။

"ဝေ့. . ."

နေစကြာသည် ဝေ့ခနဲ သွေးများထိုးအန်တော့၏။ သူသည် ရှင်းတိ၏သက်ညှာမှုကို များစွာရရှိလိုက်၍သာ ဤသို့ရပ်နေနိုင်ခြင်း ဖြစ်သည်။

ရှင်းတိကသာ သက်ညှာမှုမရှိဘဲ ပြင်းထန်စွာထိုးနှက်တိုက်ခိုက်လိုက်ပါက နေစကြာသည် ထိုနေရာ၌ပင် အသည်းနှလုံးများ ကွဲကြေပြီး တုံးခနဲ သေသွားမည်ဖြစ်သည်။

ရှင်းတိသည် နေစကြာ၏မြင်းရှိရာသို့ လျှောက်သွားပြီး ကြိုးများဖြင့် သိုင်းချည်ထားသည့် သေတ္တာနက်ကလေးကို 'ဖြန်း'





ခနဲ ဆွဲယူလိုက်၏။ ကြိုးများပြတ်တောက်သွားပြီး သေတ္တာနက်ကလေး သူ့လက်ထဲပြန်ပါလာသည်။ သူသည် ကြောက်လွင်၏ လက်ထဲသို့ ကမ်းပေးလိုက်၏။

"အစ်ကို ရော့. . . ပြန်သိမ်းလိုက်ပေတော့"

"ဟော့. . . နေဦး"

ရှင်းတိ လှည့်ကြည့်သောအခါ သူ့အားလက်ဝါးကာ၍ တားနေသော အဆိပ်ခုနစ်မျိုးထိန်လုကို တွေ့လိုက်ရသည်။

ရှင်းတိက. . .

"ဆရာကြီးက ဘာပြောချင်လို့လဲ"

"ဟ. . . ဘာပြောရမလဲ၊ ငါတို့က ဒီပရမဆေးမြစ်ကို လိုချင်လို့ လာကြတာ၊ ဒါမပါဘဲပြန်လို့ ဘယ်ဖြစ်မလဲ တကယ်လို့ မင်းအနေနဲ့ ဒီသေတ္တာကို တကယ်တမ်း ပြန်ယူချင်တယ်ဆိုရင်တော့ ငါတို့ အားလုံးနဲ့ ယှဉ်ပြိုင်အနိုင်ယူပြီးမှ ပြန်ယူခွင့်ရှိမယ်"

ရှင်းတိ စိတ်ပျက်သွားသည်။ ဒီလူတွေဟာ ရှေ့စကားနဲ့ နောက်စကား မညီတဲ့လူတွေပါလားဟု တွေးလိုက်မိသည်။

စင်စစ် ရှင်းတိအနေဖြင့် သိုင်းလောကဝါး မဝသေးခြင်းသာ ဖြစ်သည်။ အောက်လမ်း သိုင်းဂိုဏ်းကြီးများ၏ ဂိုဏ်းချုပ်ကြီးများ သော်မှ ဤကဲ့သို့မိမိ၏ကတိစကားကို စောင့်ထိန်းခြင်း မရှိတတ်ပေ။ ယခု သူတွေ့နေရသူများမှ အောက်လမ်းသိုင်းသမား တစ်ကိုယ် တော် လူဆိုးများသာဖြစ်လေ၏။

သူတို့ထဲ၌ ကိုယ့်ကတိကို ကိုယ်လေးစားမည့်သူဟူ၍ ကျန်လု ဂိုဏ်းချုပ်တစ်ဦးသာ ပါဝင်ပေသည်။ ကျန်လုဂိုဏ်းဆိုသည်မှာ အောက်လမ်းသိုင်းဂိုဏ်းကြီးမဟုတ်၍ ဤသို့ ကတိစကားကို လေးစားခြင်းလည်း ဖြစ်ပေသည်။

ရှင်းတိက. . .

"ဘယ်လိုလဲဗျာ၊ ပထမ ကျွန်တော်ပြောတုန်းကတော့ ဆရာ ကြီးတို့ပဲ ကောင်းပြီကောင်းလျက် သဘောတူခဲ့ကြတယ်၊ ခုဘယ်လို ဖြစ်သွားရပြန်တာလဲဗျာ"

ထိန်လုက. . .

"ဟေ့. . . စကားမရှည်နဲ့ မင်းမပြိုင်ချင်ရင် ပရဆေးမြစ် ထည့်ထားတဲ့သေတ္တာကို ထားပစ်ခဲ့"

ထိုစဉ် ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်က ဝင်ရောက်





စွက်ဖက်လာတော့သည်။

"ဟေ့. . . မင်းတို့ ခုတစ်မျိုးမပြောနဲ့၊ တစ်ခုရှိတယ်၊ ပရဆေးမြစ်လိုချင်လို့ ယှဉ်ပြိုင်ချင်သေးတယ်ဆိုတဲ့လူ ရှိရင်တော့ နေရစ်ခဲ့၊ ကျန်တဲ့လူ ကိုယ့်လမ်းကိုယ်သွားကြ"

ကျန်လုဂိုဏ်းချုပ်ကြီးကိုတော့ သူတို့ကြောက်ကြသည်။ ရှင်းတိထံမှ ပရဆေးမြစ်ပြန်လုမည့် ထိန်လုသည်ပင်လျှင် နောက် တွန့်သွားသည်။

အဘယ်မှာလျှင် နောက်မတွန့်ဘဲ ရှိပါအံ့နည်း။

အကယ်၍ သူက ရှင်းတိကိုအနိုင်ရခဲ့သည့်တိုင် နန်သိုက်ကိုယ် တိုင်ဝင်ရောက် ဒုက္ခပေးကောင်းပေးနိုင်သည့်အခြေအနေ ဖြစ်နေ သောကြောင့်တည်း။

ထိုစဉ်. . .

"ဟား. . . ဟား. . . ဟား"

"ခစ်. . . ခစ်. . . ခစ်"

ယောကျ်ားတဦး၏ရယ်သံနှင့် မိန်းကလေးတစ်ဦး၏ရယ်သံ သည် သူတို့အနီးရှိ သစ်ပင်ကြီး တစ်ပင်ပေါ်မှ ထွက်ပေါ်လာသဖြင့် ရှိရှိသမျှလူအားလုံးတို့ သစ်ပင်ကြီးပေါ်သို့ မော့ကြည့်မိကြတော့၏။

ရှင်းတိက ကြောက်လွင်၏မျက်နှာကို လှမ်းကြည့်လိုက်၏။

ကြောက်လွင်က. . .

"ညီလေး. . . စောင့်ကြည့်နေ အခြေအနေကတော့ ရှုပ်သထက်ရှုပ်လာပြီ၊ ရန်သူတွေက တစ်ယောက်ပြီးတစ်ယောက် ရောက်လာနေတော့တာပဲ၊ အစ်ကိုတို့ မီးစင်ကြည့်ကကြရမယ်"

စွန်ရန်၊ နေစကြာ၊ ဗျိုင်းညီနောင်၊ ထိန်လု၊ ရှောင်ဟိုး၊ ကျောက်ဖိန်းနှင့်နန်သိုက်တို့ အံ့အားသင့်သွားကြလေ၏။

အဆိပ်ခုနစ်မျိုးထိန်လုက လှမ်းအော်သည်။

"ဟေ့. . . ဘယ်က ခွေးသူခိုးတွေလဲ၊ ဘာဖြစ်လို့ ပုန်းလျှိုးကွယ်လျှိုးရယ်နေတာလဲ၊ သတ္တိရှိရင်ဆင်းခဲ့ပါလား၊ ခိုးကြောင်ခိုးဝှက်နဲ့"

ထိုအခါ သစ်ပင်ပေါ်မှ ယောကျ်ားကလေး၏အသံ ပေါ်လာ၏။

"ညီမလေး. . . ဒီလူတွေ သိပ်မိုက်ရိုင်းတယ်ကွ၊ သူတို့ဘာသာ အကျိုးမရှိတဲ့သေတ္တာကိုလုပြီး ခွေးသေဝက်သေ သေကြပါစေတော့ ငါတို့သွားကြမယ်"

"ဟုတ်တယ်. . . အစ်ကိုလေး၊ ညီမလေးတို့သွားကြမယ်၊ သူတို့ဘာသာ သေကြပါစေတော့"





ထိုစကားကြောင့် အောက်၌ ရပ်နေကြသော သိုင်းသမားများအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သတည်း။

ဖ ဖ ဖ

## အခန်း (၁၁)

## မဟူရာတမန်ဂိုဏ်း

ရှင်းတိနှင့် ကြောက်လွင်တို့မှာလည်း ထိုစကား၏ အဓိပ္ပာယ်ကို နားမလည်နိုင်ဘဲ ဖြစ်နေကြသည်။

ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်သည် အောင်မြင်ခန့်ညားသောအသံဖြင့် လှမ်း၍ပြောလိုက်သည်။

"ဘယ်သူတွေလဲဟေ့. . . ဒီသေတ္တာတွေအကြောင်း သိထားတဲ့ လူတွေဆိုရင်တော့၊ အောက်ကိုခဏလောက်ဆင်းလာခဲ့ကြပါလို့ မေတ္တာရပ်ခံပါတယ်"

ကျန်လုဂိုဏ်းချုပ်ကြီးသည် အတွင်းအားထုတ်၍ ပြောလိုက်ခြင်းဖြစ်ရာ အသံသည် တစ်တောလုံး ပဲ့တင်ထပ်သွားသလို တုန်လှုပ်၍ ထွက်ပေါ်လာသည်။





ထိုအခါ သစ်ပင်ပေါ်မှ ယောကျ်ားကလေး၏အသံ ပြန်လည်ထွက်ပေါ်လာသည်။

"ညီမလေး. . . ကျန်လုဂိုဏ်းချုပ်ကြီးက ဖိတ်ခေါ်တာကိုတော့ ငြင်းဆန်လို့မကောင်းဘူးနဲ့တူတယ်"

"ဘယ်ကောင်းမလဲ၊ ကျန်လုဂိုဏ်းချုပ်ကြီးရဲ့ဖိတ်ခေါ်ချက်ကို လက်မခံဘဲ ဒီအတိုင်း ဇွတ်ထွက်လာတာကို ဝါဆန်းတောင်ကဂိုဏ်းချုပ်ကြီးသိသွားရင် သိပ်စိတ်ဆိုးသွားလိမ့်မယ်"

"ဝါဆန်းတောင်က ဂိုဏ်းချုပ်ကြီးဆိုပါလား"

စောင့်ကြည့်နေသောသိုင်းသမားများ၏ အာမေဋိတ်သံများ မဆုံးမီမှာပင် လူနှစ်ယောက် သစ်ပင်ပေါ်မှ ရိပ်ခနဲ ရိပ်ခနဲ ခုန်ချလာလေတော့၏။

ယောကျ်ားကလေးသည် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော်လည်း မိန်းကလေးက အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။ ငယ်ရွယ်လှပသော လူငယ်ကလေးများသာဖြစ်ကြလေသည်။

လူငယ်ကလေးနှင့် လုံမလေးတို့သည် ရှေးဦးစွာ ကျန်လုဂိုဏ်းချုပ်ကြီးအား ဦးညွှတ်ဂါရဝပြုသည်။ နောက်ပိုင်းကျမှသာ ကျန်လူများကို ဦးညွှတ်ဂါရဝပြုသည်။

သူတို့နှစ်ယောက်က ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်ကို ဦးတည်၍စကားပြောလေ၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော့်နာမည်က ပိုင်ရှပါ၊ သူ့နာမည်ကတော့ ချစ်ချစ်ပါ"

ကျန်လုဂိုဏ်းချုပ်ကြီးက. . .

"မင်းတို့က ဝါ့ဆန်းတောင်ကဆိုတော့. . ."

ကျန်လုဂိုဏ်းချုပ်ကြီး၏စကားမဆုံးမီ ပိုင်ရှက သွက်လက်စွာဖြင့် ဖြည့်စွက်ပေးလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ဟာ မဟူရာတမန်ဂိုဏ်းသားတွေပါ၊ မဟူရာဂိုဏ်းဟာ ဝါဆန်းတောင်ကိုဌာနချုပ်အဖြစ် တည်ဆောက်ထားပါတယ်"

ကျန်လုဂိုဏ်းချုပ်ကြီးမှာ မျက်နှာပျက်သွားတော့၏။ ယခုဆယ်စုနှစ်အတွင်း မဟူရာတမန်ဂိုဏ်း ပြန်လည်ခေါင်းထောင်လာသည့်သတင်းကို သူကြားနေခဲ့ရသည်။

သူသည်

ဝါဆန်းတောင်သို့ သွားရောက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း သူ့ဂိုဏ်းအတွင်း မကျေလည်မှုများနှင့် ရှုပ်ထွေးသောပြဿနာများ ဖြေရှင်းပေးနေရသဖြင့် ဝါဆန်းတောင်သို့ မရောက်ခဲ့ရပေ။

သူသည် မဟူရာတမန်ဂိုဏ်းအကြောင်း ကောင်းစွာသိရှိထား





သော ပုဂ္ဂိုလ်ကြီးဖြစ်၏။

ထို့ကြောင့်လည်း မဟူရာတမန်ဂိုဏ်းဟူသည့် အသံကြားလိုက်ရုံနှင့် မျက်နှာပျက်သွားရခြင်း ဖြစ်ပေသည်။

ကျန်လူများမှာ ကျန်လုဂိုဏ်းချုပ်ကြီးကဲ့သို့ မဟူရာတမန်ဂိုဏ်းအကြောင်း ကိုယ်တိုင်ကိုယ်ကြုံသိမီလိုက်ခြင်း မရှိကြသော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ခြောက်ဆယ် ခုနစ်ဆယ်ခန့်က ကျော်ကြားခဲ့သော မဟူရာတမန်ဂိုဏ်းအကြောင်း ကောင်းစွာကြားသိဖူးသူချည်းသာ ဖြစ်တော့သည်။

ဝါဆန်းတောင်သည် မဟူရာတမန်ဂိုဏ်း၏ ဘူမိနက်သန်ဟုဆိုပါက မှားယွင်းလိမ့်မည်မဟုတ်ချေ။ ဆန်းတုံပြည်နယ်မြောက်ပိုင်းရှိ ဝါဆန်းတောင်ပေါ်၌ မဟူရာတမန်ဂိုဏ်းသည် မျိုးစေ့ချခဲ့သည်။

စတင်တည်ထောင်သူမှာ ဂိုဏ်းချုပ်ကြီးချွမ်ရှင်းဖြစ်၏။ သူသည် ရက်စက်သလို သိုင်းပညာထက်မြက်သူဖြစ်၍ သူ့ဂိုဏ်းအင်အား တိုးတက်ရေး၊ တန်ခိုးအာဏာထက်မြက်ရေးအတွက် အကျပ်ကိုင်၍လည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်း ချော့မော့၍လည်းကောင်း သိုင်းသမားပေါင်းစုံကို နည်းမျိုးစုံဖြင့် သိမ်းသွင်းခဲ့သည်။

မဟူရာတမန်ဂိုဏ်းဝင်အဖြစ်သို့ ရောက်ရှိသွားသော ဂိုဏ်း

သားသည် ဂိုဏ်း၏ တင်းကျပ်သောစည်းမျဉ်းစည်းကမ်းကို လိုက်နာရ၏။

စည်းကမ်းလိုက်နာသူ အောင်မြင်သူအတွက် ကြီးမားသောဆုလာဘ်များနှင့် ရာထူးအဆင့်များ တိုးတက်ရရှိသကဲ့သို့ စည်းကမ်းဖောက်သူ၊ တာဝန်မကျေပွန်သူများအတွက် ကြောက်မက်ဖွယ်ရာအပြစ်ဒဏ်ကို ပေးလေ့ရှိသည်။

ထို့ကြောင့် မဟာရာတမန်ဂိုဏ်းသည် တရုတ်ပြည် သိုင်းလောက၌ တစ်ဟုန်ထိုး တိုးတက်ကျော်ကြားလာသည်။

တရုတ်ပြည်အတွင်း နှစ်ပေါင်းသုံးရာကျော်ကတည်းကတည်ရှိလာခဲ့သော ရှောင်လင်ကျောင်းတော်၊ ဟူတန်ဂိုဏ်းနှင့် ကျန်လုဂိုဏ်းတို့၏အင်အားကိုပင် အမီလိုက်လာတော့သည်။

မဟာရာတမန်ဂိုဏ်း၏ ဂိုဏ်းခွဲ၊ ဌာနခွဲများသည် တရုတ်ပြည်၏ပြည်နယ် ဆယ့်သုံးခုအတွင်း မှိုများပေါက်သလို ပျံ့နှံ့ကြီးကျယ်လာသည်။ ထိုဌာနခွဲများ၏ခိုင်ခံ့မှုကလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်။

တရုတ်တစ်ပြည်လုံးတွင် မဟာရာတမန်ဂိုဏ်း၏ဌာနခွဲပေါင်းခုနစ်ဆယ့်နှစ်ဌာနရှိပြီး ထိုဌာနခွဲများကို ဂိုဏ်းချုပ်ကြီးနှင့် ဂိုဏ်းချုပ်ကြီး၏လက်ထောက်များက ပိုင်နိုင်စွာချုပ်ကိုင်ထားနိုင်ခဲ့ကြသည်။





သို့ရာတွင် မဟာရာတမန်ဂိုဏ်းသည် အောက်လမ်း သိုင်းဂိုဏ်းကြီးတစ်ခုမျှသာဖြစ်ရာ သူတို့၏မတရားပြုမှု၊ အနိုင်အထက်ပြုမှုကြောင့် တရုတ်ပြည်တစ်ပြည်လုံးက ရွံ့ကြောက်ကြီး ဖြစ်လာခဲ့သည်။

တရုတ်ပြည်အား ကျွန်ဇာတ်ခင်းသွင်းထားသည့် မန်ချူးအာဏာပိုင်များကလည်း သူတို့အုပ်ချုပ်မှုလွယ်ကူစေရန် အိမ်ကြက်မျင်းအိုးမည်းသုတ်၍ ခွပ်ခိုင်းသကဲ့သို့ တရုတ်ပြည်သူလူထုအားနှိပ်စက်ကလူပြု အနိုင်ကျင့်စေရန် မဟာရာတမန်ဂိုဏ်းအား မသိမသာ အားပေးအားမြှောက်ပြုထားခဲ့၏။

ထိုသို့ တရုတ်ပြည်သူပြည်သားများ ကံဆိုးမိုးမှောင်ကျနေစဉ်တရုတ်လူထုကိုကယ်တင်မည့် လူစွမ်းကောင်းတစ်ဦး ပေါ်ထွက်ခဲ့လေ၏။

ထိုသူကား သံမဏိသပ်ကျန်း ဆိုသူပေတည်း။

သူသည် တစ်ဦးကောင်း တစ်ယောက်ကောင်း သိုင်းသမားမဟုတ်ပေ။ သူသည် နယ်ချဲ့မန်ချူးများ၏ပရိယာယ်ကို သိထားသည့်အလျောက် တရုတ်တစ်ပြည်လုံးမှ မျိုးချစ် သိုင်းသမားများကိုအတွင်းကျိတ် စည်းရုံးရသည်။

ထိုသို့စည်းရုံးရာတွင် လွယ်ကူစွာ စည်းရုံးနိုင်ခဲ့ခြင်းမဟုတ်ပေ။ မဟာရာတမန်ဂိုဏ်းသားများ၏ လုပ်ကြံမှုအမျိုးမျိုးကို လက်မတင်ကလေး ရှောင်တိမ်းလျက် သက်စွန့်ဆံဖျား ကြိုးစားရခြင်း

ဖြစ်သည်။

တရုတ်ပြည်လူထု၏ အကူအညီပေးမှု၊ တရုတ်မျိုးချစ် သိုင်းသမားများ၏ အသက်စွန့်၍ကူညီမှု၊ အမည်နာမ မသိရသော လူထူးလူဆန်းသိုင်းသမားတစ်ဦး၏ လျှို့ဝှက်အကူအညီ ပေးမှုတို့ကြောင့် အလွန်တရာ အင်အားကြီးလာသော ဒုစရိုက်ဂိုဏ်းကြီးဖြစ်သည့် မဟူရာတမန်ဂိုဏ်းကြီး ပြိုကွဲပျက်စီး သွားခဲ့ရလေတော့သည်။ ထိုပွဲကြီး၌ မျိုးချစ်သိုင်းသမားအတော်များများ အသက်စတေးခဲ့ကြရ၏။

ထိုသို့ မဟူရာတမန်ဂိုဏ်းကြီး ပျောက်ကွယ်နေခဲ့ရာမှ လွန်ခဲ့သော ဆယ်နှစ်ကျော်တွင် ထိုဂိုဏ်းကြီး၏အသံကို ပြန်လည်ကြားခဲ့ကြရသည်။ ထိုသို့ ဖြစ်ခဲ့ရခြင်းမှာလည်း နယ်ချဲ့မန်ချူးတို့၏စနက်ပင် ဖြစ်တော့သည်။

မျိုးချစ်သိုင်းသမားများသည် သိုင်းလောကမှ သိုင်းသမားများအား အဖြူအမည်းမဟူ မျိုးချစ်စိတ်များရိုက်သွင်းပေးလျက် မန်ချူးတို့အား တော်လှန်ပုန်ကန်စေရန် သွေးတိုးပေးလျက် ရှိနေကြောင်းကို မန်ချူးတို့သည် သူတို့၏အထောက်တော်များမှတဆင့် သိရှိသွားကြသည်။

ထိုအခါ သူတို့သည် ယခင်က ပျက်စီးသွားသော မဟူရာတမန်ဂိုဏ်းကြီးအား ကျားသေကို အသက်သွင်းပေးသကဲ့သို့ ပြန်လည်ပျိုးထောင်ပေးတော့သည်။





သိုင်းလောကရှိ သိုင်းသမားတိုင်း စိတ်ထားမြင့်မြတ်သူချည်း မဟုတ်ကြသဖြင့် တစ်ကိုယ်ကောင်း ဆန်သူ၊ ရက်စက်ကြမ်းကြုတ်သူ၊ နှိပ်စက်ကလူ ပြုတတ်သူ၊ ကျော်ကြားလိုသူစသည့် သိုင်းသမားဆိုးများကို မဟူရာတမန်ဂိုဏ်းက လျင်မြန်စွာစုစည်းနိုင်ခဲ့ပြီး ပြန်လည်ခေါင်းထောင်ထလာနိုင်တော့သည်။

ယခုတဖန် ပေါ်ထွန်းလာသည့်မဟူရာတမန်ဂိုဏ်း၏ ဂိုဏ်းချုပ်သည်လည်း မကောင်းသည့်နေရာ၌ အစွမ်းထက်သူ ဖြစ်သည့်အတိုင်း ကောက်ကျစ်ယုတ်မာသူ သိုင်းသမားများစွာကို အတိတ်ကာလက ဂိုဏ်းချုပ်ကြီးများကဲ့သို့ အဆင့်ဆင့်ရာထူးများ ပေးလျက် သူ၏လက်ထောက်များအဖြစ် ခန့်ထားနိုင်ခဲ့ပေသည်။

ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာဆိုသည့် စကားအတိုင်း မဟူရာတမန်ဂိုဏ်း၏ ဌာနခွဲများတိုးပွားလာတိုင်း တရုတ်ပြည်သူလူထုမှာ စိတ်နှလုံးနောက်ကျိဖွယ်ရာများကို တစ်စ ထက်တစ တွေ့ကြုံ ခံစားလာကြရတော့သည်။

ရှင်းတီသည် မဟူရာတမန်ဂိုဏ်းအကြောင်းကို မြင်းပျံအာမခံဌာန၏ တာဝန်ခံချုပ်ဝမ်ချင်းပြောပြခဲ့စဉ်က ပထမဆုံးအကြိမ် ကြားသိခဲ့သည်။

ယခု ဒုတိယအကြိမ် မဟူရာဂိုဏ်းသားများကို တွေ့ဆုံရခြင်းဖြစ်သည်။ အတိတ်က ခါးသီးသောဖြစ်ရပ်များနှင့် မကြုံဆုံခဲ့ရဘူးသော ရှင်းတီသည် မဟူရာတမန်ဂိုဏ်းဆိုသည်မှာ ကြောက်ရလန့်ရ

ကောင်းမှန်းမသိပေ။

သို့သော် ကျန်သောသိုင်းသမားများကမူ အသီးသီး မျက်စိ မျက်နှာပျက်ကုန်တော့သည်။ ထိုလူများထဲ၌ မျက်နှာအပျက်ဆုံးလူ မှာ သေမင်းတမာန်ရှောင်ဟိုးဖြစ်၏။

သူသည် လွန်ခဲ့သောခြောက်နှစ်က မဟူရာတမန်ဂိုဏ်း အတွင်းမှ သစ္စာဖောက်ထွက်ပြေးသွားခဲ့သူဖြစ်သည်။

ထိုစဉ်အခါက မဟူရာတမန်ဂိုဏ်းသည် အားယူဆဲကာလဖြစ် ၍ သူ့အား သည်အတိုင်းလက်ပိုက်ကြည့်နေခဲ့သည်။

ရှောင်ဟိုးကမူ သူ့အား မဟူရာတမန်ဂိုဏ်းက အရေးမယူ တော့ဟု ထင်မှတ်လျက် သေမင်းတမန်ဘွဲ့ယူကာ တစ်ကိုယ်တော် သိုင်းသမားကြီး လုပ်နေခဲ့လေ၏။ သောင်းကျန်းချင်တိုင်းသောင် ကျန်းနေခဲ့သည်။ လူ့အသက်ပေါင်းများစွာကို သူ့လက်ဖြင့်ခြွေ သည်။

ယခု မဟူရာတမန်ဂိုဏ်း၏ ငယ်ရွယ်နုပျိုလှသော ဂိုဏ်း မောင်နှမနှစ်ဦးအား တွေ့လိုက်ရသောအခါ ရှောင်ဟိုးမှာ သွေးပျ မတတ်ဖြစ်လာတော့သည်။

ထိုမောင်နှမနှစ်ဦးလာခြင်းသည် မိမိနှင့်ပတ်သတ်ကော ပတ်သက်လာနိုင်သည်ဟု တွေးမိလာသဖြင့် မိမိ၏ပြေးလမ်း ကြိုတင်ရှာကြံနေလေတော့၏။





ထိုစဉ် ပိုင်ရှုက စာအိတ်နှစ်အိတ်ကို ထောင်ပြလိုက်သည်။

“ဂိုဏ်းချုပ်ကြီးနဲ့ ဆရာကြီးများခင်ဗျား . . ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးက ဆရာများဆီကို တမင်ပေးပို့ခိုင်းလိုက်တဲ့ စာနှစ် စောင်ကို ကျွန်တော်တို့မောင်နှမ ယူလာခဲ့ပါတယ်၊ ဒီစာနှစ်စောင်ကို ကျွန်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီး မှာကြားလိုက်တဲ့စကားအတိုင်း ကျန်လုဂိုဏ်းချုပ်ကြီးရဲ့လက်ထဲကို ပေးအပ်လိုက်ပါပြီ၊ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင်ပဲ ဟောဒီက ဆရာ့ဆရာကြီးများကို ဖတ်ပြလိမ့်မယ်လို့ မျှော်လင့်ပါတယ်ခင်ဗျာ”

ဂိုဏ်းချုပ်ကြီးနန်သိုက်သည် မျက်မှောင်ကြုတ်လိုက်၏။

“မင်းတို့ဘာသာဖတ်ပြတော့ ဘာဖြစ်သလဲကွ၊ ဘာဖြစ်လို့ ငါ့ကို ကိုယ်စားလှယ်ငှားပြီးဖတ်ခိုင်းရတာလဲ”

ပိုင်ရှုက ပျာပျာသလဲဖြေရှင်းသည်။

“ဒီလိုမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးက ဂိုဏ်းချုပ်ကြီးနန်သိုက်ရှေ့မှာ သူ့စာကို ကျွန်တော်တို့ကိုယ်ကိုင် ဖတ်ပြရင် ဂိုဏ်းချုပ်ကြီးကို မလေးမစားပြုရာကျသတဲ့၊ ဂိုဏ်းချုပ် ကြီးရဲ့လက်ထဲကို ဒီစာတွေရှိရှိသေသေအပ်ပြီး ဖတ်ကြားပေးဖို့ ပန်ကြားပါလို့ ကျွန်တော်တို့ကို သေသေချာချာမှာကြားလိုက် ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးရဲ့စကားကို ကျွန်တော် တို့အနေနဲ့ တစ်ဆံချည်မျှင်လောက်တောင် မသွေဖီရဲတဲ့အတွက်

အခုလိုဆောင်ရွက်ရတာကို ခွင့်လွှတ်ပါဂိုဏ်းချုပ်ကြီးခင်ဗျား"

ဂိုဏ်းချုပ်ကြီးနန်သိုက် ဘဝင်ကျသွားသည်။

"ကဲ. . . ဒါဆိုရင်လဲ တစ်မျိုးပေါ့၊ ခွင့်လွှတ်ရမှာပေါ့"

သူသည် စာအိတ်တစ်အိတ်ကိုဖွင့်လိုက်၏။ အသံမြှင့်၍ အော်ပြောလိုက်သည်။

"ကဲ. . . အားလုံးနားထောင်ကြ၊ မဟူရာတမန်ဂိုဏ်းချုပ်ဆီက စာကိုဖတ်ပြမယ်"

ဖဖဖ



**အခန်း(၁၂)**

## ပြောင်ပြောင်လက်တိုင်း ရွှေမဟုတ်ပါ

"မိတ်ဆွေများခင်ဗျား ---

မိတ်ဆွေများသည် မြင်းပျံအာမခံဌာနမှသယ်ဆောင်သွားသည့် နှစ်တစ်ရာအတွင်း ရရှိရန်ခက်ခဲလှသော ပရဆေးမြစ်ကို လိုက်လံလုယူလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ် ကြိုတင်တွေးမိခဲ့ပါသည်။

သို့ရာတွင် မြင်းပျံအာမခံဌာန၏တာဝန်ခံချုပ်ဝမ်ချင်းကို ကျုပ်မယုံကြည်ပါ၊ မြင်းပျံအာမခံဌာ၏ မြင်းရထားခုနစ်စီး ထွက်ခွာသွားပြီးနောက် ကျွန်ုပ်၏ဂိုဏ်းသားများက တာဝန်ခံချုပ် ဝမ်ချင်းအား စောင့်ကြည့်နေခဲ့ကြပါသည်။

ကျွန်ုပ် ထင်မြင်ယူဆထားသည့်အတိုင်းပင် ဝမ်ချင်းသည် ရုပ်ဖျက်ကာ ပရဆေးမြစ်ကို လျှို့ဝှက်ယူဆောင်လျက် ရေလမ်းခရီးမှ ထွက်ပြေးလာသဖြင့် ကျွန်ုပ်တို့က ဝိုင်း၍ဖမ်းဆီးလိုက်ပါသည်။ ပရဆေးမြစ်သည် ကျွန်ုပ်တို့၏လက်တွင်းသို့ ရောက်ရှိပြီးဖြစ်နေပါသည်။

ပရဆေးမြစ်မရှိသောသေတ္တာများကို အသက်စွန့်လုယက်ခြင်းဖြင့် လူကြီးမင်းများ၏တန်ဖိုးရှိသောအသက်များ အချည်းအနှီး သေဆုံးရမည်ကို မလိုလားသဖြင့် ဤသို့အကြောင်းကြားရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်ပြောလိုသည့် အခြားသောအရေးကြီးသည့်အချက်မှာ ယခုလမည့် လပြည့်ည၌ သိုင်းလောက၏ကိစ္စအဝဝအတွက် တိုင်ပင် ဆွေးနွေးရန် မိတ်ဆွေများအားလုံး ဝါဆန်းတောင်ထိပ်သို့ ကြွရောက်လာပါရန် ဖိတ်ကြားလိုခြင်းဖြစ်ပါသည်။

လပြည့်ညပြည့်ရန် တစ်လတိတိ လိုအပ်ပါသေးသောကြောင့် မိတ်ဆွေများအနေဖြင့် ဝါဆန်းတောင်ထိပ်သို့ မပျက်မကွက် ကြွရောက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်ခင်ဗျား"

ကျောက်အိရှင်

မဟူရာတမန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး





ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်အသံကား တိတ်ဆိတ်သွားချေပြီ။

အောက်လမ်းသိုင်းသမားကြီးအားလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ရှောင်ဟိုးကား ခြေလှမ်းတပြင်ပြင်ဖြစ်နေသည်။

ကျန်လုဂိုဏ်းချုပ်ကြီးသည် ယခုရှိနေသည့် လူသိုက်ထဲ၌ အတွေ့အကြုံ အကြားအသိ ဗဟုသုတအများဆုံးဖြစ်သဖြင့် ခြေလှမ်းတပြင်ပြင်ဖြစ်နေသောရှောင်ဟိုးနှင့် ဒုတိယစာသည် ဆက်စပ်နေမည်လောဟု တွေးလိုက်မိ၏။ ရှောင်ဟိုး မည်သည့်ဘဝကလာသည်ကို ဂိုဏ်းချုပ်ကြီးနန်သိုက်အနေဖြင့် နားစွန်နားဖျား ကြားဖူးနားဝရှိထားပေသည်။

"ကဲ - ဒုတိယစာတစ်စောင် ရှိသေးတယ်၊ ဖတ်ပြဦးမယ်၊ ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် တစ်ဆိတ်လောက်တော့ ကျေးဇူးပြုပြီး နားထောင်ကြပါဦး"

"မိတ်ဆွေများခင်ဗျား -

ပရဆေးမြစ်အစစ်မပါရှိသောသေတ္တာများကို လုယက်မည့်လူများထဲ၌ ကျွန်ုပ်၏ဂိုဏ်းမှ သစ္စာဖောက်ရှောင်ဟိုးပါဝင်လာမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ကြိုတင်သတင်းရပြီးဖြစ်ပါသည်။

ထို့ကြောင့် သစ္စာဖောက်ရှောင်ဟိုးအား အခေါ်လွှတ်ရန် ကျွန်ုပ်၏ဂိုဏ်းမှ ကလေးငယ်နှစ်ဦးအား စေလွှတ်လိုက်ပါသည်။

ဤကိစ္စမှာ ကျွန်ုပ်တို့ မဟူရာတမန်ဂိုဏ်း၏ အတွင်းရေးသက်သက် ဖြစ်ပါသောကြောင့် မိတ်ဆွေများအနေဖြင့် ဝင်ရောက်နှောင့်ယှက်ခြင်းမပြုရန် မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား -”

ကျောက်အိရှင်

မဟူရာဂိုဏ်းချုပ်ကြီး

ကျန်လုဂိုဏ်းချုပ်ကြီး၏ စာဖတ်သံရပ်သွားသည်နှင့် ဖြောင်းခနဲ အသံကြီးတစ်သံ ကြားလိုက်ရသဖြင့် အရင့်အမာ သိုင်းသမားကြီးများသည် ရုတ်တရက် ထိတ်လန့်သွားကြ၏။ အသံကြားရာသို့ ငိုင်းကြည့်မိလိုက်ကြသည်။

ရှင်းတိသည် သူယူထားသည့် သေတ္တာအနက်ကလေးကို လက်သီးဖြင့် ထိုးခွဲလိုက်ခြင်းသာဖြစ်သည်။ အထဲ၌ရှိနေသည့် အရာများမှာ သစ်တုံးအတိုအစများသာ ဖြစ်နေ၏။

ရှင်းတိမှာ သူလေးစားယုံကြည်ခဲ့သောဝမ်ချင်းအား အကြီးအကျယ် စိတ်ဆိုးသွား၏။ အသားများ တဆတ်ဆတ်တုန်လာသည်အထိ ဒေါသထွက်လာသည်။

ယုတ်မာကောက်ကျစ်သူသည် ချိုသာစွာ ပြုမူဆက်ဆံတတ်သော်လည်း ထိုပြုမူဆက်ဆံမှုကို အကြွင်းမဲ့ဥဿုံ မယုံကြည်သင့်ပေ။ သူတို့၏လျှာဖျား၌ ပျားရည်ဖြင့်လိမ်းကျံထားသော်လည်း လျှာဖျားမှကင်းလွတ်သည့် သူတို့၏ ဝမ်းတွင်းတစ်ကိုယ်လုံး၌





ကောက်ကျစ်မှုတည်းဟူသောအဆိပ်ဖြင့် အတိပြီးနေတတ်လေ၏။

ကြောက်လွှင်မှာလည်း သစ်တိုသစ်စများကိုကြည့်လျက် ငိုင်နေမိသည်။ ကြောက်လွှင်အဖို့ ရှင်းတိထက်ပင် ပို၍ခံစားချက်ပြင်းသည်။ သူနှင့်ဝမ်ချင်းသည် သွေးသောက်ညီအစ်ကိုများ မဟုတ်ပါလော။

သွေးသောက်ညီအစ်ကိုများသည် များသောအားဖြင့် ညီရင်းအစ်ကိုများထက်ပင် ချစ်ခင်ကြင်နာပြီး တစ်ဦးအတွက် တစ်ဦးက အသက်စွန့်ရန် ဝန်မလေးတတ်ကြသည့်သဘောရှိပေသည်။

ယခုမူ - လည်ဆံမွေးတဖွားဖွား၊ မာန်စွယ်တကြွားကြွားဖြင့် ပြောင်မြောက်စွာပြုလုပ်ထားသော ရွှံ့ရုပ်ခြသေ့သည် တကယ့်သက်ရှိ ခြသေ့ပမာ မည်သို့မျှ အသက်မဝင်နိုင်သကဲ့သို့ သစ္စာမဲ့သော သွေးသောက်ညီအစ်ကိုသည်လည်း မည်သည့်အခါမျှ သစ္စာရှိသော သွေးသောက်ညီအစ်ကို ဖြစ်လာလိမ့်မည်မဟုတ်ပေ။

ကြောက်လွှင်သည် ရှက်လည်းရှက်၊ ခံလည်းခံပြင်းနေသဖြင့် ရှင်းတိ ထိုးခွဲထားသော သေတ္တာအပျက်ကို ခြေထောက်ဖြင့် ပစ်ကန်ပစ်လိုက်တော့သည်။

ပရဆေးမြစ် လာလုသော အောက်လမ်းသိုင်းသမားကြီးများသည်လည်း ရှင်းတိနှင့် ကြောက်လွှင်တို့အား သနားသလိုငေးကြည့်နေမိသည်။

စွန်ရန်က စိတ်ပျက်စွာပြောလိုက်သည်။

"ဒီကောင်ကတော့ တကယ့်ကို စိတ်ပျက်စရာကောင်းတဲ့ကောင်ပဲကွာ၊ ငါက သူနဲ့ရန်ငြိုးရှိလို့ လာစောင့်နေတာကွ၊ တကယ့်မြေခွေးပါပဲကွာ"

ရှင်းတိသည် အားလုံးကိုတောင်းပန်လိုက်၏။

"ဆရာကြီးများကို ကျွန်တော်ကပဲ တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်ဟာ တကယ့်ပရဆေးမြစ်ပါတယ်ထင်ပြီး ကိုယ့်အသက်စွန့် ကာကွယ်ဖို့တောင် ဆုံးဖြတ်ထားခဲ့ပါတယ်၊ တကယ်လို့ အဲဒီလိုများ အသက်စွန့်ကာကွယ်ခဲ့မိရင် တမလွန်ဘဝကနေ ဘယ်လောက်များ နောင်တရမိလိုက်မလဲ မသိပါဘူးဗျာ"

ထိုအချိန်မှာပင် သေမင်းတမန်ရှောင်ဟိုးသည် လုစ်ခနဲပြေးထွက်သွားလေတော့၏။

ပိုင်ရှုနှင့် ချစ်ချစ်တို့က တစ်ခစ်ခစ်ရယ်မောလိုက်သည်။

ပိုင်ရှုက -

"ညီမလေး - သစ္စာဖောက်ကြီးတော့ ထွက်ပြေးသွားပြီ၊ စောင့်ကြည့်ဦးမလား"

"အိုး - အစ်ကိုလေးကလဲ - ဘာဖြစ်လို့ စောင့်ကြည့်ရမှာလဲ၊ ဂိုဏ်းချုပ်ကြီးက တစ်ခါတည်းဖမ်းခဲ့ဖို့ အမိန့်ပေးလိုက်တယ် မဟုတ်





လား၊ ခုချက်ချင်းလိုက်ရမှာပေါ့"

ပိုင်ရှုက ကျန်လုဂိုဏ်းချုပ်ကြီးအား ဂါရဝပြုလိုက်ပြီး -

"ဂိုဏ်းချုပ်ကြီးခင်ဗျား - ကျွန်တော်တို့ဂိုဏ်းက သစ္စာဖောက်ကို လိုက်ဖမ်းရဦးမှာမို့ ခွင့်ပြုပါဦးခင်ဗျာ"

ကျန်လုဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်ပြလိုက်သောအခါ ပိုင်ရှုနှင့်ချစ်ချစ်တို့သည် ဖျံလွှားငှက်ကလေးများပမာ ပြေးလွှား ထွက်သွားကြလေတော့၏။

ပရဆေးမြစ်အတွက် လောဘထွက်နေခဲ့ကြသည့် သိုင်းသမားများသည် ပရဆေးမြစ်မရနိုင်ပြီဟု သိလိုက်ကြပြီဖြစ်၍ တစ်ဦးနှင့်တစ်ဦး ရန်ပြုလိုစိတ် မရှိကြတော့ပေ။

စွန်ရန်မှအစ သိုင်းသမားအားလုံး တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြရာ နောက်ဆုံး၌ ကျန်လုဂိုဏ်းချုပ်ကြီး နန်သိုက်တစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ကျန်လုဂိုဏ်းချုပ်ကြီးက ရှင်းတိအား တစ်ချက်ကြည့်လိုက်ပြီး

"မင်းဟာ ရှေ့ကို အများကြီးတက်လမ်းရှိတယ်၊ လူတိုင်းကို တော့မယုံနဲ့၊ ယုံရင် အခုဖြစ်သလိုဖြစ်ဦးမှာပဲ၊ ကဲ - ငါလဲသွားတော့မယ်၊ လပြည့်ညကျတော့မှပဲ ဝါဆန်းတောင်ထိပ်မှာ ဆုံကြတာပေါ့"

ရှင်းတိသည် ဦးညွတ်၍ဂါရဝပြုလိုက်သည်။ သူ ခေါင်းပြန် မော့သောအခါ ဝိဏ်းချုပ်ကြီးနန်သိုက်ကို မတွေ့ရတော့ချေ။

သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်ပျောက်ကွယ်သွားသည်မှာ သေချာနေပေပြီ။ ဝိဏ်းချုပ်ကြီးနန်သိုက်၏တပည့်များကမူ သစ်တောများအကြားသို့ ပြေးဝင်ပျောက်ကွယ်သွားတော့သည်။

သေတ္တာခြောက်လုံးသည် ဟိုတစ်လုံး၊ သည်တစ်လုံး၊ ပြန့်ကျဲ နေလေ၏။ ကြောက်လွင် ကန်ထုတ်လိုက်သည့်အနက်ရောင် သေတ္တာကား ခပ်ဝေးဝေး၌ရောက်ရှိနေ၏။

အန္တရာယ်အားလုံးလည်း ကင်းဝေးသွားပြီ။ သူတို့အားလုံး လည်း အလိမ်ခံလိုက်ကြရပြီ။ ရှင်းတိနှင့်ကြောက်လွင် အပါအဝင် အာမခံဌာနမှ သိုင်းဆရာကြီးများသည် အားလုံး ခြေပစ်လက်ပစ် ဖြစ်သွားကြတော့သည်။

ကြောက်လွင်နှင့် ရှင်းတိတို့နှစ်ယောက်စလုံးသည် စိတ်ပျက် ခြင်း၊ နာကြည်းခြင်း၊ မခံချိမခံသာဖြစ်ခြင်းတို့ ရောထွေးခံစားနေရ သဖြင့် တစ်ဦးနှင့်တစ်ဦး ရုတ်တရက် စကားမပြောမိကြပေ။

အတန်ကြာမှ ကြောက်လွင်က ဖျော့တော့ညိုးနွမ်းစွာ ပြော လေသည်။

"အစ်ကိုတော့ အကြီးအကျယ် စိတ်ဓာတ်ကျမိတာပါပဲ ညီလေး ရှင်းတိရာ၊ ဘာလုပ်လို့ ဘာကိုင်ရမယ်မှန်းတောင် မသိ





တော့ပါဘူး"

"အစ်ကိုကြောက်လွင် အခုဆိုရင် နောင်တော်ကြီး ဝမ်ချင်း ဟာ မဟူရာတမန်ဝိဏ်းရဲ့လက်ထဲ ကျရောက်နေပြီဆိုတဲ့ သဘော ပဲပေါ့နော်"

"ဒီသဘောပါပဲ"

"ဒါဆိုရင် မြင်းပျံအာမခံဌာနဟာ ပျက်စီးပြီလို့ ဆိုရမှာပေါ့"

"ဒီလိုပဲဆိုရမှာပဲ၊ အစ်ကိုနဲ့ချင်ရိတို့နှစ်ယောက် ကြပ်ကြပ်မမ အုပ်စီးနိုင်မယ်ဆိုရင်တော့ အခြေအနေက ဒီအတိုင်း ဆက်ပြီး တည်တံ့ရင် တည်တံ့မှာပေါ့လေ၊ ဒါပေမယ့် ညီလေးသိတဲ့အတိုင်းပဲ အစ်ကိုတို့ရဲ့ သိုင်းပညာဟာ လောက်လောက်လားလား မရှိသေး ဘူး။ ဒီသိုင်းပညာနဲ့ အာမခံဌာနကြီးတစ်ခုလုံးကို ဦးစီးနိုင်လောက် ပြီလို့ မယုံကြည်နိုင်သေးဘူး"

စင်စစ် ကြောက်လွင်သည် မြင်းပျံအာမခံဌာန၌ ဝင်ရောက် အမှုထမ်းရန် ရည်ရွယ်ခဲ့ခြင်းမဟုတ်ပေ။ သိုင်းပညာ ပေါက်ပေါက် မြောက်မြောက် တတ်ကျွမ်းစေရန် သိုင်းလောကထဲဝင်လာခြင်း ဖြစ်သည်။

သို့သော် ဝမ်ချင်းအားငဲ့ညှာပြီး မြင်းပျံအာမခံဌာနသို့ ဝင် ရောက်ခဲ့ခြင်းဖြစ်ပေသည်။

ယခု ဝမ်ချင်းကား ကြောက်လွင်နှင့်ရှင်းတိတို့အား မညှာမတာပြုသွားခဲ့လေပြီ။

ကြောက်လွင်မှာ မြင်းပျံအာမခံဌာနကိုလည်း ဦးမစီးနိုင်၊ အခြားတစ်ဘက်မှ သူလိုချင်သည့်သိုင်းပညာကိုလည်း မရနိုင်ဘဲရှိသော တောင်မရောက် မြောက်မရောက်ဘဝသို့ ရောက်ရှိနေခဲ့ရလေတော့၏။

ရှင်းတိက -

"ဒီလူ ဒီလောက်ကောက်ကျစ်လိမ့်မယ်လို့ ကျွန်တော်တော့ လုံးဝမထင်ခဲ့မိဘူးဗျာ၊ စကားက တယ်ချိုတာပဲကိုး"

ကြောက်လွင်က မချိုပြုံး ပြုံးလိုက်ပြီး -

"ညီလေးလို မနေ့တစ်နေ့ကတွေ့တဲ့လူ၊ လူကဲမခတ်နိုင်တာ ဘာဆန်းသလဲကွာ၊ အစ်ကို့လို နှစ်ပေါင်းတော်တော်ကြာ ပေါင်းခဲ့တဲ့ သွေးသောက်ညီအစ်ကိုတောင် သူ့သဘောကိုမသိခဲ့တာဘဲဉစ္စာ"

ရှင်းတိက -

"ဒါတွေထားလိုက်ပါတော့ဗျာ၊ အခု ဘယ်လိုလုပ်မလဲ၊ လာမယ့် လပြည့်ညအမီ ဝါဆန်းတောင်ကို ကျွန်တော်နဲ့အတူတူ လိုက်ခဲ့မလား"

ကြောက်လွင်က စိတ်ပျက်လက်ပျက်ခေါင်းခါလိုက်၏။





"အစ်ကိုကတော့ ဝါဆန်းတောင်ကို မလိုက်ချင်တော့ပါဘူး ကွာ၊ အစ်ကို့အနေနဲ့ အခုလို ခြေပစ်လက်ပစ်ပဲ ထိုင်နေချင်တော့ တယ်၊ ဒါပေမယ့် ညီလေးအနေနဲ့ကတော့ အဲဒီတောင်ကို သွားသင့် တယ်၊ သိုင်းလောကထဲက သိုင်းသမားတော်တော်များများနဲ့ တွေ့ရ မယ်၊ သိုင်းလောကရဲ့ အတွေ့အကြုံသစ်တွေရလိမ့်မယ်၊ ဒါကြောင့် ညီကတော့ သွားပါကွာ"

"အစ်ကိုကြောက်လွင်က ဘယ်ကိုပြန်မှာလဲ၊ မြင်းပျံအာမခံ ဌာနကို ပြန်လို့ဖြစ်ပါတော့မလား"

ကြောက်လွင်သည် 'ဟင်း'ခနဲ သက်ပြင်းချလိုက်၏။ မှန်သည် အဖို့ ဆုတ်လည်းစူး၊ စားလည်းရူး ဖြစ်နေသည်။

သူ၌ မြင်းပျံအာမခံဌာသို့ မပြန်လျှင်မဖြစ်သည့်ကိစ္စကလည်း ရှိနေသည်။

"အစ်ကို့အနေနဲ့ နန်ကင်းကိုမပြန်လို့ မဖြစ်ဘူးညီလေးရေ၊ အာမခံဌာနက သိုင်းဆရာတွေရဲ့လစာကိစ္စကို ဆောင်ရွက်ပေးရ မယ်၊ ဒါမှ သူတို့အတွက်လဲ အနည်းအကျဉ်း ရှုသာ(?)ရှိက်သာ ရှိမှာပေါ့"

"ဟို - ပရဆေးမြစ်ပိုင်ရှင်ကိစ္စကကော ဘယ်လိုလုပ်မလဲ"

"ဒါကိုတော့ အမှန်အတိုင်း ရှင်းပြရမှာပဲ၊ တာဝန်ခံချုပ်ကိုယ်တိုင် ဖောက်ပြန်သွားတဲ့နောက် အစ်ကိုတို့အနေနဲ့ ဘာတတ်နိုင်

တော့မှာလဲ"

"နောက်တော့ အစ်ကိုကြောက်လွှင် ဘာလုပ်မလဲ"

"အစ်ကို့အနေနဲ့ သိုင်းလောကက ခွာတော့မယ်၊ ဇာတ်မြှုပ်နေတဲ့ ဆရာကောင်းသမားကောင်း ရှိတယ်ဆိုရင်တော့ သိုင်းပညာကို ပြန်ပြီးသင်ကြားပါဦးမယ်၊ အဲဒီအခါမှာ ညီလေးနဲ့အစ်ကို ကံမကုန်ရင်တော့ ပြန်ဆုံကြသေးတာပေါ့ ညီလေးရာ"

ကြောက်လွှင်သည် အခက်အခဲများ တွေ့ရပြီးသည့်အခါမှာ ရှင်းတိ၏ အနစ်နာခံမှု၊ ရိုးသားမှုတို့ကို ပိုသိလာပြီး ပိုသံယောဇဉ် တွယ်လာမိသည်။

သို့သော် သူ့အနေဖြင့် ရှင်းတိနှင့်အတူ ဆက်လက်ခရီးသွားစရာ အကြောင်းမရှိတော့ပါ။

သူသည် ရှင်းတိအတွက် မြင်းတစ်ကောင်နှင့် ငွေအချို့ ပေးအပ်လိုက်သည်။

"ညီလေး အစ်ကိုတတ်နိုင်သမျှ ပေးလိုက်တာပါပဲ၊ သိုင်းလောကဟာ အင်မတန် ပရိယာယ်များပါတယ်၊ ဝမ်ချင်းလိုလူတွေဟာ သိုင်းလောကထဲမှာ အများကြီးရှိပါတယ်၊ မဟူရာတမန်ဂိုဏ်းဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်ဆိုတာလဲ မမေ့ပါနဲ့"

ကြောက်လွှင်သည် တကယ့်စိတ်ရင်း စေတနာရင်းဖြင့်





ရှင်းတိအနေဖြင့် ရှောင်သင့်သည့်အချက်များ၊ ဆောင်သင့်သည့်အချက်များ၊ သိုင်းလောက၏စည်းကမ်းများကို ရှင်းလင်းပြောပြသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြောက်လွှင်၊ ကျွန်တော်ဟာ ဝီးရောင်ကို ရွှေတောင်ထင်ခဲ့မိပါတယ်၊ ပြောင်ပြောင်လက်တိုင်း ရွှေမဟုတ်ဘူးဆိုတာ မြင်းပျံအာမခံဌာနရဲ့ တာဝန်ခံချုပ်ကြီးနဲ့ ပေါင်းသင်းဆက်ဆံခဲ့တော့မှပဲ သိရှိခဲ့ပါတော့တယ်"

ကြောက်လွှင်က မချိပြုံးပြုံးလိုက်မိသည်။

"အစ်ကိုလဲ ညီလေးလိုပါပဲကွာ၊ ရွှေကြောင်း ဖယောင်းသိ၊ လူအကြောင်း ပေါင်း၍ကြည့်ဆိုတဲ့ စကားဟာ အတော်ကိုမှန်တာပါပဲ၊ ဒါပေမယ့် အစ်ကိုတို့လို နောက်ကျမှ ဒီလူအကြောင်း သိလိုက်ရတာတော့ နစ်နာလှပါတယ်ကွာ၊ ကဲ - ညီလေး သွားပေတော့၊ အစ်ကိုလဲ သွားတော့မယ်"

ကြောက်လွှင်သည် သူ၏အာမခံဌာနမှ သိုင်းဆရာများကို ခေါ်ဆောင်လျက် ပြန်လည်ထွက်ခွာသွားတော့သည်။

ရှင်းတိမှာ ကြောက်လွှင်အား ရီဝေသောမျက်လုံးများဖြင့် ငေးမောကြည့်၍ ကျန်ရစ်ခဲ့လေတော့သည်။

## အခန်း(၁၃)

## ဝတ်ရုံစိမ်းနှင့်အဘိုးအို

မြင်းတစ်စီးနှင့်လူတစ်ယောက်

မြင်းသည် ပျင်းရိပျင်းတွဲ တစ်လှမ်းချင်းသွားနေ၏။ မြင်းပေါ်မှ လူငယ်မှာလည်း ဝါးခမောက်ကြီးတစ်ခုကို ဆောင်းထားပြီး မှိန်း၍ လိုက်ပါလာ၏။

စင်စစ် သူအိပ်ငိုက်လာသည်မဟုတ်ပါ။ စဉ်းစားလာခြင်းသာ ဖြစ်ပါသည်။

သူသည် ရှင်းတိဖြစ်၏။ သူသည် ခုနစ်နှစ်သားအရွယ်ခန့်မှ ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်သားအရွယ်ခန့်အထိ လှေနှင့်ကမ်းစပ်၊ ကမ်းစပ်နှင့်လှေဟူ၍သာ ကူးလူးဆက်ဆံခဲ့ရသည်။





လူ့လောကနှင့်ဆက်စပ်မှုမရှိ၊ သိုင်းလောကနှင့်ဆက်စပ်မှု မရှိသဖြင့် လူ့လောကသဘာဝ၊ သိုင်းလောကသဘာဝအကြောင်း သူ သိပ်မသိခဲ့ပေ။

ထိုက်မွန်ယောင်ထံမှ ထွက်ပြေးလာခဲ့ပြီးနောက် မေတ္တာရှင် ညီအစ်မနှင့် တွေ့ကြုံလိုက်ရ၍သာ သူသည် လူကောင်းသူကောင်း ဘဝသို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည်။

အကယ်၍ သူ ပထမဦးဆုံး မှီခိုလိုက်ရသည့်လူသည် ဤ မေတ္တာရှင် ညီအစ်မနှစ်ဦးမဖြစ်ဘဲ အခြားလူဆိုး သူဆိုး တစ်ဦးဦး ဖြစ်ပါက သူ့ဘဝသည်လည်း ဆိုးညစ်မှောင်မိုက်သွားရန် အကြောင်း ရှိပေသည်။

ဒုတိယအကြိမ် သူတွေ့ဆုံလိုက်ရသည့် လူမှာလည်း လူထူးလူဆန်းဖြစ်သော်လည်း စိတ်ရင်းစေတနာရင်းကောင်းသည့် လူထူးလူဆန်းဖြစ်နေသဖြင့် ရှင်းတိအဖို့ လူကောင်းသူကောင်းဖြစ်ရန် ပို၍အဆင်ပြေသွားစေခဲ့၏။

သို့သော် - နောက်ဆုံးအကြိမ်တွေ့လိုက်ရသူည့် ဝမ်ချင်းကမူ သူ၏စိတ်နှလုံးကို ကောင်းကောင်းကြီး ဒုက္ခပေးခဲ့သူ ဖြစ်ပေသည်။

သူသည် လွန်စွာစိတ်ထိခိုက်၏။ အယုံလွယ်လျှင် ဒုက္ခရောက်တတ်ကြောင်း သင်ခန်းစာရခဲ့၏။ ရန်သူအား လက်စားချေရန် ရှာဖွေရာတွင် ကိုယ့်အစွမ်းအစထုတ်ခြင်းသာ အကောင်းဆုံး

ဖြစ်ကြောင်း နားလည်သဘောပေါက်လာ၏။

သူသည် ယခုအခါ ကြောက်လွင်တို့ ထွက်သွားရာဘက်သို့ ခရီးမနှင်တော့ချေ။ ထိုဘက်သို့ ခရီးနှင်လျှင် နန်ကင်းသို့ ပြန်ရောက်သွားပေလိမ့်မည်။ သူသည် ထင်မြို့သို့ရှေးရှု၍ ခရီးထွက်လာခဲ့တော့သည်။

ထင်မြို့သည် ဝါဆန်းတောင်သို့သွားသည့် ခရီးစဉ်၌ ခရီးတစ်ထောက်လည်း ဖြစ်ပေသည်။ ရှင်းတိအနေဖြင့် ဝါဆန်းတောင်သို့ သွားရင်း မြင်းဝိဇ္ဇာတင်ရိအား စုံစမ်းမည်ဟု ပိုင်းဖြတ်လာခဲ့၏။

ထင်မြို့သို့ရောက်သောအခါ တည်းခိုခန်းတစ်ခု၌ ဝင်ရောက်တည်းခို၏။ ဆိုင်လုလင်များအား မြင်းဝိဇ္ဇာတင်ရိဆိုသူ ရှိမရှိ မေးမြန်းရာ ကြားပင်မကြားဘူးကြောင်း ဖြေဆိုကြသည်။ သူ သက်ပြင်းချမိသည်။

အဘယ်ကြောင့်ဆိုသော် မြင်းဝိဇ္ဇာတင်ရိအား ရှာဖွေ တွေ့ရှိနိုင်ရန်အတွက် တရုတ်ပြည်တစ်ပြည်လုံးသို့ ခြေဆန့်ရတော့မည်ဆိုသည့်အချက်ကို သူနားလည်သဘောပေါက်လိုက်မိပြီး ဖြစ်သောကြောင့်တည်း။

သူသည် တည်းခိုခန်း၌ တစ်ညတည်းခို၏။

နောက်တစ်နေ့နံနက်စောစော ခရီးထွက်သောအခါ တရုတ်ပြည်၏မြို့တော်ဟောင်းဖြစ်ခဲ့ဖူးသည့် ချီဖုမြို့ကလေးသို့ ဆိုက်





ရောက်ခဲ့လေတော့သည်။

ချီဖုမြို့ကလေးသည် တရုတ်သမိုင်း၌ အထင်ကရရှိခဲ့သော မြို့ကလေးဖြစ်၏။

ချူခေတ်က မြို့တော်ဖြစ်ခဲ့ဖူးပြီး တရုတ်တစ်ပြည်လုံးက ရိုသေလေးစားခဲ့သော တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်ကို မွေးဖွားရာဇာတိလည်းဖြစ်ခဲ့ပေသည်။

သို့သော် ယခုအခါ၌ ခေတ်အခြေအနေအရ ချီဖုမြို့ကလေးသည် မြို့ငယ်ကလေးအဆင့်သို့ လျောကျသက်ရောက်ခဲ့ရလေပြီ။

သစ်ငုတ်မြင့်တုံ မြက်မြင့်တုံဆိုသည့်စကားက မှန်လှပေတကား။

သို့ရာတွင် ချီဖုမြို့သည် မြို့သိမ်မြို့ငယ်ကလေးဘဝသို့ ရောက်ရှိသွားခဲ့သည့်တိုင် တရုတ်တစ်ပြည်လုံးမှ ခရီးသွားများ ယခုအချိန်ထိ ဝင်လာမစဲ တသဲသဲ ရှိနေကြပေသေးသည်။

ထိုသို့ ဝင်လာကြရခြင်း၏ အကြောင်းရင်းမှာ ချီဖုမြို့ကလေး၌ ကျော်ကြားလှသော ကွန်ဖြူးရှပ်ဥယျာဉ်ကြီး ရှိနေသောကြောင့်ပေတည်း။

ကွန်ဖြူးရှပ်ဥယျာဉ်သည် ကျယ်ဝန်းလှပြီး စိမ်းလန်းသော မြက်ခင်းပြင်များ၊ အရောင်စုံသော ပန်းပင်များ၊ ရောင်စုံငါးများရှိ

သည့်ရေကန်များ အလွန်တရာလှပဆန်းကြယ်သည့် ကျေးငှက်များကြောင့် ဥယျာဉ်အတွင်းသို့ ရောက်ရှိလာသူတိုင်း စိတ်နှလုံးအေးချမ်းမှုကို ငြိမ်းချမ်းစွာခံစားကြရသည်။

လူတို့ပြုလုပ်ထားသည့် ဥယျာဉ်ဖြစ်သော်လည်း နတ်ဒေဝတာတို့ဖန်ဆင်းသည့် ဥယျာဉ်ကြီးအလား ခရီးသွားတို့၏စိတ်ထဲ၌ ထင်မှတ်ကြရသည်။

ချီဖုမြို့တွင်းသို့ဝင်သည်နှင့် ရှင်းတိသည် ဤကွန်ဖျူးရှပ် ဥယျာဉ်ကြီးအကြောင်း စတင်ကြားသိရတော့သည်။

သူကဲ့သို့ အတွေးပေါင်းစုံဖြင့် ဦးနှောက်ခြောက်လာသူတစ်ဦးအဖို့ ဤဥယျာဉ်ကြီးသည် နတ်ဥယျာဉ်ကြီးသဖွယ် ဦးနှောက်ဆေးရာ ဥယျာဉ်ကြီးဖြစ်လိမ့်မည်ဟု သူ့စိတ်ထဲ၌ အသေအချာယုံကြည်မိ၏။

ထိုအတွေးကြောင့် ချီဖုမြို့၏တည်းခိုဆောင်၌ အခန်းငှားရမ်းပြီးသည်နှင့် ကွန်ဖျူးရှပ်ဥယျာဉ်ရှိရာအရပ်သို့ တစ်ကိုယ်တည်း လမ်းလျှောက်ထွက်လာခဲ့တော့သည်။

"ဟာ - တယ်လဲ သာယာတဲ့ဥယျာဉ်ကြီးပါလား၊ ကြားရတဲ့ စကားထက်တောင် သာယာနေပါကလား"

ရှင်းတိသည် စိမ်းလန်းစိုပြည်၍ ရောင်စုံပန်းများ ဖူးပွင့်ဝေ နေသည့်ဥယျာဉ်ကြီးကို ငေးမောကြည့်မိတော့သည်။





သူသည် ဥယျာဉ်ကြီးထဲသို့ လျှောတ်မှန်းမသိ လျှောက်ဝင်လာမိရာ သူနှင့်တူရူ မလှမ်းမကမ်းမှ အဘိုးအိုတစ်ဦး လမ်းလျှောက်လာသည်ကိုလည်း အမှတ်မထင်တွေ့ရှိလိုက်ရသည်။

ထိုအဘိုးအိုသည် ပခုံးမှခြေခုံအထိ ဝတ်ရုံစိမ်းကြီးဝတ်ဆင်ထား၏။ မုတ်ဆိတ်ဖြူကြီးမှာ ရင်ဘတ်ရှေ့အထိ ဖားလျားကျနေသည်။

ရှည်လျားသော တောင်ဝှေးကြီးတစ်ချောင်းကို တဒေါက်ဒေါက် ထောက်ရင်း လျှောက်လာရာ လွန်စွာမှ ကြည့်၍ခန့်ညားလှပေသည်။

ရှင်းတိသည် အလွန်သာယာလှသော ဥယျာဉ်ကြီးအတွင်း၌ အလွန်တရာ ခန့်ညားလှသော အဘိုးအိုအား တွေ့လိုက်ရသောအခါ လုံးဝ မျက်စိလွှဲ၍မရဘဲ ဖြစ်သွားသည်။

အဘိုးအိုသည် အသက်ကြီးလှပြီဖြစ်သော်လည်း မျက်လုံးများက တပြောင်ပြောင်တလက်လက် တောက်ပနေသည်။ ထိုမျက်လုံးမျိုးသည် အဆုံးစွန်ရောက်အတွင်းအားပိုင်ရှင်များ၏ မျက်လုံးဖြစ်ကြောင်း ယခုအချိန်၌ ရှင်းတိသိနေပြီးလေပြီ။

ရှင်းတိသည် အဘိုးအိုကို တွေ့လိုက်ရကတည်းက ဆက်၍ လမ်းမလျှောက်နိုင်တော့ပေ။ အဘိုးအိုကိုသာ ငေးမော၍ကြည့်နေမိလေ၏။

အဘိုးအိုကသာ တဖြည်းဖြည်း သူရှိရာသို့ လျှောက်လာနေ၏။ အဘိုးအိုနှုတ်မှ ရှေးဟောင်းစစ်ချီတေးတစ်ပုဒ် သီဆိုလာသည်ကိုလည်း ရှင်းတိကြားနေရသည်။

စင်စစ် ရှင်းတိအနေဖြင့် ယင်းတေးကို စစ်ချီတေးမှန်းမသိပါ။ ဖွဲလန်ထံ၌ရှိနေစဉ်က ဖွဲလန်သည် သူ့အား စာပေသင်ကြားပေးရင်း ရှေးဟောင်းစစ်ချီသီချင်းများအကြောင်းကိုလည်း ရှင်းပြခဲ့သည်။

ဖွဲလန်ရှင်းပြသည့် ရှေးဟောင်းစစ်ချီသီချင်းတစ်ပုဒ်မှ မြားဆယ်စင်း၊ လုံသုံးစင်းနှင့် ဓားရှည်သုံးစင်း စိုက်ဝင်နေပါလျက် ရန်သူတပ်ကြီးအတွင်းသို့ တရကြမ်းထိုးဖောက် ဝင်ရောက်တိုက်ခိုက်ကာ ရန်သူတပ်ကြီးအား ပြိုပျက်သွားစေပြီး အသေခံသွားသော သူရဲကောင်းတစ်ယောက်အကြောင်း သီဆိုဖွဲ့ထားသည့်အကြောင်းအရာ ပါရှိသည်။

ထိုရှေးဟောင်းစစ်ချီသီချင်း၏အမည်မှာ "တစ်ယောက်ကောင်းသော် တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေ" ဟူ၍ဖြစ်၏။ ဖွဲလန်သည် ထိုစစ်ချီသီချင်းကို သံနေသံထားဖြင့် သူ့အား တစ်ကြိမ်သီဆိုပြခဲ့၏။

ယခု ရှင်းတိ ကြားနေရသော အဘိုးအိုသီဆိုနေသည့်သီချင်းသည် ထိုစစ်ချီသီချင်းပင်ဖြစ်ပါတော့သည်။





အဘိုးအိုသည် မကြာမီပင် ရှင်းတိ၏ရှေ့သို့ ရောက်လာပြီး မားမားမတ်မတ်ရပ်လေ၏။

ရှင်းတိ၏တစ်ကိုယ်လုံး ထွင်းဖောက်မတတ် ကြည့်နိုင်စွမ်းရှိသော မျက်လုံးများ၏ဒဏ်ကြောင့် အရည်ပျော်ကျသွားသလို ခံစားလိုက်ရသည်။

အလွန်တရာ ကြည်ညိုလေးစားဖွယ်ကောင်းလှသည့် ဥပဓိရုပ်ကြောင့် သူသည် အလိုလိုဒူးညွှတ်သွားပြီး ဦးညွှတ်ဂါရဝပြုမိလေ၏။

"မင်းတောင် ရောက်လာပြီကိုး"

"ခင်ဗျာ"

ရှင်းတိမှာ အကြီးအကျယ် အံ့သြသွားမိတော့သည်။ အဘယ်မှာလျှင် မအံ့သြဘဲ ရှိပါအံ့နည်း။

ဤခန့်ညားလှသောအဘိုးအိုကို သူ့အနေဖြင့် ယခုတစ်ကြိမ်သာ မြင်ဖူးခဲ့သည် မဟုတ်ပါလော။ သူ မမြင်ဖူးသေးသော အဘိုးအိုက သူရောက်လာမည်ကို ကြိုတင်သိနေပုံမျိုး ပြောကြားနေသဖြင့်သာ ဤသို့ အံ့သြသွားရခြင်းဖြစ်သည်။

"မင်းအံ့သြသွားသလား"

"ခင်ဗျာ"

သူအံ့ဩသွားသည်ကိုလည်း အဘိုးအိုကသိနေပြန်သည်။

"မင်း - မအံ့ဩပါနဲ့၊ ငါတို့လိုလူမျိုးအဖို့ အာရုံထဲထင်လာသမျှ ဖြစ်ပေါ်လာတတ်တာ မဆန်းလှပါဘူး၊ မင်းကို ငါဒီဥယျာဉ်ထဲမှာ တွေ့ဆုံရလိမ့်မယ်လို့ ငါ့အာရုံထဲမှာ ရုတ်တရက်ထင် လာခဲ့တယ်၊ အခု ငါထင်တဲ့အတိုင်း တွေ့ရတာပဲ၊ မင်းအံ့ဩသေးသလား"

"မအံ့ဩတော့ပါဘူးခင်ဗျာ"

ရှင်းတိသည် အလိုက်သင့် အလျားသင့် ပြောနေရသော်လည်း အံ့ဩနေသည်သာဖြစ်ပါ၏။ သူသည် သိုင်းပညာကို ဆရာသမားတစ်ဦးထံ၌ စနစ်တကျ တိတိကျကျ လေ့လာသင်ကြားခဲ့ရသူမဟုတ်ပေ။ သိုင်းလောကထဲမှ ဇာတ်မြုပ်သွားသောသိုင်းသမားကြီးများ အကြောင်း၊ သမထအကျင့်လွန်သော သိုင်းဆရာကြီးများအကြောင်း သိုင်းပညာအလွန်ထူးချွန်သော်လည်း စိတ်ကူး ဆန်းကြယ်သဖြင့် ထင်ရှားမြင်ရာလုပ်လေ့ရှိသော သိုင်းဆရာကြီးများအကြောင်းကို ဆရာသမားများထံမှ ဗဟုသုတအဖြစ် နည်းယူခြင်း မပြုခဲ့ရပေ။

သူတွေ့ဖူးသည့်လူမှာ လူထူးလူဆန်းဆရာကြီး လောင်စိန်းသာ ဖြစ်၏။ ထိုဆရာကြီးပင် အစွမ်းထက်လှကြောင်း တွေ့ရသဖြင့် ယခုတွေ့ရှိရသော အဘိုးအိုမှာ ဆိုဖွယ်ရာမရှိဟူသောအသိကတော့ သူ့ရင်ထဲ၌ရှိနေသည်။





သို့သော် ထိုအဘိုးအို၏စွမ်းရည်ကိုကား ရေရေရာရာ ခန့်မှန်းနိုင်ခြင်းမရှိခဲ့ပေ။

"လူကလေး၊ ဒီရှုခင်းတွေ သာယာရဲ့လား"

"ဟုတ် - ဟုတ်ကဲ့၊ ကျွန်တော့်တစ်သက်မှာ ဒီလောက်သာယာလှတဲ့ရှုခင်းမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူးဘိုးဘိုး"

"ဒီဥယျာဉ်ရဲ့နာမည်ကိုရော သိရဲ့လားကွဲ့"

"ဟုတ်ကဲ့သိပါတယ်၊ ကွန်ဖျူးရှပ်ဥယျာဉ်လို့ ခေါ်ပါတယ်ဘိုးဘိုး"

"လူ့ဘဝဆိုတာ အင်မတန်တိုတောင်းတယ်၊ ဒီတိုတောင်းတဲ့လူ့ဘဝကလေးအတွင်းမှာ နာမည်ကျန်ခဲ့အောင် ထူးချွန်တဲ့လူဆိုတာ အင်မတန်ရှားတယ်၊ ကွန်ဖျူးရှပ်ဟာ တရုတ်လူမျိုးတွေအားလုံး ကြည်ညိုလေးစားခံရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်၊ ဒီလိုပုဂ္ဂိုလ်မျိုး တရုတ်ပြည်ကြီးမှာ ဘယ်နှစ်ယောက်ပေါ်ထွန်းခဲ့သလဲ"

ရှင်းတိမှာ အဘိုးအိုကို ငေးမောကြည့်ရင်း ငြိမ်နေမိသည်။ သူ၏ သေးငယ်လှသောအသိဉာဏ် ဗဟုသုတကလေးဖြင့် အဘိုးအိုအား ယှဉ်ပြိုင်ဆွေးနွေးနိုင်မည် မဟုတ်ပါ။

အဘိုးအိုက ဆက်ပြောသည်။

"လူကလေး ကွန်ဖျူးရှပ်က ဘာတွေပြောခဲ့သလဲ၊ ကောင်းမှု

ပြုသူကို ကောင်းမှုနှင့်တုံ့ပြန်ကြလော့၊ မကောင်းမှုပြုသူကိုလည်း ကောင်းမှုနှင့်တုံ့ပြန်ကြလော။ သို့မှသာ မကောင်းသူလည်း ကောင်းမှုကို ပြုလာလိမ့်မည်"လို့ ပြောခဲ့တယ်၊ လူကလေးစိတ်ထဲမှာ ဘာတွေ ရှိနေသလဲ၊ မကောင်းမှုပြုချင်တဲ့စိတ်တွေ ရှိနေသလား၊ ဖျောက်ပစ်လိုက်၊ ကွန်ဖျူးရှပ်ရဲ့ဆုံးမစကားတွေကို အသည်းနှလုံးထဲ ထည့်ထားလိုက်"

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်၏။ ရှင်းတီကိုလည်း အသေအချာကြည့်သည်။

"လူကလေး၊ မင်းရဲ့ဥပမိရုပ်ကို ငါကျေနပ်သဘောကျတယ်၊ မင်းရဲ့ခန္ဓာကိုယ်တည်ဆောက်ပုံကလဲ သိုင်းပညာလေ့ကျင့်တဲ့နေရာမှာ အင်မတန်အဆင်ပြေမယ့် အနေအထားမျိုးဖြစ်တယ်၊ ကဲ - ငါတို့လမ်းခွဲကြစို့"

ရှင်းတီမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

သူ အံ့ဩငေးမောနေခိုက် အဘိုးအိုသည် တောင်ဝှေးကို တဒေါက်ဒေါက်ထောက်ရင်း ဖြည်းညင်းစွာ ထွက်ခွာသွားသည်။

ရှင်းတီငေးမောကြည့်နေရင်းမှ စဉ်းစားနေမိသည်။ ဤအဘိုးအို၏ အသွင်သဏ္ဌာန် ထူးခြားသည်မှန်သော်လည်း ဤကဲ့သို့လှုပ်ရှားပုံမျိုးက သိုင်းပညာတတ်မြောက်သူများ၏ လှုပ်ရှားပုံမျိုးမဟုတ်ပေ။ သို့ရာတွင် မျက်လုံးများ ထူးခြားစွာ အရောင်တောက်ပြောင်နေခြင်းက သိုင်းပညာ အလွန်တရာထက်မြက်သည့် အတွင်းအားပညာရှင်ဖြစ်ကြောင်း ဖော်ပြနေပြန်သည်။





ထိုစဉ် အဘိုးအိုသည် အဝေးသို့ရောက်ရှိသွားပေပြီ။ သူ ရွတ်ဆိုနေသည့် ရှေးဟောင်း စစ်ချီတေးသံကမူ ရှင်းတီဆီသို့ လွင့်ပျံ့လာဆဲ ရှိနေသည်။

သူရဲကောင်းကြီးသည် မြားဆယ်စင်း ထိမှန်ခံနေရသည်။

သူရဲကောင်းကြီး၏ခန္ဓာကိုယ်၌ လှံတိုသုံးစင်း စိုက်နေ၏။ သူရဲကောင်းကြီး၏ရင်ဘတ်၌ ဓားရှည်သုံးချောင်း စိုက်ဝင်နေလေ၏။

သူရဲကောင်းကြီးသည် ရန်သူ၏တပ်များထဲသို့ တရကြမ်းတိုးဝင်သွား၏။

မကြာမီ အဘိုးအိုလည်းပျောက် တေးသံလည်း ပျောက်ကွယ်သွားတော့သည်။

ရှင်းတီသည် ကွန်ဖျူးရှပ်ဥယျာဉ်ထဲ လှည့်ပတ်ကြည့်ရှုချင်စိတ် မရှိတော့ပေ။ ထူးဆန်းသောအဘိုးအိုသည် သူ့အား အတွေးမျိုးစုံကို ပေးဝေခဲ့သည်။

နောက်ဆုံး သူတည်းခိုမည့် တည်းခိုခန်းသို့သာ ပြန်ခဲ့ရတော့၏။

နောက်တစ်နေ့နံနက်တွင် ရှင်းတီသည် တည်းခိုခန်းမှ ထွက်ခွာလာခဲ့တော့၏။ ရိစိမြစ်ကိုဖြတ်ကူးလျှင် ဝါဆန်းတောင်ရှိရာ တစ်

ဘက်ကမ်းသို့ရောက်ရှိနိုင်သည်ကို ကြိုတင်သိရှိပြီးဖြစ်၍ ရိုစီမြစ်ကမ်းသို့ မြင်းကို ခပ်ဖြည်းဖြည်းစီးလာခဲ့သည်။

မြစ်ကမ်းစပ်၌ ကူးတို့ဆိပ်ရှိရာ ထိုကူးတို့ဆိပ်၌ သူ့မြင်းကို အပ်ခဲ့သည်။ တစ်ကိုယ်တည်း တစ်ဘက်ကမ်းသို့ ကူးခဲ့သည်။ တစ်ဘက် မြစ်ကမ်းစပ်သည် ဝါဆန်းတောင်ခြေနှင့် မိုင်နှစ်ဆယ်ခန့် ဝေးလေ သည်။

သို့ရာတွင် ကိုယ်ဖော့ပညာကောင်းသူ သိုင်းသမားတစ်ယောက်အဖို့ ထိုမိုင်နှစ်ဆယ်မှာ ဝေးကွာသည့်အရပ်တစ်ခု မဟုတ်ပါချေ။

ဝါဆန်းတောင်တန်းသည် အလွန်တရာမြင့်မားလှ၏။ တောင်ထွတ်သည် တိမ်ညွှန့်ကြားသို့ ထိုးထွက်နေသလား ထင်မှတ်ရသည်။

တောင်ကြောတစ်လျှောက် ကြီးမားလှသော ထင်းရှူးပင်ကြီးများ ပေါက်နေသည်။

ရှင်းတိသည် တောင်ကြီးကိုကြည့်ပြီး မောသွား၏။ သူသည် သိုင်းလောကသို့ ယခုမှစတင်ဝင်ရောက်ခဲ့သူဖြစ်ရာ အဓိကရ သိုင်းဂိုဏ်းကြီးများရှိရာ တောင်ကြီးများသို့ ခရီးဆန့်ဖူးခြင်းမရှိ၍ ရင်မောသွားရခြင်းဖြစ်ပါသည်။

သိုင်းလောကသားများအဖို့ ဤတောင်တန်းကြီးများသည်





အဆန်းတကြယ် ရင်မောစရာတောင်တန်းများ မဟုတ်တော့ပါ။ ကိုယ်ဖော့ပညာကောင်းသူအတွက် ဘာမျှမပင်ပန်းသောခရီး ဖြစ်ပြီး ကိုယ်ဖော့ပညာညံ့သူများအတွက် အနည်းငယ်အပန်းဖြေပြီး တက်ရောက်နိုင်သည့် ခရီးများသာဖြစ်ပါသည်။

ရှင်းတိ ဤနေရာသို့ရောက်ရှိလာသည့်အချိန်မှာ လပြည့်မည့်နေ့ မဟုတ်ပါချေ။ ဝါဆန်းတောင်၏အခြေအနေကို လာရောက်စူးစမ်းခြင်းသာ ဖြစ်သည်။

ဤတောင်ထိပ်သို့ မြင်းဝိဇ္ဇာတင်ရှိ မရောက်လာနိုင်ဟု မည်သူ ပြောနိုင်ပါမည်နည်း။

သူသာကံကောင်းလျှင် ဤတောင်ထိပ်၌ မြင်းဝိဇ္ဇာတင်ရှိကို တွေ့ရှိနိုင်သည့်အပြင် မဟူရာတမန်ဂိုဏ်း၏ အကြံအစည်ကိုလည်း သိခွင့်ရပေလိမ့်မည်။

သူသည် တောင်ခြေရင်း၌ရပ်ကာ တောင်ထိပ်သို့ ငေးမော ကြည့်နေမိ၏။

ထိုစဉ် -

"သူရဲကောင်းကြီးသည် မြားဆယ်စင်း ထိမှန်ခံနေရသည်။ သူရဲကောင်းကြီး၏ခန္ဓာကိုယ်၌ လှံတိုသုံးချောင်း စိုက်ဝင်နေ၏။"

"သူရဲကောင်းကြီး၏ရင်ဘတ်၌ ဓားရှည်သုံးချောင်း စိုက်ဝင်

နေ၏။ သူ့ရဲကောင်းကြီးသည် ရန်သူ၏တပ်များထဲသို့ တိုးဝင်သွားလေ၏။"

ထိုအမိပ္ပာယ်ပါရှိသော ရှေးဟောင်းစစ်ချီတေးသံသည် ရှင်းတိ ရှိရာသို့ ပျံ့လွင့်လာသဖြင့် ရှင်းတိမှာ ထိတ်လန့်သွားတော့သည်။

သူသည် အသံလာရာသို့ လှမ်းကြည့်လိုက်သည်။ ထင်းရှူးပင်များအကြားမှ ထွက်ပေါ်လာခြင်းဖြစ်၍ လူကိုမမြင်ရသေးပေ။

ဤရှေးဟောင်းစစ်ချီတေးများကိုသီဆိုသူ မည်သူဖြစ်သည်ကို ရှင်းတိသိနေသည်။ ကွန်ဖျူးရှပ်ဥယျာဉ်ထဲမှ ဝတ်ရုံစိမ်းဝတ် အဘိုးအိုပင်ဖြစ်ရပါမည်။

မကြာမီ သစ်ပင်များကြားမှ ခပ်စိမ်းစိမ်းအရာတစ်ခု ပေါ်လာသည်။ ရှင်းတိ တွေးထင်ထားသည့်အတိုင်း ဝတ်ရုံစိမ်းဝတ် အဘိုးအိုပင် ဖြစ်ပါတော့သည်။

အဘိုးအိုသည် တောင်ဝှေးရှည်ကြီးကို တဒေါက်ဒေါက်ထောက်လျက် သူ့ထံသို့လျှောက်လာနေသည်။

ရှင်းတိကိုတွေ့သောအခါ အဘိုးအို၏မျက်ခုံးဖြူကြီးများက အပေါ်သို့တက်သွား၏။

"ဟ - လူကလေးပါလား၊ မင်းနဲ့ငါ ဒုတိယအကြိမ် ထပ်ဆုံကြ





ပြန်ပြီပေါ့၊ ကောင်းသဟေ့ - ဒီတစ်ခါလဲ ဝါဆန်းတောင်ရဲ့အလှကို လာပြီးလေ့လာနေတာပဲလား"

ရှင်းတိသည် လက်နှစ်ဖက်ဆုပ်ကာ ဒူးများကိုကွေးညွတ်လျက် ဦးညွတ်ဂါရဝပြုလိုက်သည်။

"ဘိုးဘိုးကကော ဘယ်များသွားမလို့ပါလဲခင်ဗျာ"

"ဟား - ဟား - ဟား - မင်းက ငါမေးတာကိုမဖြေဘဲ ငါ့ကို ပြန်မေးနေပါကလား"

ရှင်းတိက ကပျာကယာဖြေလိုက်ရသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် ဝါဆန်းတောင်ကို လာလေ့လာနေတာပါ၊ ဝါဆန်းတောင်ကို ကျွန်တော် တစ်ကြိမ်တစ်ခါမှ မရောက်ဘူးလို့ပါ"

အဘိုးအိုက တဟားဟားရယ်ပြီး -

"ဒီတစ်ခါ ငါဖြေအလှည့်ပဲ၊ ငါကတော့ သွားချင်ရာသွား၊ လာချင်ရာလာပဲ၊ အဲဒီလိုသွားနေရတာကို ငါပျော်တယ်၊ တတိယအကြိမ် မင်းနဲ့ငါ ထပ်တွေ့ရင်တော့ မင်းကို ငါ့ရဲ့တပည့်အဖြစ် လက်ခံဖို့စဉ်းစားမယ်၊ ကဲ - ငါသွားပြီ"

အဘိုးအိုသည် စောစောကသီဆိုခဲ့သည့် ရှေးဟောင်းစစ်ချီတေးကို သီဆိုထွက်သွားလေတော့၏။

သီချင်းထဲမှ သူရဲကောင်းကြီးသည် ဒဏ်ရာအများအပြား ရနေလျက်မှ ရန်သူစစ်တပ်ကြီးထဲသို့ တရကြမ်းတိုးဝင်သွား ပြန်လေ၏။ ထိုအခါ သီချင်းသံလည်း မကြားရတော့ပေ။

ရှင်းတိသည် ပျောက်ကွယ်သွားသည့်အဘိုးအိုကို ငေးမော ကြည့်နေမိလေတော့၏။

ရှင်းတိသည် ဝါဆန်းတောင်ခြေမှ မြစ်ကမ်းစပ်သို့ ပြန်လာ ခဲ့သည်။

ကူးတို့လှေဖြင့်ကူးပြီးနောက် သူ့မြင်းကိုပြန်စီးကာ တည်းခို ဆောင်သို့ ပြန်လည်ရောက်ရှိလာသည်။

သူ စားသောက်ပြီး၍ သူ့အခန်းသို့ပြန်ဝင်ချိန်၌ အမှောင် ပျိုးစ ပြုလေပြီ။

သူသည် အဖော်မပါ တစ်ကိုယ်တည်း ခရီးထွက်လာသူဖြစ်၍ ခုတင်ထက်၌ အတွေးနှင့်အဖော်လုပ်ခြင်းက ပိုကောင်းမည်ဟု ယူဆပြီး စောစောအိပ်ရာဝင်ခဲ့ခြင်းဖြစ်သည်။

သူ့ဦးနှောက်ထဲသို့ ထူးထူးခြားခြားရောက်ရှိလာသူမှာ ဝတ်ရုံ စိမ်းဝတ်အဘိုးအိုဖြစ်၏။

ထိုအဘိုးအိုသည် အဘယ်ကြောင့် သူနှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ရှိရသနည်း။ ဉပမိရှပ်ရည် တည်ကြည်ခန့်ညားလွန်းခြင်း





ကြောင့်သာ လျှော့ပေါ့တွက်နိုင်ခြင်း ဖြစ်သည်။

ထိုဉပမိရှပ်မျိုး မရှိပါက မိမိနောက်သို့ တမင်လိုက်၍ စုံစမ်း ထောက်လှမ်းနေသူဟု ယူဆက ယူဆနိုင်ပေသည်။

ထိုသို့ အတွေးများဝေနေစဉ်မှာပင် သူ၏အိပ်ခန်းတံခါး သည် ကျွီခနဲ ပွင့်သွားလေတော့၏။ ရှင်းတိသည် ထိတ်ခနဲ ဖြစ်သွား၏။

သို့သော် ဣန္ဒြေမပျက်စေဘဲ ခုတင်ပေါ်၌ အသာလဲလျောင်း ရင်း အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

မိမိ၏အိပ်ခန်းထဲသို့ အသံမပေးပဲ ဝင်လာသူမှာ ရန်သူမှတစ် ပါး အခြားသူမဖြစ်နိုင်ကြောင်း ရှင်းတိသိသည်။

ရန်သူ၏ရည်ရွယ်ချက်ကိုမသိမီ ဘာမျှမလှုပ်ရှားခြင်းက အကောင်းဆုံးဟု ရှင်းတိဆုံးဖြတ်သည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက် သည် ဖြည်းညင်းစွာဝင်လာသည်။ သူဝင်လာပုံမှာ အသံမရှပေးသည့် အချက်မှလွဲ၍ ဣန္ဒြေရရပင်။

ရှင်းတိ၏စိတ်ထဲ၌ ထိုလူသည် နဂါးသုံးကောင်ထဲမှ နဂါးနက် ထိန်ချျုဟု ထင်မှတ်မိသည်။ သို့သော် ထိုလူ၏အသံကို ကြားလိုက်ရ သောအခါမှ နဂါးနက်ထိန်ချျုမဟုတ်မှန်း သိတော့သည်။

"သူရဲကောင်းရှင်းတိ မအိပ်သေးဘူးလို့ ထင်မှတ်ပါတယ်ခင်ဗျာ"

ရှင်းတိသည် ချောင်းတစ်ချက်ဟန့်ရင်း ခုတင်ပေါ်ထထိုင်လိုက်၏။

"မအိပ်သေးဘူးဗျ၊ ကျုပ်ဆီက အခွင့်မတောင်းဘဲ ကျုပ်အခန်းထဲ ပိုင်စိုးပိုင်နင်း ဝင်လာတာကတော့ လူကောင်းသူကောင်းတွေရဲ့ အလုပ်မဟုတ်ဘူးလို့ ထင်တယ်ဗျ"

ထိုလူက လက်နှစ်ဖက်ဆုပ်ကာ လျှင်မြန်စွာဂါရဝပြုသည်။

"သည်းခံပါခင်ဗျာ - သည်းခံပါ၊ ပထမတုန်းကတော့ အသံပြုပြီးမှ ဝင်လာမလို့ပါပဲ၊ ဒါပေမယ့် သူရဲကောင်းရှင်းတိ မအိပ်သေးဘူးဆိုတာသိလို့ အသံမပြုတော့ဘဲ တမင်ဝင်လာတာပါဗျာ"

"ကဲ - ဆိုစမ်းပါဦးဗျာ၊ ခင်ဗျားဘယ်သူလဲ၊ ဘာကိစ္စလဲ"

"ကျုပ်က သာမန် အညတရသိုင်းသမားတစ်ယောက်ပါ၊ ဒါပေမယ့် မဟူရာတမန်ဂိုဏ်းကပါ"

"ဩော် -"

ရှင်းတိ အံ့ဩသွားပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ထိုင်ခုံတစ်လုံး၌ဝင်ထိုင်ပြီး မှိန်ပျပျအလင်းရောင်ရှိသောမီးအိမ်ကို မီးစာမြှင့်လိုက်၏။ ထိုလူစိမ်းက -

"မြင်းပျံအာမခံဌာနက သူရဲကောင်းရှင်းတိ ရောက်နေတဲ့





သတင်းကို ကျုပ်ရရှိခဲ့ပါတယ်၊ ကျုပ်ဟာ ရီစီမြစ်ကမ်းရဲ့ ဌာနခွဲတာဝန်ခံပါ၊ ဒါကြောင့်မို့ သူရဲကောင်းရှင်းတိကို လာရောက်ကြိုဆိုနှုတ်ဆက်တာပါ..."

"ထားလိုက်စမ်းပါဗျာ၊ ဘယ်က မြင်းပျံအာမခံဌာနလဲ၊ ဒီဌာနအကြောင်း ထည့်မပြောစမ်းပါနဲ့၊ ကျုပ်လဲ မကြားချင်ဘူး၊ ခင်ဗျားကြိုဆိုနှုတ်ဆက်ပုံကလဲ မဟုတ်သေးပါဘူးဗျာ၊ နေ့လယ်နေ့ခင်းလာတော့ ဘာဖြစ်မှာလဲ"

"သည်းခံပါဗျာ၊ ကျုပ်တို့ဂိုဏ်းဟာ အခုလို ညဘက်မှာလှုပ်ရှားတတ်တဲ့အကျင့်ကလေး ရှိပါတယ်"

"ကောင်းပြီ ခင်ဗျားကျုပ်ဆီကို ဘာကိစ္စနဲ့လာတာလဲ"

"ကျုပ်နာမည် ထင်ကျန်းပါ၊ သူရဲကောင်းရှင်းတိကသာ ခွင့်ပြုမယ်ဆိုရင် ခင်ဗျားနဲ့ နည်းနည်းပါးပါး ဆွေးနွေးချင်ပါတယ်"

ရှင်းတိ အံ့ဩသွားသည်။

"ဘာများ ဆွေးနွေးချင်လို့လဲ၊ ကျုပ်အခန်းထဲ ခွင့်မတောင်းဘာမတောင်း ဝင်လာပြီးမှစကားပြောပါရစေလို့ ခွင့်တောင်းနေတာကတော့ ရယ်စရာကောင်းနေတယ်၊ ကဲ. . . ခင်ဗျားဘာပြောချင်သလဲ"

"သူရဲကောင်းရှင်းတိအနေနဲ့ ကျုပ်တို့ရဲ့ မဟူရာတမန်ဂိုဏ်းအကြောင်း ကြားဖူးထားပါသလားခင်ဗျာ"

"နည်းနည်းပါးပါးတော့ ကြားဖူးထားပါတယ်၊ သိပ်ပြည့်ပြည့်စုံစုံတော့ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ကျုပ်အနေနဲ့ ကျုပ်တို့ဂို ့ ဏ်းအကြောင်း နည်းနည်းလောက်ရှင်းပြချင်ပါတယ်"

ရှင်းတိကရယ်ပြီး. . .

"နည်းနည်းမဟုတ်ဘူး၊ ကြိုက်သလောက်ရှင်းပြပါ"

"ဒီလိုပါဗျာ၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီးဟာ မဟူရာတမန်ဂိုဏ်းကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး အုပ်ချုပ်ပါတယ်၊ ရေနဂါးအဖွဲ့နဲ့ မိုးဟသ်ာအဖွဲ့နှစ်ဖွဲ့ပါပဲ၊ ဒီအဖွဲ့ခွဲတွေမှာ အဖွဲ့ခွဲခေါင်းဆောင်တစ်ယောက်စီ သီးခြားရှိပါတယ်၊ အခုဆိုယင် မဟူရာတမန်ဂိုဏ်းရဲ့ ဂိုဏ်းဝင်တွေအများကြီး စုစည်းမိနေပါပြီ၊ မကြာခင်အတောအတွင်းမှာ ရှောင်လင်ကျောင်း၊ ဟူတန်ဂိုဏ်းနဲ့ ခွန်းလွန်ဂိုဏ်းစတဲ့ဂိုဏ်းတွေနဲ့ ပခုံးချင်းယှဉ်နိုင်တော့မှာ ဖြစ်ပါတယ်"

"ဘာလဲ ကျုပ်ကို ခင်ဗျားတို့ဂိုဏ်းထဲဝင်ဖို့ လာပြောနေတာလား"

"ဟုတ်ကဲ့. . . ဆိုလိုရင်းကတော့ ဒါပါပဲဗျာ၊ မဟူရာတမန်ဂိုဏ်းအနေနဲ့ အင်အားစုတဲ့နေရာမှာ အထက်လမ်းဂိုဏ်းသား၊ အောက်လမ်းဂိုဏ်းသား တစ်ကိုယ်တော်သိုင်းသမား၊ ဘာဘာညာညာ မရွေးပါဘူး၊ စွမ်းအားရှိတဲ့လူ သိုင်းပညာထက်မြက်တဲ့လူ





မှန်သမျှကို မေတ္တာရပ်ခံပြီး စုစည်းသိမ်းသွင်းတာပါပဲ၊ ဂိုဏ်းဝင်အဖြစ် ရောက်တဲ့အခါမှာ ဂိုဏ်းစည်းကမ်းအတိုင်း လိုက်နာစေပါတယ်၊ ဟိုတနေ့ကဆိုရင် သိုင်းသမားတွေ အချည်းအနှီးသေမှာစိုးရိမ်တဲ့အတွက် ကျုပ်တို့ဂိုဏ်းကြီးဟာ ဟိုသေတ္တာတွေထဲမှာ ဘာပရဆေးမြစ်မှ မရှိတဲ့အကြောင်း၊ စေတနာကောင်းနဲ့စာရေး အကြောင်းကြားခဲ့ပါတယ်၊ ဒါက ဂိုဏ်းချုပ်ကြီးရဲ့ တချို့တစ်ဝက် စေတနာပဲရှိပါသေးတယ်၊ တကယ်လို့ သူရဲကောင်းရှင်းတိကသာ ကျုပ်တို့ဂိုဏ်းထဲ ဝင်လာမယ်ဆိုရင် ကျုပ်တို့ဂိုဏ်းချုပ်ကြီးဆီက ထက်မြက်လှတဲ့ သိုင်းပညာတွေကို ဖလှယ်ခွင့်ရပါမယ်၊ ဒါဆိုယင် သူရဲကောင်းရှင်းတိ အနေနဲ့ တစ်ခေတ်မှာတစ်ယောက်ပေါ်တဲ့ သိုင်းသမားတစ်ယောက် ဖြစ်သွားမှာ သေချာပါတယ်၊ ဂိုဏ်းချုပ်ကြီးကလဲ သူရဲကောင်းရှင်းတိကို သူ့ရဲ့လက်ထောက်အဖြစ်လောက်ကို ခန့်အပ်မှာသေချာ ပါတယ်ခင်ဗျာ"

ရှင်းတိသည် သည်တစ်ကြိမ်တွင်တော့ မရယ်မောမိတော့ပေ။ သူသည် မဟူရာတမန်ဂိုဏ်းအကြောင်းကို ကြားသင့်သလောက် ကြားသိဖူးပြီဖြစ်ရာ ထိုဂိုဏ်းအတွင်းဝင်ရန် သိပ်စိတ်မထက်သန်လှပေ။

သူ့တွင် ထိုဂိုဏ်းထဲဝင်ရန်ကိစ္စထက် အရေးကြီးသောကိစ္စများက ရှိသေးသည်မဟုတ်ပါလော။

မြင်းဝိဇ္ဇာတင်ရိကိုရှာဖွေ၍ လက်စားချေရန်နှင့် ပျောက်ဆုံးနေသောနှမကလေးကို ရှာဖွေရန်ကိစ္စတို့ဖြစ်သည်။

"ကျုပ်တော့ ခင်ဗျားပြောတဲ့ကိစ္စကို သိပ်တော့စိတ်မဝင်စားသေးဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ဂိုဏ်းထဲ ဝင်သင့်မဝင်သင့်ကိုတော့ အချိန်ယူပြီးစဉ်းစားပါဦးမယ်"

စင်စစ် ထင်ကျန်းသည် ရိစီမြစ်ကမ်း၏တာဝန်ခံဆိုသော်လည်း သူ၏တကယ့်လုပ်ငန်းတာဝန်မှာ တက်သစ်စသိုင်းသမားများကို စည်းရုံးသိမ်းသွင်းရန်ပင်ဖြစ်သည်။

ယခု ရှင်းတိက ခပ်ပြတ်ပြတ်ပြောနေသဖြင့် ထင်ကျန်း၏စိတ်ထဲ၌ မကြည်မသာဖြစ်သွားသည်။

သို့သော် သူသည် လူအများကို စည်းရုံးသိမ်းသွင်းခဲ့ဖူးသူဖြစ်သည့်လျောက် သူ့အမူအရာကို မျက်နှာ၌မပေါ်အောင်ထိန်းသိမ်းထားနိုင်လိုက်သည်။

"ကောင်းပါပြီဗျာ၊ သူရဲကောင်းရှင်းတိအနေနဲ့ ဝင်ဖို့မဝင်ဖို့စဉ်းစားဆုံးဖြတ်ပြီးတဲ့အခါ. . ."

ရှင်းတိက ဖြတ်၍ပြောလိုက်၏။

"လပြည့်ညမှာ ခင်ဗျားတို့ဝါဆန်းတောင်ရဲ့တောင်ထိပ်ကို ကျုပ်လဲလာခဲ့ဦးမှာပဲဗျ၊ ကျုပ်ရဲ့ဆုံးဖြတ်ချက်ကို ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးရှေ့မှာပဲ အကြောင်းပြန်ကြားပါ့မယ်၊ ကဲ ကျေနပ်ရဲ့လား"

ထင်ကျန်းသည် မတ်တတ်ရပ်လျက် လက်သီးနှစ်ဘက်ဆုပ်ကာ ရှင်းတိအား ဂါရဝပြုလေ၏။





"ခုလိုဆွေးနွေးခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကဲ ကျုပ်ကို ပြန်ခွင့်ပြုပါဦးဗျာ"

သူသည် တံခါးပေါက်မှ တစ္ဆေတစ်ကောင်နှယ် ထွက်ပြေးပျောက်ကွယ်သွားလေတော့၏။

ဏ ဏ ဏ

## အခန်း (၁၄)

## ဝမ်းချင်းနှင့်ပြန်လည်တွေ့ဆုံခြင်း

ရှင်းတိသည် ထိုတည်းခိုခန်း၌ သုံးညတိတိ တည်းခိုနေခဲ့သည်။ သုံးညစလုံး မည်သည့်အနှောင့်အယှက်မျှ မတွေ့ရသဖြင့် သူရှေ့ရေးကို အေးအေးဆေးဆေး တွေးတောနိုင်ခဲ့သည်။

သူ့စိတ်ထဲ၌ မဟူရာတမန်ဂိုဏ်းအတွင်းသို့ ဝင်ရောက်ရမည့်ကိစ္စကို လုံးဝမတွေးဘဲထားသည်။

အောက်လမ်းဂိုဏ်းကြီးတစ်ဂိုဏ်းဟု သူ့စိတ်ထဲ၌ အထင်ရှိနေသဖြင့် မဟူရာတမန်ဂိုဏ်းကို လုံးဝနှစ်မြို့နိုင်ခြင်းမရှိပေ။

ထို့ကြောင့် မဟူရာတမန်ဂိုဏ်းအတွင်းသို့ဝင်ရေးမဝင်ရေးကိစ္စသည် သူ့အဖို့ လေးလေးပင်ပင် စဉ်းစားစရာကိစ္စတစ်ရပ် မဟုတ် တော့ပေ။





သူသုံးရက်မြောက်တည်းခိုပြီးသောအခါတွင် လပြည့်ညသို့ ရောက်ရှိလာလေတော့၏။

သူသည် မှောင်စပျိုးသည်နှင့် ရီစိမြစ်ကိုဖြတ်ကူးကာ ဝါဆန်းတောင်ခြေသို့ ရောက်ရှိလာလေတော့သည်။

သူ တောင်ခြေသို့ရောက်သည်နှင့် မျက်နှာစိမ်းသိုင်းသမားအချို့ကိုတွေ့ရသည်။

ရှင်းတိကလည်း သူတို့ကိုမသိ။ သူတို့ကလည်း ရှင်းတိကို မသိကြသဖြင့် ဘာသိဘာသာပင် ကိုယ့်ခရီးကိုယ်ဆက်ကြသည်။

သို့သော် တောင်ပေါ်သို့တက်ကြရာတွင်မူ သူတို့ထက် ကိုယ်ဖော့ပညာကောင်းနေသည့် လူငယ်ကလေး ရှင်းတိအားကြည့်ပြီး သိပ်အံ့ဩသွားကြ၏။

မကြာမီ ရှင်းတိပျောက်ကွယ်သွားတော့သည်။

တောင်ခွတ်လတ်သို့ရောက်သောအခါ သူ့အား ချီဖုတည်းခိုခန်း၌ လာရောက်စည်းရုံးသိမ်းသွင်းသည့်ထင်ကျန်းနှင့် မျက်နှာချင်းဆိုင်ပက်ပင်းတိုးသည်။

"ဟာ. . . ခင်ဗျားလာမှလာပါ့မလားလို့ ကျုပ်က စိတ်ပူနေတာဗျ၊ ခင်ဗျားကိုလာကြိုဖို့ ကျုပ်ဆင်းလာတာ၊ အတော်ဘဲ လာသွားကြစို့"

ထင်ကျန်းသည် ရှင်းတိအား လေးလေးစားစား ဂါရဝပြု၍ ခေါ်ဆောင်သွား၏။

တောင်ခွတ်လတ်တောင်စောင်းများတွင် အပန်းဖြေရန် တဲစခန်းကြီးများကိုလည်း မဟူရာတမန်ဂိုဏ်းက ဆောက်လုပ်ထား၏။

အစည်းအဝေးသို့ တက်ရောက်လာသည့် သိုင်းသမားများ အပန်းဖြေရန် ရည်ရွယ်ဆောက်လုပ်ထားခြင်းဖြစ်သည်။

ထင်ကျန်းက. . .

"သူရဲကောင်းရှင်းတိ၊ အပန်းဖြေစခန်းမှာ နားဦးမလား"

"ဟင့်အင်း မနားတော့ပါဘူးဗျာ၊ တောင်ထိပ်သာ အရောက်တက်ပါတော့"

သူတို့ပေါ်သို့နီးကပ်လာလေလေ ဝတ်စုံဖြူဝတ်ဆင်ထားသည့်မိန်းကလေးများနှင့် ဝတ်စုံအနက်များဝတ်ဆင်ထားသည့် သိုင်းသမားများကို ဟျားပန်းခတ်မျှ တွေ့ရလေလေဖြစ်လာသည်။

ထိုယောကျ်ားကလေး၊ မိန်းကလေးများသည် ဝါဆန်းတောင်သို့ ရောက်ရှိလာသည့်သိုင်းသမားများကို ဆိုင်ရာဆိုင်ရာကြိုဆိုကြသည့် သိုင်းသမားများသာဖြစ်ကြောင်း ရှင်းတိနားလည်လိုက်သည်။





သူ့ကို ထင်ကျန်းက ကြိုဆိုသလို အခြားသိုင်းသမားများကိုလည်း အသီးသီး ကြိုဆိုကြပေလိမ့်မည်။

ဤသို့ဖြင့် ဝါဆန်းတောင်ထိပ်သို့ ရောက်ရှိလာကြသည်။ ဝါဆန်းတောင်ထိပ်၌ အတော်အသင့်ကျယ်ပြန့်သော မြေကွက်လပ်တစ်ခု ရှိနေခြင်းက အစည်းအဝေးကျင်းပရန် အဆင်ပြေသည့်နေရာတစ်ခု ရရှိထားခြင်းပင် ဖြစ်တော့သည်။

ထိုကွက်လပ်၏ဘေးပတ်လည်၌ ကျောက်တုံးကြီးများ၊ ကျောက်ဖျာကြီးများနှင့် မြင့်မားသောသစ်ပင်ကြီးများဝန်းရံနေသည်။

ထိုကွက်လပ်၏ထိပ်၌ သစ်သားဖြင့်ဆောက်လုပ်ထားသည့် စင်မြင့်တစ်ခုရှိသည်။ လူနှစ်ဆယ်အစိတ်မျှ တက်ရောက်နိုင်သည့် စင်မြင့်ဖြစ်သည်။

စင်မြင့်၏ရှေ့၌ ခုံတန်းများချထားသည်။ ခုံတန်းများချထားသည်ဆိုသဖြင့် ခုံများချည်း ရှိနေသည်မဟုတ်ပါ။ ခုံများနှင့်အပြည့် သိုင်းသမားပေါင်းစုံ ထိုင်လျက်ရှိနေကြပါသည်။

အနယ်နယ်အရပ်ရပ်မှ သိုင်းသမားပေါင်းစုံဖြစ်ကြောင်း သံသယရှိရန် မလိုပါချေ။

ရှင်းတိ ယောင်ချာချာဖြင့် လျှောက်ကြည့်နေစဉ်မှာပင် ထင်ကျန်းက ရှင်းတိအား လှမ်းပြော၏။

"ကဲ. . . ခင်ဗျားကြိုက်တဲ့နေရာမှာသာ ဝင်ထိုင်ပါတော့ဗျာ၊ ကျုပ်ကတော့ တာဝန်ကလေးတွေရှိသေးလို့ သွားပြီးဆောင်ရွက်လိုက်ပါဦးမယ်"

ရှင်းတိမှာ ခေါင်းညိတ်လိုက်ရ၏။ ထင်ကျန်းလည်း ထွက်ခွာသွားတော့သည်။

ရှင်းတိသည် လစ်လပ်နေသည့်ခုံအချို့ကို တွေ့ရသဖြင့် သွားထိုင်ရန် ဟန်ပြင်လိုက်မိသည်။

"ဟေး. . . ညီလေးရှင်းတိ"

သူ၏လက်မောင်းကို တစ်စုံတစ်ယောက်က လာ၍ဆွဲလိုက်သဖြင့် ရှင်းတိလှည့်ကြည့်မိလိုက်သည်။

"ဟင်"

သူတွေ့လိုက်ရသည်မှာ မဟူရာတမန်ဂိုဏ်းသားများ ဝတ်ဆင်လေ့ရှိသောဝတ်စုံနက်ကို ဝတ်ဆင်ထားသည့် မြင်းပျံအာမခံဌာန၏တာဝန်ခံချုပ် ဝမ်ချင်းပေတည်း။

ရှင်းတိမှာ ဘာစကားပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်နေသည်။ ဝမ်ချင်းသည် အရှက်မရှိသောမျက်နှာဖြင့် ရင်းနှီးလိုက်လှဲစွာ စကားပြောနေသည်။

"ညီလေး ဒီကိုရောက်လာတာ အစ်ကိုကြီး သိပ်ဝမ်းသာသွားသွား





ကွာ၊ ဒီလိုပဲဖြစ်ရမှာပေါ့၊ နောက်ဆိုရင် မဟူရာတမန်ဂိုဏ်းဟာ တရုတ်ပြည်မှာ အကြီးကျယ်ဆုံးဂိုဏ်းကြီး ဖြစ်လာမှာသေချာပါတယ်၊ ဒါထက် အစ်ကိုကြီး တစ်ခုမေးပါရစေ၊ ကြောက်လွင်တစ်ယောက် ပါမလာဘူးလား"

ရှင်းတိ ခပ်ပြတ်ပြတ်ဖြေသည်။

"ပါမလာဘူး ပြန်သွားပြီ၊ အာမခံဌာနက သိုင်းဆရာတွေရဲ့ လစာကိစ္စရှင်းပေးပြီးရင် သိုင်းလောကနဲ့ဝေးတဲ့ နေရာကို ထွက်ခွာသွားတော့မယ်တဲ့"

ဝမ်ချင်းက စိတ်ထိခိုက်ဟန်ဖြင့် ပြောသည်။

"ညီလတ်ကြောက်လွင်က အစ်ကိုကြီးကို စိတ်ဆိုးသွားမှာ သေချာပါတယ်၊ ညီလေးရှင်းတိလဲ အစ်ကိုကြီးအပေါ်မှာ အထင်လွဲနေမှာ သေချာပါတယ်"

ရှင်းတိ စိတ်မရှည်တော့ချေ။

"ကျွန်တော်တို့ကို သက်သက်ချောက်ချပြီးမှ ခင်ဗျားက ဘာတွေဖြေရှင်းချက် ထုတ်နေရတာလဲဗျ"

"ဒီလိုမဟုတ်ပါဘူး ငါ့ညီ၊ အဲဒီဆေးမြစ်ကိစ္စဟာ အင်မတန်အန္တရာယ်ကြီးတယ်ဆိုတာ အစ်ကိုကြီး သိနေပါတယ်၊ အစ်ကိုကြီးကြိုတင်တွေးထားတဲ့အတိုင်း ညီလေးတို့ကို ဝိုင်းလုကြတာပဲ မဟုတ်လား၊ အဲဒီလိုသိထားလို့ အစ်ကိုကြီးဟာ ဆေးမြစ်ပိုင်ရှင်နဲ့

တိုင်ပင်ပြီး တစ်ဘက်ကနေ ဆေးမြစ်ကို လှည့်ထုတ်သွားပါတယ်၊ ဒါကို မဟူရာတမန်ဂိုဏ်းက ကြိုသိပြီး အစ်ကိုကြီးကို ဆီးဖမ်းတော့တာပါပဲကွာ၊ ဆေးမြစ်ကိုလဲ သူတို့သိမ်းသွားတယ်၊ ဒါပေမယ့် . . ."

ဝမ်ချင်းက စကားကိုခေတ္တဖြတ်ပြီးမှ အလေးအနက်ဆက်ပြောသည်။

"မဟူရာတမန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ဟာ အင်မတန် လေးစားစရာကောင်းပါတယ်၊ သူဟာ အစ်ကိုကြီးကို ဖမ်းမိသွားပေမယ့် တရားခံတစ်ယောက်လို မဆက်ဆံဘူး၊ မြင်းပျံအာမခံဌာနရဲ့တာဝန်ခံချုပ်အဖြစ်ပဲ လေးလေးစားစားဆက်ဆံတယ်၊ သူတို့ မဟူရာတမန်ဂိုဏ်းဟာ လူကောင်းသူကောင်းတွေကို စည်းရုံးနေတဲ့အကြောင်း အစ်ကိုကြီးကသာ သူတို့ဂိုဏ်းထဲဝင်မယ်ဆိုရင် ထိုက်သင့်တဲ့ရာထူး ရမယ့်အကြောင်း မေတ္တာရပ်ခံတာနဲ့ အစ်ကိုကြီးလဲ မဟူရာတမန်ဂိုဏ်းထဲ ဝင်လိုက်ရတာပါပဲကွာ"

စင်စစ် ဝမ်ချင်းသည် မဟူရာတမန်ဂိုဏ်းချုပ် ပြောသည့်စကားတစ်ခွန်းကို မြှုပ်ထားခဲ့သည်။ ထိုစကားမှာ အကယ်၍ ဝမ်ချင်းကသာ သူ၏ မဟူရာဂိုဏ်းအတွင်းသို့ မဝင်ခဲ့လျှင် မည်သည့်ပြစ်ဒဏ်မျိုးပေးမည်ဆိုသည့် စကားတစ်ခွန်းသာတည်း။

မဟူရာတမန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးကျောက်အိရှင်သည် ခြိမ်းခြောက်၍လည်းကောင်း ချော့မော့၍လည်းကောင်း စည်းရုံးတတ်သူဖြစ်ပေသည်။





ထိုကျောက်အိရှင်ဆိုသူကား မည်သူနည်း။

မည်သည့်အခြေအနေမှ မဟူရာတမန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးဘဝသို့ တက်လှမ်းလာခဲ့သနည်း။

လွန်ခဲ့သောနှစ်ပေါင်း ခြောက်ဆယ်ကျော် ခုနစ်ဆယ်ခန့်က ကျော်ကြားခဲ့သော မဟူရာတမန်ဂိုဏ်းအကြောင်းကို ဝါဆန်းတောင်ထိပ်သို့ ရောက်ရှိနေသည့် သိုင်းသမားများအနက် ကိုးဆယ်ရာခိုင်နှုန်းသော သိုင်းသမားများက ကြားသိဖူးထားကြသည်။

ကျန်လုဂိုဏ်းချုပ်ကြီးကဲ့သို့သော ပုဂ္ဂိုလ်ကြီးများအနေဖြင့် မဟူရာတမန်ဂိုဏ်း၏ ပထမဆုံးသောဂိုဏ်းချုပ်ကြီး 'ချွမ်ရှင်း'၏ အမည်ကိုပင် သိရှိထားကြသည်။

ထိုဂိုဏ်းချုပ်ကြီးချွမ်ရှင်း၏ ထက်မြက်မှုကြောင့် မဟူရာတမန်ဂိုဏ်းသည် တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။ ဂိုဏ်းသားများ၏ သိုင်းပညာအရည်အချင်းလည်း မြင့်မားလာခဲ့ရ၏။

ထိုသို့ သိုင်းပညာအရည်အချင်း တိုးတက်လာသည်နှင့်အမျှ မန်ချူးတို့၏ အုပ်ချုပ်မှုအောက်၌ ပြားပြားဝပ် အနင်းခံနေရသော တရုတ်တိုင်းသူပြည်သားတို့မှာ မဟူရာတမန်ဂိုဏ်း၏ နှိပ်စက်မှုကို ထပ်မံခံစားကြရပြန်တော့သည်။

နောက်ဆုံးတွင် တိုင်းသူပြည်သားများ၏ မခံမရပ်နိုင်ဖြစ်မှု၊ သံမဏိသပ်ကျန်းဆိုသော သိုင်းသမား၏စည်းရုံးမှု၊ အမည်မသိ

လူထူးလူဆန်း သိုင်းပညာရှင်၏ ကူညီမှုတို့ကြောင့် မဟူရာတမန်ဂိုဏ်းကြီးမှာ ပြိုကွဲသွားခဲ့ရသည်။

ထိုမဟူရာတမန်ဂိုဏ်း၏ ကြီးကြပ်အုပ်ချုပ်ခဲ့သော နောက်ဆုံးဂိုဏ်းချုပ်ကြီး၏အမည်မှာ ကျောက်အိရှင်ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ လက်ထောက်အများအပြားကို မျိုးချစ်သိုင်းသမားများက ဖမ်းဆီးသုတ်သင်နိုင်ခဲ့သော်လည်း ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ကိုမူ မဖမ်းနိုင်ဘဲ ဖြစ်ခဲ့ကြရ၏။

ကံဆိုးမိုးမှောင်ကျ၍ သေပြေးရှင်ပြေးဖြစ်ခဲ့ရသော ဂိုဏ်းချုပ်ကြီးကျောက်အိရှင်သည် တရုတ်ပြည်တောင်ပိုင်းတစ်နေရာရှိ ကျောက်ဂူကြီးတစ်ခုအတွင်း၌ သွားရောက်ဇာတ်မြှုပ်နေခဲ့ရသည်။

သူနှင့်အတူ ဇနီးနှင့်သားတို့ အတူပါလာရုံမျှမက၊ တတိယအဆင့်ရှိ ဂိုဏ်းခေါင်းဆောင်အချို့ပါ လိုက်ပါလာနိုင်ခဲ့သည်။

စင်စစ် ထိုဂိုဏ်းချုပ်ကြီး ကျောက်အိရှင်၏ သိုင်းပညာညံ့ဖျင်းခြင်း စွမ်းရည်ညံ့ဖျင်းခြင်းတို့ကြောင့် မဟူရာတမန်ဂိုဏ်းကြီး ပြိုကွဲခဲ့ရခြင်း မဟုတ်ချေ။

တစ်ဘက်မှ မျိုးချစ်သိုင်းသမားများနှင့် ပြည်သူလူထု တခဲနက် ပူးပေါင်းတိုက်ခိုက်မှုကြောင့် ဤသို့ အကြီးအကျယ်ဆုံးရှုံးပြိုကွဲသွားရခြင်းသာဖြစ်သည်။ မီးများ မီးနိုင်၊ ရေများ ရေနိုင်ဆိုသည့် သဘောသာဖြစ်သည်။





ဂိုဏ်းချုပ်ကြီးကျောက်အိရှင်သည် သူ၏ဆုံးရှုံးမှုအတွက် လွန်စွာ ရင်ထုမနာ ဖြစ်ခဲ့ရပြီး သံမဏိသဝ်ကျန်းဆိုသူအား ပြန်လည် လက်စားချေရန်နှင့် သူတို့အား ကြီးစွာသောအနှောင့်အယှက်ပေးခဲ့သည့် တရုတ်ပြည်သူလူထုအား ပြန်လည်ဒုက္ခပေးရန် အားမွေးတော့သည်။

သို့သော်...

ထိုအချိန်က တရုတ်ပြည်သူတစ်ရပ်လုံး မဟူရာတမန်ဂိုဏ်းကို လွန်စွာ ရွံရှာမုန်းတီးနေချိန်ဖြစ်၍ ဂိုဏ်းချုပ်ကြီးကျောက်အိရှင် အနေဖြင့် မည်သို့မျှ နာလန်ထူရန် မကြိုးစားနိုင်ဘဲ ဖြစ်ခဲ့ရလေသည်။

ထိုအခါ သူ၏ဇနီးဖြစ်သူ၏ဖျောင်းဖျအကြံပေးချက်အရ သူသည် သားဖြစ်သူကို ကျောက်အိရှင် အမည်ခံယူစေလျက် သူတတ်သမျှ သိုင်းပညာအား တစ်ခုမကျန် သင်ကြားပြသပေးတော့သည်။

ဂိုဏ်းချုပ်ကြီး ကျောက်အိရှင်သည် သူ့ရင်ထဲ၌ မခံမရပ်နိုင် ခံစားခဲ့ရသော အဖြစ်အပျက်များကို သားဖြစ်သူအား တဖြည်းဖြည်း တစစ နားသွင်းပေးခြင်းဖြင့် နောင်တစ်ချိန်၌ မဟူရာတမန်ဂိုဏ်းကြီး ပြန်လည်ထူထောင်နိုင်စေမည့် စိတ်ကူးအကြံဉာဏ်များအား ရိုက် သွင်းပေးနိုင်ခဲ့တော့သည်။

သူ ကံကောင်းပါသည်။ သားဖြစ်သူ ကျောက်အိရှင်သည်လည်း ဉာဏ်စွမ်း ဉာဏ်စကောင်း၏။ သူကဲ့သို့ပင် စိတ်ဓာတ်ခက်ထန်ကြမ်းကြုတ်သော ပါရမီရှင်ကလေးငယ် တစ်ဦးဖြစ်ခဲ့သည်။

ဖခင်ဖြစ်သူ ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်အတွက် ဂိုဏ်းချုပ်ကြီးနှင့်အတူ လွတ်မြောက်ထွက်ပြေးခဲ့သော တတိယခေါင်းဆောင် သုံးယောက်က အပြည့်အဝ အကူအညီပေးခဲ့ကြလေ၏။

သူတို့၏ခေါင်းဆောင်ကြီး ကျောက်ဂူကြီး၌ဇာတ်မြှုပ် နိုအောင်းနေစဉ် ကာလအတွင်း မကြောင့်မကြ မတောင့်မတနေနိုင်စေရန် ထိုတတိယခေါင်းဆောင်သုံးယောက်က ရိက္ခာနှင့် အခြားလိုအပ်သမျှ အသုံးအဆောင်များကို လိုလေသေးမရှိ ရှာကြံ ဖြည့်စွက်ပေးခဲ့ကြ၏။

ထို့ကြောင့်ပင် ကျောက်အိရှင်ကလေးသည် စိတ်ချမ်းသာကိုယ်ချမ်းသာ သိုင်းပညာလေ့ကျင့်တတ်မြောက်ခဲ့ရပြီး တတိယခေါင်းဆောင်သုံးဦး၏အကူအညီဖြင့် သိုင်းလောက၌ တစေ့တစောင်း လှည့်လည်ကြည့်ရှုခွင့် ရရှိခဲ့သည်။

နောက်ဆုံး သူ့ဖခင်နှင့်မိခင်တို့ သေဆုံးသောအခါတွင်မူ သူတို့ ပုန်းအောင်းခဲ့သည့် ကျောက်ဂူကြီးအတွင်း၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီး ထိုတတိယခေါင်းဆောင်သုံးဦးနှင့်အတူ ဝါဆန်းတောင်သို့ လာရောက် ခိုအောင်းခဲ့တော့သည်။





ထိုအချိန်၌ ကျောက်အိရှင်ကလေးသည် ကလေးအရွယ်ကလေး မဟုတ်တော့ပြီ။

အသက်နှစ်ဆယ့်ငါးနှစ်မျှရှိပြီဖြစ် စိတ်ကူးအကောင်းဆုံး၊ ကြံရည်ဖန်ရည်အကောင်းဆုံး၊ ခွန်အားအကောင်းဆုံး ဖြစ်နေခဲ့လေပြီ။

ထိုအချိန်မှစ၍ မဟာရာတမန်ဂိုဏ်းသည် တဖြည်းဖြည်းတစစ ခေါင်းထောင်လာခဲ့ရာ နောက်ဆုံး ယခုကဲ့သို့ ဗိုလ်ဝင်ခံနိုင်သည့်အဆင့်မျိုးသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်တော့၏။

ဆယ်နှစ်တာမျှအတွင်း မဟာရာတမန်ဂိုဏ်းကို ဤသို့ ပြုစုပျိုးထောင်ခဲ့ခြင်းက ယခု ဂိုဏ်းချုပ်ဖြစ်နေသည့်ကျောက်အိရှင်၏ သတ္တိနှင့်ဗျတ္တိကို သိသာနိုင်လောက်ပေသည်။

ဤကား ဂိုဏ်းချုပ်ကြီးကျောက်အိရှင် မည်သို့ဖြစ်တည်ထွန်းကားလာသည်ဆိုသည့် အတ္ထုပ္ပတ္တိအကျဉ်းချုပ်ပေတည်း။

ကျောက်အိရှင်သည် သူ၏ဂိုဏ်းကြီး အခြေခိုင်ခိုင် မရစ်တည်နိုင်မီ လေးငါးနှစ်ကာလအတွင်း သူ၏ဘီလူးမျက်နှာကို အနည်းငယ်ကလေးမျှ လှစ်ဟမပြခဲ့ချေ။

တရုတ်ပြည်သူလူထုအား လုံးဝဒုက္ခမပေးခဲ့ချေ။

အချို့သော ကိစ္စများ၌ မဟာရာတမန်ဂိုဏ်းကပင် လိုလိုလားလား အကူအညီများပေးခဲ့သေး၏။ မင်းသားခေါင်းဆောင်းထား

သော ဘီလူးသည် နယ်ချဲ့မန်ချူးတို့၏အကူအညီကိုရကာ တဖြည်းဖြည်းတစစ တိုးတက်လာခဲ့တော့၏။

ယခုဆိုလျှင် စိတ်ထားကောက်ကျစ်ယုတ်မာသည့် မြင်းပျံအာမခံဌာန၏တာဝန်ခံချုပ် ဝမ်ချင်းကဲ့သို့သောလူများ၏ မှီခိုရာအားထားရာ ကွန်းခိုရာကြီး ဖြစ်နေပေတော့သည်။

ရှင်းတိသည် ကိုယ့်တစ်ကိုယ် ကောင်းစားရေးကိုသာ တွေးသည့် အတ္တသမားကောင် ဝမ်ချင်းအား အလွန်တရာ မြင်ပြင်းကပ်လာ၏။

"ခင်ဗျားရဲ့ မြင်းပျံအာမခံဌာနကြီး ပျက်စီးသွားတဲ့အတွက် ခင်ဗျားဘယ်လိုမှ စိတ်မထိခိုက်မိဘူးလား"

မြင်းဝိဇ္ဇာတင်ရီ မရှိတော့သည့်နောက် မြင်းပျံအာမခံဌာနအား အချောင်ဝင်လုခဲ့သည့် ဝမ်ချင်းလိုပုဂ္ဂိုလ်မျိုးအတွက် မြင်းပျံအာမခံဌာနပျက်စီးခြင်းသည် အဘယ်မှာလျှင် စိတ်ထိခိုက်စရာဖြစ်ပါအံ့နည်း။

သို့သော်. . .

ဟန်ဆောင်ကောင်းလှသည့်ဝမ်ချင်းကမူ တကယ်စိတ်ထိခိုက်ဟန် မျက်နှာပေးဖြင့် ကြေကွဲစွာပြောနေလေ၏။

"ဘယ့်နယ်ပြောလိုက်တာလဲ ညီလေးရာ၊ ဒီဌာနကြီးပျက်စီးသွားတာဟာ ကိုယ့်သားသမီး ပျက်စီးသွားသလိုပဲ ခံစားရပါတယ်၊





တကယ်တော့ အစ်ကိုကြီးဟာ မြင်းဝိဇ္ဇာတင်ရီ ထူထောင်ခဲ့တဲ့ မြင်းပျံအာမခံဌာနကြီးကို ဆက်တိုက် အောင်လံလွှင့်ထူနိုင်အောင် ကြိုးစားခဲ့တဲ့သူပါ၊ ဪ. . . ဒါထက်. . ."

ဝမ်ချင်းသည် မြင်းဝိဇ္ဇာတင်ရီအကြောင်း တွေးလိုက်မိသည်နှင့် ရှင်းတိအား မည်သို့ သွေးဆောင်နိုင်မည်ကို ထင်းခနဲ သိမြင်လိုက်လေ၏။

"ညီလေးရှင်းတိ အခု မြင်းဝိဇ္ဇာတင်ရီကိုစုံစမ်းလို့ရခဲ့ပြီလား၊ အစ်ကိုကြီးမှာလဲ မင်းမြင်တဲ့ အတိုင်းပဲကွာ၊ ကံဆိုးမိုးမှောင်ကျသွားတော့ ညီလေးရဲ့ကိစ္စကို စုံစမ်းမပေးနိုင်တော့ဘူးပေါ့ကွာ"

ရှင်းတိက ခပ်ပြတ်ပြတ်ပင်ပြောသည်။

"ဘယ်စုံစမ်းနိုင်မလဲဗျာ၊ ပရဆေးမြစ်အတုကို သယ်ပေးခဲ့ရတာကပဲ ဘယ်လောက်များ ကြာသေးလို့လဲ"

ဝမ်ချင်းက. . .

"ဒါပေမယ့် ညီလေးသိအောင် အစ်ကိုကြီး တစ်ခုပြောပြမယ်၊ ဟောဒီ မဟာရာတမန်ဂိုဏ်းကြီးဟာ တရုတ်ပြည်အနှံ့အပြားမှာ အဖွဲ့ခွဲတွေ ဖွဲ့ပြီးပါပြီ၊ သူတို့ရဲ့ ဆက်သားတွေကလဲ သတင်းပို့တာ သိပ်မြန်တယ်၊ စာပို့ခိုတွေနဲ့ သတင်းပို့သလို မြင်းသည်ကျော်တွေနဲ့လဲ မိုင်နှစ်ဆယ်လောက်ခရီး တစ်တိုင်ထားပြီး သတင်းပို့ကြတယ်၊ ဒါကြောင့်မို့ တရုတ်ပြည်အနှံ့အပြားမှာ ဘာဖြစ်တယ်ဆိုတာ ဒီက

ဂိုဏ်းချုပ်ကြီးဟာ ချက်ချင်းသိတယ်"

ရှင်းတိက ခပ်ရှင်းရှင်း မေးလိုက်သည်။

"ကျွန်တော်ကတော့ ဒီမဟူရာတမန်ဂိုဏ်းနဲ့ပတ်သက်လို့ ဘာမှ စိတ်မဝင်စားဘူးဗျာ၊ အခု ခင်ဗျားပြောတာတွေကြားရတော့ နည်းနည်းစိတ်ဝင်စားသလိုတော့ ဖြစ်လာမိတယ်၊ အခုခင်ဗျား ပြောနေတာတွေက ဘာရည်ရွယ်ချက်နဲ့လဲဗျ"

"ဟား. . . ဟား. . . ဟား. . . အပါပေ့ ငါ့ညီရာ အစ်ကိုကြီး က ငါ့ညီ မြင်းဝိဇ္ဇာတင်ရီ ရှာဖွေတဲ့ကိစ္စမှာ အကူအညီရနိုင်တဲ့ အကြောင်း ရှင်းပြနေတာပါကွ၊ ညီလေးကသာ မဟူရာတမန်ဂိုဏ်း ထဲဝင်လိုက်ရင် မြင်းဝိဇ္ဇာတင်ရီဟာ နဂါးလိုမြေလျှိုး ပုန်းနေတာ တောင် မရဘူးမှတ်ပါ၊ မဟူရာတမန်ဂိုဏ်းသားတွေဟာ အင်မတန် အနံ့ခံကောင်းပါတယ်၊ နောက်ပြီး သူတို့ဂိုဏ်းသားတွေရဲ့ ရန်သူဆို ရင်လဲ ရက်ရက်စက်စက် လက်စားချေပေးတတ်ပါတယ်၊ ငါ့ညီ ဘယ်လိုသဘောရသလဲ"

ရှင်းတိသည် ထိုစကားကိုကြားလိုက်ရသည်နှင့် ပထမဆုံး အကြိမ် တွေဝေသွားမိလေတော့၏။

သူသည် မြင်းဝိဇ္ဇာတင်ရီအား သဲသဲမဲမဲရှာဖွေရန် တာဝန်ရှိ နေသည် မဟုတ်ပါလား၊ ယခုမူ သမုဒ္ဒရာအတွင်းမှ ရေချိုတခွက် ရရှိရန် ကြိုးပမ်းသူနှင့် တူနေခဲ့ရပြီမဟုတ်ပါလား။





ထိုစဉ် မောင်းထုသံကြီးကို ကြားလိုက်ရတော့သည်။

ဝမ်ချင်းက. . .

"ဟော. . . ဒါဟာ ဂိုဏ်းချုပ်ကြီးကြွလာတော့မယ် အချက် ပေးသံပဲ၊ ကဲ. . . ညီလေး စဉ်းစားထားပါ၊ ညီလေးသာဒီဂိုဏ်းထဲ ဝင်လာရင် အစ်ကိုကြီးအနေနဲ့ ကောင်းကောင်းကူညီနိုင်တယ်၊ အခုတော့ အစ်ကိုကြီးသွားတော့မယ်"

ဝမ်ချင်းသည် ရှင်းတိအနားမှ လျင်မြန်စွာ ထွက်ခွာသွားလေ တော့သည်။

ဏ ဏ ဏ

## အခန်း (၁၅)

## ဝါဆန်းတောင်အစည်းအဝေး

ရှင်းတို့၏ တွေဝေမှုလည်း မောင်းသံကြောင့် ပျောက်ကွယ်သွားတော့၏။

ထိုအသံကို ကြားလိုက်ရသည်နှင့် အစည်းအဝေးကြီးစတော့မည်ဖြစ်ကြောင်း အားလုံးရိပ်မိလိုက်သည်။

ထို့ကြောင့် ကျွက်စီကျွက်စီနှင့် ဆူညံနေသော အသံဗလံများအားလုံး ငြိမ်သွားလေတော့၏။

ရှင်းတိသည် ဤပုံစံအတိုင်း ယောင်တောင်တောင် ပေါင်တောင်တောင် ရပ်နေပါက အများ၏မျက်စိစူးစရာဖြစ်မည်ကို စိုးရိမ်လာသဖြင့် မလှမ်းမကမ်းရှိ ခုံလွတ်တနေရာတွင် ဝင်ထိုင်လိုက်ရတော့သည်။





ထိုအခါကျမှ ပရဆေးမြစ်ပို့ဆောင်စဉ်အခါက တွေ့ဆုံခဲ့ဖူးသော စွန်ရန်၊ ဗျိုင်းညီနောင်၊ အဆိပ်ခုနစ်မျိုးထိန်လုနှင့် တောပုန်းကြီးကျောက်ဖိန်း စသူများကို တွေ့မြင်လိုက်ရတော့၏။

“ဟော့. . . လူကလေး”

ရင်းရင်းနှိုးနှိုး နှုတ်ဆက်လိုက်သည့်အသံကြောင့် ရှင်းတိလှည့်ကြည့်လိုက်ရာ အဖာအထေးဗရပွနှင့် ခပ်ပြုံးပြုံးထိုင်နေသော ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်ကို တွေ့လိုက်ရတော့သည်။

ရှင်းတိသည် ထိုင်ရာမှ ကမန်းကတန်းထလိုက်ပြီး ဦးညွှတ်ဂါရဝ ပြုလိုက်ရ၏။

“ဂိုဏ်းချုပ်ကြီး ကျန်းမာပါရဲ့လား”

“အိမ်း. . . ကျန်းမာပါရဲ့ကွာ၊ ကဲ. . . ကဲ. . . ထိုင်ပေတော့၊ သူတို့အခမ်းအနား စခါနီးနေပြီ။

ရှင်းတိသည် ထိုင်ချလိုက်ရသည်။ စင်မြင့်ပေါ်သို့ လှမ်းကြည့်နေမိတော့သည်။

မောင်းထုသံသုံးချက် ကြားပြီးသောအခါတွင်မူ ဝတ်စုံဖြူဝတ်မိန်းကလေးတစ်ဦးနှင့် ဝတ်စုံနက်ဝတ် ယောကျ်ားတစ်ဦးတို့က အနက်ရောင် ကြက်လျှာစွန်းအလံကြီးနှစ်ခုကိုကိုင်ဆောင်ပြီး စင်မြင့်ပေါ်သို့ တက်လာ၏။

ကြက်လျှာစွန်းပေါ်အလံသည် အနီရောင်ဖြစ်ပြီး ထိုအလံပေါ်၌ အနက်ရောင်ဓားကောက်ကြီးပုံ ရေးဆွဲထားသည်။

ထိုယောကျ်ားကလေးနှင့် မိန်းကလေးတို့မှာ ပိုင်ရှုနှင့် ချစ်ချစ်တို့သာဖြစ်သည်။

ထိုနှစ်ယောက်ကို ပရဆေးမြစ် အလုခံရစဉ်က ရှင်းတိကောင်းစွာသိရှိခဲ့သည်။

ပိုင်ရှုသည် စင်မြင့်၏လက်ယာထောင့်၌ အလံကိုစိုက်ပြီး ချစ်ချစ်က လက်ဝဲဘက်ထောင့်၌အလံကို စိုက်လိုက်သည်။ ပိုင်ရှုက ကျယ်လောင်စွာ အော်ဟစ်ကြေငြာသည်။

"သိုင်းလောကမှ ဆရာကြီးများခင်ဗျား၊ မကြာမီအချိန်အတွင်းမှာ မဟူရာတမန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ရောက်ရှိလာတော့မှာမို့ ခေတ္တ တိတ်ဆိတ်ငြိမ်သက်ကြဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

သူ၏စကားသံဆုံးသည်နှင့် အဖြူရောင်ဝတ်စုံဝတ် မိန်းမကြီးရှစ်ယောက်နှင့် အနက်ရောင်ဝတ်စုံဝတ် ယောကျ်ားကြီးရှစ်ယောက်တို့စင်မြင့်ပေါ်သို့ တစ်တန်းစီ တက်လာကြ၏။

သူတို့သည် စင်မြင့်၏အနောက်ဘက်၌ တန်းစီမတ်တတ်ရပ်နေကြသည်။

မကြာမီ ခရမ်းရောင် ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် စင်မြင့်ပေါ်သို့ တက်လာ၏။ ရှည်လျား





ဖြူဖွေးသော မုတ်ဆိတ်ကြီးသည် အဘိုးအို၏ရင်ဘတ်ပေါ်၌ လူပ်ယမ်းနေသည်။

ခက်ထန်သော ဥပမိရုပ်ရှိသဖြင့် ဤအဘိုးကြီးသည်ပင်လျှင် မဟူရာတမန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးဖြစ်ပေလိမ့်မည်ဟု ရှင်းတိတွေးတောနေသည်။

ထို့နောက် အဝါရောင်ဝတ်ရုံကြီး လွှမ်းခြုံထားသော မိန်းမကြီးတစ်ယောက် အပေါ်သို့ တက်လာပြန်သည်။ ထိုမိန်းမကြီး၏ မျက်နှာပေါက်မှာလည်း အတော်ဆိုးရွား၏။

ရှင်းတိမှာ စိတ်ထဲမှ မသက်မသာဖြစ်သွားရတော့သည်။

သို့သော်. . .

ထိုအဘိုးကြီးနှင့် မိန်းမကြီးတို့သည် စင်မြင့်ပေါ်ရှိ ကုလားထိုင်ကြီးများပေါ်၌ မထိုင်ကြဘဲ ကုလားထိုင်နှစ်လုံး၏ နောက်၌ သွားရောက်ရပ်နေကြသဖြင့် ရှင်းတိမှာ သို့လောသို့သော ဖြစ်သွားရပြန်သည်။

"ဘယ်လိုလဲ သူတို့က ဂိုဏ်းချုပ်နဲ့ဂိုဏ်းချုပ်ကတော် မဟုတ်ဘူးလား၊ မျက်လုံးကလဲ အတော်ကလေး အရောင်တောက်နေတယ်၊ သိုင်းပညာ တော်တော်ကောင်းမယ့် ပုံစံလဲရှိတယ်၊ ဂိုဏ်းချုပ်ရဲ့လက်ထောက်တွေများ ဖြစ်နေမလားမသိဘူး"

ရှင်းတိသည် စင်မြင့်ပေါ်၌ ရောက်ရှိနေသည့် လူအားလုံး၏

မျက်နှာများကို တစ်ယောက်ချင်း စေ့စေ့စပ်စပ်ကြည့်သည်။

အားလုံး၏မျက်နှာထားများကို မနှစ်မြို့ပေ။

"အင်း. . . ဒီလိုမျက်နှာထားတွေဟာ ကောက်ကျစ်သူတွေရဲ့ မျက်နှာထားမျိုးတွေပဲ၊ စိတ်ထားကောင်းမယ့်မျက်နှာပိုင်ရှင် တစ်ယောက်တစ်လေ မတွေ့ရတာ အတော်ထူးဆန်းတယ်၊ ဒီလိုဂိုဏ်း ထဲဝင်ဖို့ ကိစ္စကတော့ အတော့်ကိုမလွယ်တဲ့ကိစ္စပဲ"

သူတွေးတောနေခိုက်မှာပင် စင်မြင့်ပေါ်သို့ အနက်ရောင် ပိုးသားဝတ်စုံ ဝတ်ဆင်ထားသည့် လူတစ်ယောက် ဖြည်းညင်းစွာ တက်လာသည်။

သူ့နောက်မှ အဖြူရောင်နှိုင်လွန်ဝတ်စုံ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်ပါ ကပ်ပါလာ၏။

စင်မြင့်ပေါ်ရှိ အဘိုးအိုနှင့် မိန်းမကြီးတို့မှတစ်ပါး ကျန်လူ အားလုံးက ဒူးထောက်လျက် အရိုအသေပေးနေကြလေ၏။

"ဟယ်. . . ဒါကမှ မဟူရာတမန်ဂိုဏ်းချုပ်ပဲ"

တက်ရောက်လာသည့် သိုင်းသမားပရိသတ်ထဲမှ တစ်စုံ တစ်ယောက်က တီးတိုးရေရွတ်လိုက်သည်။

တောင်ထိပ်ရှိ ကွင်းပြင်တစ်ခုလုံး လုံးဝတိတ်ဆိတ်နေသဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်သည့်အသံပင်လျှင် ကျယ်လောင်သော





အသံကဲ့သို့ ထင်မှတ်လိုက်ရသည်။

"မဟူရာတမန်ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီးကျောက်ဒိရှင် ဂိုဏ်းချုပ်ကတော် ကျန်ပိကျင်းတို့ ရောက်ရှိလာပါပြီခင်ဗျား"

ပိုင်ရှ၏အော်ဟစ်ကြေငြာသံကို ကြားလိုက်ရသောအခါ ကွင်းလယ်ထဲသို့ စုရုံးရောက်ရှိလာသည့် ဧည့်သည်သိုင်းသမား အားလုံး ဂါရဝပြုသည့်အနေဖြင့် မတ်တတ်ထရပ်လိုက်ကြသည်။

စင်မြင့်ပေါ်မှ ဂိုဏ်းချုပ်ကြီးကျောက်ဒိရှင်က လက်သီးနှစ် ဘက်ဆုပ်ကာ ပြန်လည်၍ဦးညွှတ်ဂါရဝပြုလေ၏။

"ဧည့်သည်တော်ကြီးများ ထိုင်ကြပါခင်ဗျာ၊ ကျေးဇူးတင်ပါ တယ်"

ဧည့်သည်သိုင်းသမားအားလုံးထိုင်လိုက်သည်နှင့် ကျောက်ဒိ ရှင်နှင့် ကျန်ပိကျင်းတို့ကလည်း သူတို့နှစ်ဦးအတွက် ချထားသည့် ကုလားထိုင်ကြီးနှစ်လုံး၌ ဝင်ထိုင်လိုက်ကြ၏။

ကျောက်ဒိရှင်ကား မျက်ခုံးမွေးထူထူ၊ နဖူးမြင့်မြင့်မြင့်ဖြင့် အလွန်တရာအကြံကြီးသော ရုပ်ရည်သွင်ပြင်မျိုးရှိသည်။

သို့ရာတွင် ပါးလျားသောနှုတ်ခမ်းက ရက်စက်ကြမ်းကြုတ် သည့်စိတ်သဘောထားရှိကြောင်း ပြသလျက်ရှိနေသည်။

လူအားလုံး အံ့သြသွားရသည့်အချက်မှာ ကျောက်ဒိရှင်သည်

အသက်သုံးဆယ့်ငါးနှစ်ခန့်သာ ရှိသေးခြင်းပင်တည်း။

ဤသို့သော အသက်အရွယ်မျိုးဖြင့် အင်အားတောင့်တင်းသော ဂိုဏ်းကြီး၏ဂိုဏ်းချုပ်ကြီးဘဝသို့ ရောက်ရှိနေခြင်းကြောင့် ကျောက်အိရှင်ကို မည်သို့မျှ လျှော့ပေါ့၍ မတွက်နိုင်တော့ကြောင်း လူရိပ်လူကဲခတ်တတ်သည့် သိုင်းသမားတိုင်း နားလည်သဘောပေါက်သွားကြသည်။

ထို့ပြင် ဂိုဏ်းချုပ်ကတော် ကျန်ပိကျင်းမှာလည်း ကျောက်အိရှင်၏မျက်နှာနှင့် မတိမ်းမယိမ်းသာရှိသည်။ ရုပ်ရည်ချောမောသော်လည်း မျက်နှာထားက ခပ်တင်းတင်းဖြစ်နေသဖြင့် သူမ၏ ရုပ်ရည်သည် ချောမောသလောက် မပေါ်လွင်ဘဲရှိနေ၏။

သူမ၏ပုံပန်းသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် သူမသည်လည်း သိုင်းပညာကောင်းပုံရကြောင်း အားလုံးခန့်မှန်းမိကြသည်။

ထိုစဉ် ဂိုဏ်းချုပ်ကတော်က ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ကြားရုံ လေသံကလေးဖြင့်ပြောလိုက်၏။

နှုတ်ခမ်းလှုပ်ရုံမျှသာ ပြောလိုက်ခြင်းဖြစ်ရာ စင်အောက်မှ ညွှေ့သည်သိုင်းသမားများအနေဖြင့် စကားပြောလိုက်မှန်းပင် မသိကြပေ။

"အစ်ကိုကြီး တက်လာတဲ့ဧည့်သည်တွေ မနည်းပါပဲလား၊ အစ်ကိုကြီးရဲ့အကြံအစည် အောင်မြင်ပါ့မလား"





ဂိုဏ်ချုပ်ကြီးကျောက်အိရှင်က မဲ့ပြုံးပြုံးလိုက်သည်။ သူကလည်း နှုတ်ခမ်းလှုပ်ရုံကလေးသာ ပြန်ပြောသည်။

"ညီမလေး စောင့်ကြည့်ပါဦးလေ၊ ဒီလူတွေထဲက ဘယ်သူလှုပ်ရဲမလဲဆိုတာ"

ကျောက်အိရှင်သည် သူ့ဇနီးအား ပြောပြီးသည်နှင့် ကုလားထိုင်မှထကာ စင်မြင့်ပေါ်၌ထရပ်လိုက်တော့၏။

အိမ်ရှင်ဂိုဏ်းချုပ်ကြီးတစ်ယောက်နေဖြင့် ကျေးဇူးတင်စကား ပြောရဦးမည်မဟုတ်ပါလော။

"သိုင်းလောကမှ မိတ်ဆွေများခင်ဗျား၊ ဝါဆန်းတောင်ဟာ မဟူရာတမန်ဂိုဏ်းရဲ့ ဘူမိနက်သန်ဖြစ်ပါတယ်၊ အောင်မြေလဲဖြစ်ပါတယ်၊ ဝါဆန်းတောင်ထိပ်ကို တက်ရောက်လာတဲ့ပုဂ္ဂိုလ်များဟာ အောင်မြေနင်းလိုက်တဲ့ ပုဂ္ဂိုလ်များပဲ ဖြစ်ပါတယ်၊ သိုင်းလောကက မိတ်ဆွေတွေအနေနဲ့ အခုလိုဖိတ်ခေါ်တဲ့ကိစ္စကို ဘာအကြောင်းများလဲဆိုပြီး သို့လောသို့လော တွေးတောကြမှာ သေချာပါတယ်၊ သိပ်လဲ စိတ်ပူမနေကြပါနဲ့ အခုလို ဖိတ်ကြားရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မိတ်ဆွေများနဲ့ ကျုပ်တို့ရဲ့မဟူရာတမန်ဂိုဏ်း ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စပါပဲ"

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ စကားများက ပြေပြစ်လှသည်။ အသံဩဇာလည်းကောင်းသည်။

အတွင်းအားလည်း အတော်ပင်ပြည့်ဝသည်။ နားထောင်နေသည့် သိုင်းသမားအချို့သည် ကျောက်အိရှင်၏ ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှုဒဏ်ကို ခံလိုက်ရသည်။ ကျောက်အိရှင်အား လေးစားသွားကြသည်။

ကျောက်အိရှင်က ဆက်ပြီးပြောသည်။

"ကျုပ်တို့ဂိုဏ်းနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့် အစီအစဉ်တွေကို ခေတ္တဘေးချိတ်ထားပြီး ကျုပ်တို့ဂိုဏ်းရဲ့သစ္စာဖောက်တွေကို ဒီအချိန်အတွင်းမှာပဲ အပြစ်ဒဏ်ပေးပါရစေဦးလို့ မေတ္တာရပ်ခံလိုပါတယ်"

ကျောက်အိရှင်သည် သူ၏ဂိုဏ်းချုပ်ကြီးနေရာ၌ ပြန်ထိုင်လိုက်သည်။

ရှင်းတိသည် သူ၏နေရာ၌ထိုင်ရင်း ငေးမောနေမိသည်။ သူသည် မဟူရာတမန်ဂိုဏ်းအကြောင်း မကောင်းချည်းသာ ကြားနေခဲ့ရာမှ မဟူရာတမန်ဂိုဏ်း၏ အကူအညီဖြင့် မြင်းဝိဇ္ဇာတင်ရိကို ရှာဖွေတွေ့ရှိနိုင်သည်ဟူသည့် ဝမ်ချင်း၏စကားကို ကြားလိုက်ရသောအခါ ထိုဂိုဏ်းအတွင်းဝင်ရေးကိစ္စကို အလွန်တရာ စိတ်ဝင်စားသွားလေတော့၏။

သူ ငေးမောတွေးတောနေခိုက် ပိုင်ရှုက အော်ဟစ်ကြေငြာလိုက်၏။





"စည်းကမ်းထိန်းသိမ်းရေးမှူးဖြစ်တဲ့ စင်ဝေဖန်း ကြွရောက်လာပါပြီခင်ဗျာ"

မီးသွေးတုံးကဲ့သို့ အသားအရောင်မည်းနက်လှသည့် အဘိုးအိုတစ်ယောက်သည် စင်မြင့်ပေါ်သို့တက်လာ၏။

"ဟာ - ဒါ ဘီလူးနက်ပါလား"

ညှော့သည်သိုင်းသမားများထဲမှ တီးတိုးရေရွတ်သံ ထွက်ပေါ်လာ၏။

မှန်ပါသည်။ ထိုပုဂ္ဂိုလ်သည် သိုင်းလောက၌ ရက်စက်မှုသရဖူဆောင်းထားသည့် ဘီလူးနက်ဟုအမည်ရခဲ့သော ပုဂ္ဂိုလ်သာတည်း။

သူသည် တစ်ချိန်က သိုင်းလောက၌ အတော်ကလေး ကျော်ကြားခဲ့သူဖြစ်၏။

သို့ရာတွင် သိုင်းလောကမှ ရုတ်ခြည်းပျောက်ကွယ်သွားခဲ့သဖြင့် ကျန်လုဂိုဏ်းချုပ် နန်သိုက်ကဲ့သို့သော ပုဂ္ဂိုလ်များက အံ့ဩခဲ့ကြသေးသည်။

ယခုမှပင် ဘီလူးနက်စင်ဝေဖန်းသည် မဟူရာတမန်ဂိုဏ်းအတွင်း ရောက်ရှိနေသည်ကို သိလိုက်ကြရတော့သည်။

ဘီလူးနက် စင်ဝေဖန်းသည် ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ ရှေ့၌ ဒူးထောက်ထိုင်ချလိုက်၏။

"စည်းကမ်းထိန်းသိမ်းရေးမှူး သစ္စာဖောက်တွေကို အပြစ်ပေးဖို့စီစဉ်ပါ"

"ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အတိုင်း အခုချက်ချင်းပဲ စီစဉ်လိုက်ပါ့မယ်"

ကျောက်အိရှင်က ခေါင်းညိတ်ပြလိုက်သောအခါ ဘီလူးနက်စင်ဝေပန်း စင်မြင့်အောက်သို့ ပြန်ဆင်းသွား၏။

မကြာမီ အချိန်အတွင်းမှာပင် လူလေးယောက်ကို ခေါ်ဆောင်လာသည်။

ထိုလူလေးယောက်အနက် တစ်ယောက်သောသူကို ရှင်းတိသိသည်။ ထိုလူမှာ ပရဆေးမြစ်လုစဉ်က ပါဝင်ခဲ့သော ရှောင်ဟိုးဖြစ်၏။

ယခုအခါတွင် ရှောင်ဟိုးသည် မဟူရာတမန်ဂိုဏ်း၏ အကျဉ်းသား ဖြစ်နေရှာလေပြီ။

ကျန်လူများကို ရှင်းတိမသိသော်လည်း အခြားသော ညှိသည်သိုင်းသမားများက သိရှိကြ၏။ ထိုသူများသည် သိုင်းလောက၌ ဆိုးသွမ်းရမ်းကားပြီးမှ မဟူရာတမန်ဂိုဏ်းအတွင်းသို့ ရောက်ရှိသွားခဲ့သူများဖြစ်၏။

ရှောင်ဟိုးမှအပဖြစ်သော အခြားသုံးယောက်၏အမည်များမှာ စွန်းပင်၊ ချင်ဝမ်းနှင့် ကွန်ချူးတို့ဖြစ်ကြ၏။





သူတို့သည် ကိုယ်အနိုင်ရသည့်အခါတွင်သာ ရက်စက်ရဲသူများ ဖြစ်ကြ၏။ ကိုယ်အရှုံးပေးရသည့်အခါတွင်မူ အလွန်တရာကြောက်ဒူးတုန်နေကြသူများဖြစ်ရာ ယခုအခါတွင် လေးယောက်စလုံး ကတုန်ကယင်ဖြစ်နေကြလေပြီ။

ဂိုဏ်းချုပ်ကြီး ကျောက်အိရှင်က စူးစူးရဲရဲမျက်လုံးများဖြင့် စင်အောက်မှ အကျဉ်းသားများကို ကြည့်လိုက်၏။

"မင်းတို့အပြစ်အတွက် ဘာဆင်ခြေဆင်လက် ပေးစရာရှိသလဲ၊ လုံလောက်တဲ့ အကြောင်းပြချက်ရှိရင်တော့ မင်းတို့ကို အပြစ်က ခွင့်လွှတ်မယ်၊ မင်းတို့မှာ ပြောစရာရှိသမျှ အကြောင်းပြချက်အားလုံး အခုအချိန်မှာ ထုတ်ပြောနိုင်တယ်"

သိုင်းသမားများ၏စိတ်ထဲ၌ ဘဝင်ကျသွားကြသည်။ သိုင်းလောကမှ မည်သည့်ဂိုဏ်းချုပ်မဆို ဤသို့ ငြင်းချက်ထုတ်ခြင်းကို လက်ခံလိမ့်မည်မဟုတ်ချေ။

သို့သော် ---

ယခု မဟူရာတမန်ဂိုဏ်းချုပ်က အခြားဂိုဏ်းချုပ်ကြီးများထက် ပိုမို၍ပျော့ပျောင်းနေကြောင်း တွေ့ရှိနေရလေပြီ။

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ထံမှ ခွင့်ပြုချက်ရသော်လည်း မည်သည့် အကျဉ်းသားကမျှ ပါးစပ်မဟရဲဘဲ ရှိနေကြသည်။

ဂိုဏ်းချုပ်ကြီး၏နှုတ်ခမ်း၌ အပြုံးတွန့်ကလေးတစ်ခု ပေါ်

သွားသည်။

"ကောင်းပြီ၊ မင်းတို့ ကိုယ့်အပြစ်ကိုယ် ဝန်ခံကြတဲ့အတွက် ငါ သက်သက်ညှာညှာ အပြစ်ပေးမယ်၊ ရှောင်ဟိုး၊ စွန်းပင်နဲ့ ချင်ဝမ်းတို့ကို စည်းကမ်းထိန်းသိမ်းရေးမှူးက ဘယ်ဘက်လက်တစ်ဘက်စီ ထုချေပြီး အပြစ်ပေးလိုက်ပါ"

ဘီလူးနက် စင်ဝေဖန်းသည် အကျဉ်းသားသုံးဦးအား ကွက်လပ်တစ်ခုဆီသို့ ခေါ်ဆောင်သွား၏။ ထိုကွက်လပ်ကို ညေ့သည် သိုင်းသမားတိုင်း တွေ့မြင်နိုင်ပေသည်။

မကြာမီ သွေးပျက်ချောက်ချားမတတ် စူးစူးရွားရွားအော်လိုက်သည့် အသံကြီးများသည် ဝါဆန်းတောင်ထိပ်တစ်ခုလုံးသို့ ပဲ့တင်ထပ်သွားတော့သည်။

ညေ့သည်သိုင်းသမားအားလုံးသည်လည်း မျက်စိမျက်နှာများ ပျက်ကုန်သည်။

ထိုစဉ် ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ ဩဇာတိက္ကမကြီးမားသော အသံက ထည်ဝါစွာထွက်ပေါ်လာသည်။

"နောက်ထပ်အကျဉ်းသားတစ်ယောက်"

ကွန်ချူးသည် စင်မြင့်ရှေ့၌ ဒူးများပျော့ခွေမတတ် ဖြစ်နေသည်။

"ကွန်ချူးဟာ မဟူရာတမန်ဂိုဏ်းကို သစ္စာဖောက်သွားရုံမက





သေးဘူး ဌာနခွဲတာဝန်ခံတစ်ယောက်ကိုပါ အပြင်းအထန် ဒဏ်ရာရစေခဲ့သူဖြစ်တယ်၊ သူ့ကိုတော့ ပေါင်နှစ်ဘက်ဖြတ်ပြီး သူ့အရပ်ကို ပြန်ပို့လိုက်တော့"

ဘီလူးနက်စင်ဝေပန်းသည် မတ်တပ် မရပ်နိုင်တော့ပြီဖြစ်သော ကွန်ချူးကို မြေ၌တရွတ်ဆွဲသွား၏။

ကွက်လပ်ဆီသို့ရောက်သောအခါ ပါးကွက်အာဏာသား၏တာဝန်ကို ထမ်းဆောင်လိုက်တော့သည်။

"အား -"

ကွန်ချူး၏စူးစူးရွားရွားအော်သံသည် ဝါဆန်းတောင်ထိပ်တစ်ခုလုံးကို ပဲ့တင်ထပ်သွားစေပြန်သည်။

ညေ့သည်သိုင်းသမားအားလုံး၏မျက်နှာများမှာ လုံးဝ မသာယာကြတော့ပေ။

အဘယ်မှာလျှင် သာယာပါမည်နည်း၊ ဤကဲ့သို့သော အပြစ်ပေးမှုမျိုးကို မည်သည့် သိုင်းဂိုဏ်းကြီးငယ်ကမျှ မပြုလုပ်ကြသောကြောင့်ပေတည်း။

သိုင်းဂိုဏ်းကြီးများ၌ သစ္စာဖောက်များနှင့် ဂိုဏ်းမှချမှတ်ထားသည့်စည်းကမ်းချက်များကို ဖောက်ဖျက်သူများကို အပြစ်မပေး မဟုတ်၊ အပြစ်ပေးလေ့ရှိသည်။

ဂိုဏ်းမှ ခွင့်မလွှတ်နိုင်သည့် အမှားကျူးလွန်သူဆိုလျှင် ဂိုဏ်းထဲမှ တစ်ခါတည်းနှင်ထုတ်ပစ်ခြင်းဖြစ်သည်။

ဂိုဏ်းထဲမှ နှင်ထုတ်ခံရသော သိုင်းသမားမှာလည်း ဂိုဏ်းထဲမှ နှင်ထုတ်ခြင်းထက် အသတ်ခံရခြင်းကို ပို၍နှစ်ခြိုက်ကြ၏။

သို့သော် -

မည်သည့်ဂိုဏ်းကမျှ မဟူရာတမန်ဂိုဏ်းလို ကိုယ်ခန္ဓာ ဖျက်ဆီးခြင်း၊ အသက်သတ်ခြင်း မပြုကြပေ။

အကယ်၍ ဂိုဏ်းမှချမှတ်ထားသော သာမန်စည်းကမ်းချက်များကို ဖောက်ဖျက်သည်ဆိုလျှင်လည်း သဲထမ်းဒဏ်၊ ရေထမ်းဒဏ် နှင့် ဂူပိတ်ခြင်း အပြစ်ဒဏ်များကို ပေးလေ့ရှိ၏။ စင်စစ် ထိုအပြစ်ဒဏ်များမှာ အပြစ်ဒဏ်မမည်ချေ။

အဘယ်ကြောင့်ဆိုသော် ---

ထိုအပြစ်ဒဏ်များသည် အပြစ်ဒဏ်ခံရသူ၏ သိုင်းပညာ တိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် အပြစ်ဒဏ်များဖြစ်နေသောကြောင့်တည်း။

ယခုကဲ့သို့ ရက်ရက်စက်စက် အပြစ်ဒဏ်ပေးသည့်ဂိုဏ်းဆို၍ ဤမဟူရာတမန်ဂိုဏ်းတစ်ဂိုဏ်းသာရှိကြောင်း အားလုံးသိလိုက်ကြသဖြင့် ဤသို့ မျက်စိမျက်နှာ ပျက်သွားရခြင်းသာ ဖြစ်တော့သည်။





အချို့သောသိုင်းသမားများသည် ဝါဆန်းတောင်ထိပ်မှ ထွက်ခွာသွားနိုင်ရန် ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ထိုအခါကျမှ မျက်လုံးပြူးသွားကြရတော့သည်။

အဘယ်ကြောင့်ဆိုသော် အစည်းအဝေးကွက်လပ်၏ ဘေးပတ်ပတ်လည်၌ အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားပြီး လက်နက်မျိုးစုံ ကိုင်ဆောင်ထားသည့် မဟူရာတမန်ဂိုဏ်းသားများကို အထပ်ထပ် တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။

ဤပုံအတိုင်းဆိုပါက သူတို့အနေဖြင့် မည်သို့မျှ ဘေးကင်းရန်ကင်း ဆင်းသက်နိုင်တော့မည် မဟုတ်သည်ကို နားလည်သဘောပေါက်သွားကြတော့သည်။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခေါင်းချင်းတော့ကာ ကြိတ်ကြိတ်ကြိတ်ကြိတ်နှင့် တိုင်ပင်ဆွေးနွေးနေကြတော့၏။

ထိုစဉ် ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏အသံ ပေါ်လာတော့သည်။

"သိုင်းလောကသားထဲက မိတ်ဆွေတွေအနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်သွားမယ်ဆိုရင်တော့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ တကယ်တော့ ဒီလိုအပြစ်ပေးရတဲ့ ကလေးကလားအလုပ်ကို ဒီလို မင်္ဂလာရှိတဲ့အချိန်ကြီးမှာ လုံးဝမလုပ်ချင်ပါဘူး"

ဤကား ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ အဆိပ်ပေါ် သကာ

ဆမ်းထားသည့် စကားသာဖြစ်၏။

ဤအပြစ်ပေးသည့် အခမ်းအနားကို ညွှန့်သည်သိုင်းသမားများသိရှိရန် ကမင်ပြုလုပ်ပြခြင်းသာဖြစ်သည်။

မဟူရာတမန်ဂိုဏ်းဟူသည် မည်ကဲ့သို့ ရက်ရက်စက်စက် လုပ်တတ်ကြောင်း အစွယ်ထုတ်ပြလိုက်ခြင်သားဖြစ်၏။

"ကဲ - ကဲ - အနိဋ္ဌာရုံတွေ ပြီးသွားတဲ့အခါမှာ ဣဋ္ဌာရုံတွေ ဆက်ပြီးဆောင်ရွက်ကြရအောင်"

သူသည် စကားဆုံးသည်နှင့် လက်မြှောက်အချက်ပြလိုက်လေသည်။

"ရေနဂါးထွက်"

ဂိုဏ်ချုပ်ကြီးကျောက်အိရှင်၏ ကုလားထိုင်နောက်၌ မတ်တပ်ရပ်နေသည့် ကြက်သွေးရောင်ဝတ်ရုံ ဝတ်ဆင်ထားသည့် အဘိုးကြီးသည် ဂိုဏ်းချုပ်ကြီး ကျောက်အိရှင်ရှေ့သို့ထွက်လာပြီး ဦးညွှတ်ဂါရဝပြုလေ၏။

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်က ဆက်၍ပြောသည်။

"ခင်ဗျားတို့နဲ့ ပထမဆုံးမိတ်ဆက်ပေးရမယ့် ကျုပ်ရဲ့လက်ထောက်ကတော့ ဟောဒီပုဂ္ဂိုလ်ကြီးပါပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က သိုင်းလောကထဲမှာ ကျော်ကြားခဲ့တဲ့ သံမဏိ





မျက်နှာဆိုတဲ့ သိုင်းသမားတစ်ယောက်အကြောင်းများ မကြားမိဘူးလား"

သိုင်းသမားများသည် အံ့ဩထိတ်လန့်သော မျက်နှာများဖြင့် ထိုအဘိုးအိုကို လှမ်းကြည့်မိကြသည်။

သံမဏိမျက်နှာဆိုသူမှာ ဘီလူးနက်စင်ဝေဖန်းထက်ပင် ရက်စက်ကြမ်းကြုတ်သူဖြစ်သည်။

သတ်ဖြတ်ရာ၌လည်း လူမဆန်ဆုံးသောနည်းများဖြင့် သတ်တတ်သူဟု နာမည်ကြီးခဲ့၏။ သံမဏိမျက်နှာကို မကြားဘူးသူဟူ၍ သိုင်းလောက၌ မရှိကြပေ။

"မိုးဟသ်ာ ထွက်"

ကျောက်အိရှင်၏ စကားဆုံးသည်နှင့် အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမကြီးသည် ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ရှေ့သို့ ထွက်လာလျက် ဦးညွှတ်ဂါရဝပြုသည်။

ထို့နောက် သံမဏိမျက်နှာအဘိုးကြီးနှင့်အတူ ရင်ဘောင်တန်း၍ ရပ်လိုက်သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က သံမဏိမျက်နှာနဲ့ အတူကျော်ကြားခဲ့တဲ့ 'မာယာတစ်ထောင်မျက်နှာ'ဆိုတဲ့ သိုင်းသမကြီးတစ်ယောက်အကြောင်း ကြားသိဖူးရဲ့လား"

ညွှန့်သည်သိုင်းသမားများထံမှ 'ဟယ်' ခနဲ 'ဟာ' ခနဲ အသံများ ထွက်ပေါ်လာတော့၏။ သံမဏိမျက်နှာနှင့် မာယာတစ်ထောင်မျက်နှာတို့သည် ဇနီးမောင်နှံများဖြစ်ကြပြီး အတူတကွ ကျော်ကြားခဲ့သူများဖြစ်၏။

သူတို့နှစ်ယောက်သည် ဇနီးမောင်နှံနှစ်ယောက် ဖြစ်သည်နှင့် လျော်ညီစွာ အကျင့်စရိုက်များကလည်း အလွန်တရာတူညီလှ၏။

အသွင်တူသဖြင့် အိမ်သူဖြစ်သွားသည်ဟူ၍ ဆိုရမည်လား မသိပေ။

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ အပြုအမူမှန်သမျှ၌ အားလုံး အဓိပ္ပာယ်ရှိသည်ချည်းသာ ဖြစ်တော့သည်။

သူသည် သိုင်းလောက၌ နာမည်ဆိုးဖြင့် ထင်ရှားကျော်ကြားခဲ့သည့် သိုင်းထိပ်ခေါင်ကြီးများကို တမင်မိတ်ဆက်ပေးခြင်းမှာ အစည်းအဝေးသို့ တက်ရောက်လာသည့် သိုင်းသမားတိုင်း ထိတ်လန့်ကြောက်ရွံ့သွားစေရန် ရည်ရွယ်ခြင်းဖြစ်ပေသည်။

သူ၏ရည်ရွယ်ချက်လည်း အောင်မြင်ခဲ့သည်သာ ဖြစ်ပါ၏။ သိုင်းသမားအားလုံး ထိတ်လန့်သွားသည်။ ကြောက်ရွံ့သွားသည်။ ဖြူသွားသည်။

ထို့ကြောင့် အတွေးကိုယ်စီဖြင့် အားလုံးငြိမ်သက်သွားကြလေတော့၏။





ဂိုဏ်းချုပ်ကြီးကျောက်အိရှင်သည် သိုင်သမားများ တိတ်ဆိတ် ငြိမ်သက်သွားသည်ကိုကြည့်၍ အကျေနပ်ကြီး ကျေနပ်သွားလေ၏။

"အခုလို သိုင်းလောကထဲက ကျော်ကြားနေတဲ့မိတ်ဆွေများကို ဖိတ်ခေါ်ရတဲ့ အဓိကအကြောင်းရင်းကတော့ အခု တက်ရောက်လာတဲ့ မိတ်ဆွေသိုင်းသမားများနဲ့ ---"

သူသည် စကားစကို ခေတ္တရပ်ဆိုင်းလိုက်ပြီး ကျန်လုဂိုဏ်းချုပ်ကြီး နန်သိုက်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်၏။

"ကျန်လုဂိုဏ်းချုပ်ကြီး နန်သိုက်ကိုတော့ ကျုပ်တို့က သက်သက်မဲ့ လာရောက်လေ့လာဖို့ ဖိတ်ကြားထားတဲ့အတွက် အခု ကျုပ် ပူးပေါင်းဆောင်ရွက်ဖို့ပြောနေတဲ့ အကြောင်းအရာထဲမှာ ကျန်လုဂိုဏ်း မပါဘူးဆိုတဲ့အကြောင်း ရှင်းရှင်းလင်းလင်း ပြောထားလိုပါတယ်"

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ကား အလွန်ပါးနပ်သူဖြစ်ပေသည်။

တရုတ်ပြည်၏ ထိပ်သီးသိုင်းဂိုဏ်းကြီးဖြစ်သော ကျန်လုဂိုဏ်းနှင့် ထိပ်တိုက်မဖြစ်စေရန်မှု ကြိုတင်ရှောင်လွှဲထားပေသည်။

"အဲ - ကျုပ်တို့အနေနဲ့ အခုတက်ရောက်လာတဲ့ မိတ်ဆွေသိုင်းသမားများနဲ့ စိတ်တူကိုယ်တူပူးပေါင်းပြီး သိုင်းလောကရဲ့

ကောင်းကျိုးကို ဆောင်ရွက်လိုပါတယ်၊ မိတ်ဆွေများ ဒီတောင်ပေါ်ကို တက်မလာခင်ကဘဲ ကျုပ်တို့အဖွဲ့ဝင်တွေက ကြိုတင်ရှင်းလင်းထားပြီးဖြစ်လို့ ကျုပ်တို့ဂိုဏ်းရဲ့စည်းကမ်းတွေကို နားလည်ထားကြပြီ၊ လက်ခံထားကြပြီ၊ ဂိုဏ်းသားအဖြစ်ဝင်ဖို့ သဘောတူထားပြီဖြစ်ကြောင်း ကျုပ် ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားပြီးပါပြီ၊ ကျုပ်ဟာ တစ်ကိုယ်ကောင်းသမား မဟုတ်ပါဘူး၊ ကျုပ်တို့ဂိုဏ်းထဲဝင်ချင်တဲ့ ဟောဒီက မိတ်ဆွေတွေရဲ့ဆန္ဒကို ငြင်းပယ်ရင် ကျုပ်လောက်အသုံးမကျတဲ့လူ ရှိပါတော့မလား၊ ဒါကြောင့် ဟောဒီတောင်ထိပ်ပေါ်ကို တက်ရောက်လာတဲ့ သိုင်းသမားအားလုံးကို ကျုပ်တို့ မဟူရာတမန်ဂိုဏ်းသားများအဖြစ် လက်ခံလိုက်ပြီဖြစ်ကြောင်း ကြေငြာလိုက်ပါတယ်"

သာမန်အားဖြင့် ရိုးရိုးသားသား အစည်းအဝေးကြီးတစ်ရပ်၌သာ ဤသို့ ကြေငြာလိုက်လျှင် တက်ရောက်လာသူများ၏ ဩဘာပေးသံကြီးသည် "ဝေါ"ခနဲ ပေါ်ထွက်လာမည်ဖြစ်၏။

သို့သော် မရိုးမသား မလိမ့်တပတ်၊ ကလိန်ကကျစ် ကြေငြာလိုက်သော ကြေငြာချက်ကြောင့် တက်ရောက်လာသည့် သိုင်းသမားများသည် အောင့်သက်သက်ကြီးဖြင့် ငြိမ်သက်နေတော့၏။

သူတို့အားလုံး မကျေနပ်ကြပေ။ သို့သော် မည်သူမျှလည်း မကျေနပ်ကြောင်း ထမပြောဝံ့ကြပေ။

သူတို့ပတ်လည်၌ မဟူရာတမန်ဂိုဏ်းသားများ ဝိုင်းရံနေကြ





သည် မဟုတ်ပါလော။ ဘီလူးနက်စင်ဝေဖန်း၊ ရေနဂါးသံမဏိမျက်နှာနှင့် မိုးဟသ်ာမာယာတစ်ထောင်မျက်နှာတို့က သူတို့အား ကြောက်ဖွယ်လိလိ မျက်နှာများဖြင့် စိုက်ကြည့်နေသည် မဟုတ်ပါလော။

သူတို့အကြည့်က "မင်းတို့ ထဝံ့ထကြည့်စမ်း၊ ထတဲ့လူ အရိုးအသားအရေ အားလုံးချေပစ်လိုက်မယ်" ဟူသည့် အကြည့်မျိုးတည်း။

ထို့ကြောင့် အားလုံးငြိမ်သက်နေကြခြင်း ဖြစ်ပါ၏။

ထိုစဉ် ကျောက်အိရှင်၏အသံက ခန့်ညားစွာ ထွက်ပေါ်လာလေသည်။

"ကျုပ်တို့ဂိုဏ်းဟာ ဘယ်တော့မှ အမြင်မကျဉ်းဘူး၊ အခုဝင်ရောက်လာတဲ့ ဂိုဏ်းသားအသစ်တွေဟာ ကိုယ့်လုပ်ငန်းကိုယ်ဆောင်ရွက်နိုင်တယ်၊ ဒါပေမယ့် ကိုယ်ဆောင်ရွက်နေတဲ့လုပ်ငန်းကိုတော့ သက်ဆိုင်ရာတာဝန်ခံတွေကို အသိပေးထားရမယ်၊ ဒီလိုပြောလို့ ခင်ဗျားတို့လုပ်ငန်းတွေကို ဝင်စွက်ဖက်ချင်လို့ ပြောတာလို့ မထင်ပါနဲ့၊ ခင်ဗျားတို့မှာ အခက်အခဲ အကျပ်အတည်း ပေါ်လာတဲ့အခါ ကူညီနိုင်အောင်လို့ ဒီလိုအသိပေးခိုင်းတာပဲ ဖြစ်ပါတယ်၊ အဲဒီလို ကိုယ့်ဂိုဏ်းသားတွေ အကူအညီလိုတဲ့အခါမျိုးမှာ မဟူရာတမန်ဂိုဏ်းဟာ ဘယ်လိုကူညီတတ်သလဲဆိုတာ ခင်ဗျားတို့ကိုယ်တွေ့ကြုံတော့ သိကြရမှာပါ"

ဝါဆန်းတောင်ပေါ်သို့ ဧည့်သည်များအဖြစ် သူတို့ကိုယ်သူတို့ သဘောထားတက်ရောက်လာခဲ့ကြသည့် သိုင်းသမားများမှာ အလိုလိုနေရင်း ကံဆိုးမိုးမှောင်ကျနေရတော့သည်။

အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း ဆိုသည်မှာ ဤအဖြစ်မျိုးတည်းဟု အချို့သူများက နောင်တရနေကြလေ၏။

ဤတောင်ထိပ်သို့ ရောက်ရှိလာသူများတွင် များသောအားဖြင့် အသိဉာဏ်နုနယ်သူများနှင့် အောက်လမ်းသိုင်းသမားများက များပြား၏။

သူတို့သည် စဉ်းစားဆင်ခြင် တွေးတောရမည့်ကိစ္စများ၌ စွမ်းရည်ချို့တဲ့တတ်ကြသည်။

ပညာရှိဟု ခေါ်တွင်နိုင်သည့် အရည်အချင်းမှာ မဖြစ်သေးသောအရာကို ကြိုတင်တွေးတောနိုင်စွမ်းရှိခြင်းပင်တည်း။

ထိုစွမ်းရည်မရှိသူကို အဘယ်မှာလျှင် ပညာရှိဟု ခေါ်ဆိုနိုင်ပါမည်နည်း။

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်အနေဖြင့် သူ့အစီအစဉ်ကို အလွန်တရာ ကျေနပ်နှစ်သိမ့်နေသော်လည်း သူ့ဇနီး ကျန်ပိကျင်းမှာမူ သူ့လောက်စိတ်မအေးနိုင်ပေ။

ထို့ကြောင့် ခပ်တိုးတိုးမေးလိုက်၏။





"အစ်ကိုကြီး - ဒီအထဲမှာ မကျေနပ်တဲ့လူတော့ ပါမှာပဲ၊ သူတို့ကို ရှင်းပစ်မလား"

ကျောက်အိရှင်ကလည်း လေသံမျှဖြင့်ပြောသည်။

"ရှင်းပစ်ရမှာပေါ့၊ စိတ်မပူပါနဲ့၊ သူတို့အကုန်လုံးထပြီး တိုက်ခိုက်ခဲ့ရင်တောင် ငါတို့ကို သူတို့ မနိုင်ပါဘူး၊ ငါတို့က အားလုံး စနစ်တကျ စီစဉ်ထားတာပဲ"

ကျောက်အိရှင်သည် သူ့ဇနီးအား ဆက်မပြောတော့ပေ။ ထိုင်ခုံများပေါ်၌ တိတ်ဆိတ်ငြိမ်သက်နေသည့်သိုင်းသမားများကိုသာ အကဲခတ်နေ၏။

ဤမျှငြိမ်သက်နေခြင်းက သူ့အစီအစဉ်အတိုင်း အားလုံးအောင်မြင်ထမြောက်နေကြောင်း ပြသနေသည်ဟု ကျောက်အိရှင် မှတ်ယူလိုက်သည်။

သူ့စိတ်ထဲက ကြိတ်၍ကြိမ်းဝါးလိုက်၏။

"ဟင် - မင်းတို့ တောင်ပေါ်တက်လာခဲ့တဲ့ခရီးဟာ အင်မတန်ကို လွယ်တယ်ဆိုတော့ ပြန်ဆင်းရမယ့်ခရီးကလဲ ဒီလိုပဲ လွယ်လိမ့်မယ်လို့ မင်းတို့ထင်နေကြတယ်၊ အဲဒီလိုထင်ရင်တော့ အမှားကြီးမှားနေပြီလို့သာ မှတ်ကြပေတော့"

ကျောက်အိရှင်သည် သိုင်းသမားထုကြီးဘက်သို့လှည့်၍ ဆက်စကားပြောသည်။

ဤတစ်ကြိမ်ပြောသည့် သူ့လေသံကမူ ယခင်ကလို နူးညံ့ပျော့ပျောင်းခြင်း မရှိတော့ပေ။

"ကျုပ်ဟာ ဘယ်တော့ဖြစ်ဖြစ် ဘယ်သူ့ကိုမှ ကျုပ်တို့ဂိုဏ်းထဲကို အတင်းအဓမ္မ မသွတ်သွင်းခဲ့ဖူးဘူး၊ အခုလဲ ခင်ဗျားတို့အားလုံးက ဒီတောင်ပေါ် မရောက်ခင်ကတည်းက သဘောတူ ဆန္ဒပြုခဲ့ကြလို့ ကျုပ်က ကျုပ်ဂိုဏ်းထဲ ဝင်ခွင့်ပြုခဲ့တာ၊ တကယ်လို့ ခင်ဗျားတို့ထဲမှာ ကျုပ်ရဲ့ဂိုဏ်းထဲ မဝင်ချင်တဲ့လူရှိရင် ဒီလူကို ကျုပ်ဂိုဏ်းထဲ အတင်းဝင်ပါလို့ မတိုက်တွန်းဘူး၊ ဒါပေမယ့် အဲဒီလူဟာ ကိုယ်ဆန္ဒပေး သဘောတူညီခဲ့တဲ့ ကတိကို ဖောက်ဖျက်တဲ့အတွက် ကျုပ်နဲ့တော့ သိုင်းကွက်ဆယ်ကွက် ယှဉ်ပြိုင်ရလိမ့်မယ်"

ရှင်းတီသည် ချီဖုမြို့ တည်းခိုဆောင်၌ တည်းခိုနေစဉ်ကာလအတွင်း မဟူရာတမန်ဂိုဏ်းသား ထင်ကျန်းဆိုသူအား သတိရမိလိုက်၏။

"အင်း - သည့်ပြင် သိုင်းသမားတွေကိုလဲ သူတို့ ဒီလိုပဲ လိုက်ပြီး စည်းရုံးထားပုံရတယ်၊ အခု အားလုံး ငြိမ်နေပုံထောက်ရင် ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ပြောသလို သိုင်းသမားတိုင်း သူတို့ဂိုဏ်းထဲ ဝင်ပါမယ်လို့ ကတိပေးထားပြီးပြီဆိုတာ သေချာနေပြီ"

ကျောက်အိရှင်၏အသံက မှန်မှန်ထွက်ပေါ်နေသည်။

"တစ်ခုတော့ရှိတယ်၊ အခုထွက်လာမယ့်လူဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသလို သိုင်းပညာလဲ တကယ်အစွမ်းထက်ဖို့လိုတယ်၊





ကိုယ့်အသက်ကို အချည်းအနှီး အဆုံးရှုံးခံမယ့်လူမျိုးနဲ့တော့ ကျုပ်မပြိုင်လိုဘူး၊ ကိုယ့်ကိုယ်ကို အသက်အသေခံမယ့်အစား ကျုပ်တို့ဂိုဏ်းဝင်အဖြစ်ပဲ ဂုဏ်ရှိရှိခံယူပါလို့ ကျုပ်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်"

သိုင်းသမားအားလုံး ငြိမ်သက်နေသည်။

ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်သည် ဂိုဏ်းချုပ်ကျောက်အိရှင်၏လုပ်ပုံ မတရားမှန်းသိသော်လည်း သူတစ်ယောက်တည်း ဤအကြံအစည်ကို မည်သို့မျှ ဖြိုဖျက်နိုင်စွမ်းမရှိသဖြင့် သိက္ခာအကျမခံတော့ဘဲ ဣန္ဒြေရရ စောင့်ကြည့်နေတော့သည်။

ကျောက်အိရှင်ကမူ ဆက်ပြောနေသည်။

"ကျုပ်တို့ဂိုဏ်းထဲကို မဝင်ချင်ဘူးလို့ အခုထပြီးပြောပါ၊ ဒီလူနဲ့ ကျုပ်တို့ အကွက်ပေါင်း ဆယ်ကွက်တိတိ ယှဉ်ပြိုင်ပါမယ်၊ ကျုပ်ရှုံးရင် အဲဒီလူအတွက် ဘာမှအန္တရာယ်မရှိစေရဘူးလို့ ကျုပ်အာမခံတယ်၊ ဒါတင်မကသေးဘူး၊ အဲဒီလူကို သိုင်းလောကသားတွေ မက်မက်မောမောလိုချင်နေတဲ့ ပစ္စည်းတစ်ခုကိုတောင် လက်ဆောင်ပေးလိုက်ပါဦးမယ်"

သိုင်းသမားအားလုံးလိုလို ခေါင်းထောင်သွားသည်။

ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်ပင်လျှင် အထူးစိတ်ဝင်စားသွားမိလေ၏။

"ဘာ လက်ဆောင်လဲဆိုတာ ခင်ဗျားတို့ သိပ်သိချင်မှာ သေချာပါတယ်၊ ဒီလက်ဆောင်ကတော့ မြင်းပျံအာမခံဌာနက ရထားတဲ့ ဂျင်ဆင်းဆေးမြစ်ပါပဲ၊ ဒါဆိုရင် ကျုပ်တို့ဟာ ဘယ်လောက် တရားမျှမျှတတ လုပ်တတ်တယ်ဆိုတာ ခင်ဗျားတို့ သိလောက်ပါပြီ"

သူသည် စကားဆုံးသည်နှင့် လက်ခုပ်သုံးချက်တီးလိုက်လေ၏။

ဝတ်စုံနက် ဝတ်ဆင်ထားသည့် မဟူရာတမန်ဂိုဏ်းသား တစ်ယောက်သည် လျှပ်တစ်ပြက် ပြေးဝင်ရောက်ရှိလ၏။ သူ့လက်ထဲ၌ ဖန်ပေါင်းချောင်တစ်ခု ပါလာသည်။

ဖန်ပေါင်းချောင်ထဲမှ ဆေးမြစ်ကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။ ထိုဂိုဏ်းသားသည် ခုံရှည်တစ်လုံးကို ဆွဲယူလိုက်ပြီး ဖန်ပေါင်းချောင်ကို ခုံရှည်ပေါ်၌ တင်ထားလိုက်လေ၏။

ရမည့်ဆုလာဘ်ကလည်း မနည်းလှပေ။ ကျန်လူဂိုဏ်းချုပ်ကြီး နန်သိုက်သည် ဂျင်ဆင်းပရဆေးမြစ်ကို အလွန်လိုချင်လှ၏။

သို့သော် ---

မဟူရာတမန်ဂိုဏ်းမှ ကျောက်အိရှင်၊ ကျန်ပိကျင်း၊ သံမဏိမျက်နှာ၊ မာယာတစ်ထောင်မျက်နှာနှင့် ဘီလူးနက်စင်ဝေဖန်းတို့ ငါးယောက်နှင့် ယှဉ်ပြိုင်ရမည့်ကိစ္စကို လျှော့ပေါ့ တွက်ဆ၍ မဖြစ်





သဖြင့် ပရဆေးမြစ်လိုချင်စိတ်ကို အတင်းချိုးနှိမ်ပစ်နေရသည်။

ကျန်သော သိုင်းသမားများမှာမူ လုံးဝ တုတ်တုတ် မလှုပ်ဝံ့ဘဲ ဖြစ်နေ၏။

ကျောက်အိရှင်က -

"ကဲ - ဒီပရဆေးမြစ်ရဲ့အစွမ်းကိုလဲ အားလုံးသိပြီးသားပဲ၊ နှစ်တစ်ရာအတွင်း ရဖို့မလွယ်တဲ့ဆေးမြစ်ကို အခု ခင်ဗျားတို့ အားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ၊ ဒီဆေးမြစ်ဟာ အတုမဟုတ်ပါဘူး၊ ကျုပ်က မြင်းပျံအာမခံဌာန တာဝန်ခံချုပ်ဝမ်ချင်းလို ဉာဏ်မများပါဘူး၊ ကဲ - ကဲ - ကျုပ်တို့ဂိုဏ်းထဲ မဝင်ချင်တဲ့လူ ထွက်လာနိုင်ပါပြီ"

ယခု ရောက်ရှိနေသည့် သိုင်းသမားအားလုံး ဂိုဏ်းချုပ်ကြီး ကျောက်အိရှင်နှင့် ဂိုဏ်းချုပ်ကတော် ကျန်ပိကျင်းတို့၏ သိုင်းပညာစွမ်းကို မတွေ့မြင်ဘူးကြပေ။

သူတို့နှစ်ယောက်၏ သိုင်းပညာသည် သံမဏိမျက်နှာ၊ မာယာတစ်ထောင်မျက်နှာနှင့် ဘီလူးနက်စင်ဝေဖန်းတို့ထက် သာလွန်မည် ဖြစ်ကြောင်းကိုမူ တွေးတောခန့်မှန်းသိရှိကြ၏။

ထိုသို့သာလွန်၍သာ ဤသို့ ဂိုဏ်းချုပ်ကြီးအဖြစ် ကြီးကြပ်အုပ်ချုပ်နေနိုင်ခြင်း မဟုတ်ပါလော။

ထိုစဉ် သိုင်းသမားထုထဲမှ လူငယ်တစ်ယောက်သည် ခုံတန်းများ၌ ထိုင်နေရာမှ ဖြည်းညင်းစွာ ထရပ်လိုက်ပြီးနောက် စင်မြင့်ရှေ့ ကွက်လပ်ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လာလေတော့၏။

ထိုလူငယ်ကား မလိမ့်တပတ်လုပ်ခြင်း၊ မရိုးမသားပြုခြင်း၊ ကလိန်ကကျစ် ကောက်ကျစ်ခြင်းတို့ကို လုံးဝ မနှစ်သက်သည့် ရှင်းတီသာ ဖြစ်ပါလေ၏။

ရှင်းတီသာ ဖြစ်ပါလေ၏။

ဖဖဖ



အခန်း(၁၆)

## မဖိတ်ခေါ်ပဲရောက်ရှိလာသောဧည့်သည်

တစ်ချိန်လုံး ဖြည်းညင်းစွာ တိုက်ခတ်နေသည့် လေပြည်လေညှင်းသည်လည်း တရှိန်ရှိန်အော်မြည်ကာ ခပ်ကြမ်းကြမ်း တိုက်ခတ်လာလေတော့၏။

ရှင်းတီ၏ဝတ်စုံဖြူသည် လေထဲ၌ တဖျပ်ဖျပ်လှုပ်ခါနေသည်။ သူသည် စင်မြင့်ပေါ်ရှိ ကျောက်အိရှင်ကို မျက်တောင်တစ်ချက်မျှ မခတ်ဘဲ စူးစူးစိုက်စိုက်ကြည့်လျက် ရှေ့သို့ တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်လာနေသည်။

ရာပေါင်းများစွာသောမျက်လုံးများသည် အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ ကရုဏာသက်ခြင်း စသည့် ခံစားမှုမျိုးစုံဖြင့် ရှင်းတီ တစ်လှမ်းချင်း သွားနေရာသို့ လိုက်၍ကြည့်နေမိကြသည်။

ကျန်လုဂိုဏ်းချုပ်ကြီး နန်သိုက်သည် ခွေးရိုက်တုတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် သူ၏ဦးခေါင်းကို ခါယမ်းနေမိလေတော့သည်။

တစ်စထက်တစ်စ ပြင်းထန်စွာတိုက်ခတ်လာသော လေကြောင့် သစ်ပင်ကြီးများပင် ယိမ်းထိုးလာသည်။

ထိုအချိန်မှာပင် ရှင်းတိသည် စင်မြင့်ရှေ့ရှိ ကွက်လပ်ထဲသို့ ရောက်ရှိလာလေတော့၏။

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်၏ ထူထဲသော မျက်ခုံးကြီးများသည် မြင့်တက်ရှုံ့တွသွား၏။

သူ့မျက်လုံးများ မှေးစင်းသွားပြီး ကွက်လပ်ထဲမှလူငယ်ကလေးကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

ဘီလူးနက်စင်ဝေဖန်းက မာန်ဖီသောအသံဖြင့် ဟိန်းဟောက်လိုက်၏။

"ဟေ့ - ဘယ်သူလဲ ဂိုဏ်းချုပ်ကြီးကို ပမာမခန့်လုပ်ပြီး ကွက်လပ်ထဲဝင်လာတာ"

သံမဏိမျက်နှာထံမှ လက်ခုပ်တီးသံနှစ်ချက် ထွက်ပေါ်လာသဖြင့် ဘီလူးနက်စင်ဝေဖန်းသည် ဂိုဏ်းချုပ်ကြီးကျောက်အိရှင်ကို အရိုအသေပေးလျက် နောက်သို့ဆုတ်သွား၏။





သံမဏိမျက်နှာ၏လက်ခုပ်သံက ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဖြေရှင်းနေသည့်ကိစ္စ၌ မင်းဝင်မရှုပ်နှင့်ဟူလို။

"တယ်ပြီး သတ္တိကောင်းလိုက်တဲ့လူငယ်ပါလား"

ဝမ်းခေါင်းသံကြီးဖြင့်ပြောလိုက်သည့် ကျောက်အိရှင်၏ လေသံမှာ ကြွက်ငယ်ကိုမြင်သော ကြောင်ကြီး၏မာန်ဖီသံနှင့် တူလှစွာ၏။

ရှင်းတိသည် မြေကွက်လပ်ထဲမှ လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

ကျောက်အိရှင်က -

"မင်းဘယ်သူလဲ"

"ကျွန်တော် အညတရသိုင်းသမားတစ်ယောက်ပါ"

"ဘာကြောင့် ဒီကွက်လပ်ထဲဝင်လာသလဲ"

"ဂိုဏ်းချုပ်ကြီး စောစောကပြောခဲ့တဲ့စကားတွေကို ပြန်မေ့သွားပါပြီလားခင်ဗျာ"

ကျောက်အိရှင်၏မျက်နှာမှာ ရုတ်တရက်ရဲသွား၏။

သို့သော် ချက်ချင်းပင် မူလအသွေးအရောင်သို့ ပြန်လည်ရောက်ရှိသွားသည်။

"မင်းက ငါ့ကို စိန်ခေါ်တယ်ပေါ့ ဟုတ်လား"

"အဲဒီစကား မှားပါတယ်၊ စတင်စိန်ခေါ်သူက ဂိုဏ်းချုပ်ကြီးပဲ ဖြစ်ပါတယ်"

"ဟုတ်တယ်၊ ငါကစိန်ခေါ်တယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့လူ၊ ကိုယ့်သိုင်းပညာနဲ့ ကိုယ့်အသက်ကို ကာကွယ်နိုင်မယ့်လူကို ငါစိန်ခေါ်တယ်၊ အဲဒီလူဟာ ငါ့ဂိုဏ်းထဲ မဝင်လိုပါဘူးဆိုတဲ့ ရည်ရွယ်ချက်ရှိတဲ့လူလဲ ဖြစ်ရမယ်"

ရှင်းတိက ဒုတိယအကြိမ် ဂါရဝပြုပြန်၏။

"ဟုတ်ကဲ့ - ကျွန်တော် ဒီမဟူရာတမန်ဂိုဏ်းထဲ မဝင်လိုတဲ့လူတစ်ဦးပဲဖြစ်ပါတယ်ခင်ဗျာ"

ကျောက်အိရှင်၏မျက်လုံးများက ပို၍မှေးစင်းသွား၏။

"ကောင်လေး မင်းအသက်ငယ်ငယ်ကလေးပဲ ရှိသေးတယ်၊ မင်းခုံမှာ မင်းပြန်ထိုင်ပါ၊ မင်းဟာ ငါ့ရဲ့သိုင်းကွက်ဆယ်ကွက်ကို မပြောနဲ့ သိုင်းကွက်တစ်ကွက်တည်းကိုတောင် ခံနိုင်မှာမဟုတ်ဘူး၊ ပြန်ထိုင်"

"မထိုင်နိုင်ပါဘူးခင်ဗျား၊ ဂိုဏ်းချုပ်ကြီးရဲ့ တပည့်တွေထဲမှာ ထင်ကျန်းဆိုတဲ့လူ ရှိပါသလား"

ကျောက်အိရှင်က ခေါင်းညိတ်ပြ၏။





ရှင်းတိက -

"အဲဒီထင်ကျန်းဟာ ကျွန်တော့်ကို ချီဖုမြို့ထဲက တည်းခိုဆောင်အတွင်းမှာ ဒီမဟူရာတမန်ဂိုဏ်းအတွင်းဝင်ဖို့ လာဆွေးနွေးခဲ့ပါတယ်၊ ကျွန်တော် သဘောမတူခဲ့ပါဘူး၊ စဉ်းစားပြီးတဲ့အခါ တောင်ထိပ်က အစည်းအဝေးရောက်တဲ့အခါ ဒီဂိုဏ်းထဲဝင်ဖို့ မဝင်ဖို့ ဘာကိုဆုံးဖြတ်သလဲဆိုတာ ဂိုဏ်းချုပ်ကြီးကို အကြောင်းပြန်ပါ့မယ်လို့တော့ ပြောခဲ့ပါတယ်၊ အခုတော့ ကျွန်တော်တို့အားလုံး ဘာမှစောဒကတက်ခွင့်မရှိဘဲ ဂိုဏ်းဝင်အဖြစ် အတင်းအဓမ္မသွတ်သွင်းခံလိုက်ရပြီ၊ ဒီအသွတ် သွင်းခံတဲ့လူတွေထဲမှာ ကျွန်တော်မပါဝင်ပါဘူးလို့ အတည့်အလင်း ပြောကြားပါတယ်ခင်ဗျာ"

ရှင်းတိ၏စကားများက ပြတ်သားလှသဖြင့် နားထောင်နေသည့် သိုင်းသမားအားလုံး ကြက်သီးတဖြန်းဖြန်း ထသွားကြလေ၏။

သူတို့ပြောချင်ပါလျက် မပြောရဲသည့် စကားလုံးများကို အသက်ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်ခန့်မျှသာ ရှိဟန်တူသေးသည့် လူငယ်ကလေးက ရဲရဲတောက်ပြောဆိုနေသည် မဟုတ်ပါလော။

"မင်းဟာ ငရဲပြည်ကို အစောဆုံးသွားချင်တဲ့လူငယ်ပဲ"

"ငရဲပြည်ကို လူငယ်တွေချည်းပဲ ရောက်တာမဟုတ်ပါဘူးခင်ဗျာ"

ကျောက်အိရှင်၏မျက်နှာ ရဲတက်သွားပြန်သည်။

"ငါ့သိုင်းကွက်တစ်ကွက်တည်းနဲ့ မင်း သေသွားနိုင်တယ် ဆိုတာ မင်းနားလည်ရဲ့လား ကောင်ကလေး"

"အဲဒီသိုင်းကွက်တစ်ကွက်တည်းနဲ့ ကျွန်တော် ဆယ်သက် သေရမယ်ဆိုရင်တောင် အသေပဲခံလိုက်ပါ့မယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ မဟူရာတမန်ဂိုဏ်းထဲကိုတော့ ကျွန်တော် မယုံကြည်ဘဲ မဝင် လိုပါဘူးခင်ဗျာ"

ထိုစဉ် -

"ဟား - ဟား - ဟား - ဟား"

"ဟား - ဟား - ဟား - ဟား"

"ဟား - ဟား - ဟား"

ကျယ်လောင်လှသော ရယ်သံကြီးသည် ဝါဆန်းတောင်ထိပ် တစ်ခုလုံးကို တသိမ့်သိမ့်လွှမ်းခြုံနေတော့သည်။

ဧည့်သည်သိုင်းသမားများသာမက ကျောက်အိရှင်၊ ကျန်ပိ ကျင်းနှင့် သံမဏိမျက်နှာတို့ပင် ခေါင်းထောင်၍ ရယ်သံထွက်ပေါ် လာရာအရပ်ကို လိုက်ရှာမိကြတော့သည်။

"လူဆိုတာ ယုံကြည်ချက်နဲ့ပဲ အသက်ရှင်ရမယ်၊ အသက်ရဲ့ မြေဩဇာဟာ ယုံကြည်ချက်ပဲ ဖြစ်ရမယ်၊ ဟား ဟား ဟား ဟား"

စကားသံသည် လေးဘက်လေးတန်မှ ထွက်ပေါ်လာသလို





ထင်နေရသဖြင့် အသံရှင်ကို ရှာဖွေ၍မရဘဲ ဖြစ်နေကြသည်။

ရွှမ်း - ရွှမ်း - ရွှမ်း

မဟူရာတမန်ဂိုဏ်းသားများ၏ ဓားထုတ်သံများသည် ပတ်ဝန်းကျင်လေထုကို လွှမ်းခြုံသွားသည်။ ရန်သူကို ရှာဖွေတော့ မည် မဟုတ်ပါလော။

ကျောက်အိရှင်က လက်ဝါးကာ၍ တားလိုက်၏။ စောင့်ကြည့် ကြဦးဟူသည့် အချက်ပြခြင်းသာတည်း။

ထိုတဒင်္ဂအတွင်းမှာပင် ရယ်သံပျောက်သွားပြီး ရှေးဟောင်း စစ်ချီတေးသံ ထွက်ပေါ်လာတော့သည်။

တေးသံအဆုံး၌ သူရဲကောင်းကြီး၏တရကြမ်းတိုက်ခိုက်မှု ကြောင့် ရန်သူတပ်ကြီး ပြိုကွဲပျက်စီးသွားပေတော့၏။

စင်မြင့်နှင့် ကိုက်တစ်ရာခန့်ကွာဝေးသော ကျောက်တုံးကြီး နားမှ ထိုတေးသံကို ကြားလိုက်ရသဖြင့် လူအားလုံး ထိုကျောက်တုံး ကြီးကို လှမ်းကြည့်လိုက်ကြသည်။

"ဟာ -"

အာမေဋိတ်သံများသည် ကျယ်လောင်စွာ မြည်ဟည်းထွက် ပေါ်လာသည်။ ကျောက်တုံးပေါ်၌ အဘိုးအိုတစ်ဦး ရပ်နေသည်။

အဘိုးအို၏ ဝတ်ရုံစိမ်းကြီးက လေထဲ၌ တဖျပ်ဖျပ်လွင့်မျော

နေသလို့ ရှည်လျားသောမုတ်ဆိတ်ကြီးကလည်း လေထဲ၌ လွင့်မျော နေ၏။

လုံးဝမလှုပ်ရှားဘဲ တည်ငြိမ်နေသည့်အရာများမှာ အဘိုးအို၏ မြင့်မားသော ခန္ဓာကိုယ်နှင့် သူ့လက်ထဲမှ တောင်ဝှေးရှည်ကြီးပင် ဖြစ်တော့သည်။

တစ္ဆေသရဲနှယ် ရောက်ရှိလာသော အဘိုးအိုကြီးကိုကြည့်ပြီး သိုင်းသမားအားလုံး ပါးစပ်အဟောင်းသား ဖြစ်နေကြလေ၏။

ဤအစည်းအဝေးလုပ်နေသည့်ကွက်လပ်ကို အစောင့်အထပ်ထပ် ချထားပေသည်။

အဘိုးအိုသည် ထိုအစောင့်များကို အလွယ်တကူ ကျော်လွှားနိုင်ခဲ့ပေသည်။

ထိုင်နေသည့် ဧည့်သည်သိုင်းသမားများအနေဖြင့် ထိုအဘိုးအိုကို လုံးဝမသိကြသော်လည်း ရှင်းတိကမူ သိသည်။

ထိုအဘိုးအိုကို ကွန်ဖျူးရှပ်ဥယျာဉ်တွင်း၌တစ်ကြိမ်၊ ဝါဆန်းတောင်ခြေ၌တစ်ကြိမ်၊ နှစ်ကြိမ်တိတိ တွေ့ဆုံခဲ့ရသည် မဟုတ်ပါလော။

"ဘိုးဘိုး"

ရှင်းတိက အမှတ်ရစွာ ရေရွတ်လိုက်မိသည်။ အဘိုးအိုက





ရှင်းတိကို လှမ်းကြည့်ပြီး -

"တကယ်ကောင်းတဲ့သတ္တိပဲ၊ အသက်ဟာ တန်ဖိုးမရှိဘူး၊ ယုံကြည်ချက်ကပဲ တန်ဖိုးရှိတယ်၊ အသက်ဟာ ဖြစ်တည်ပြီး ပျက်သုဉ်းသွားတယ်၊ ယုံကြည်ချက်ဟာ ဘယ်တော့မှ ပျက်သုဉ်းခြင်းမရှိဘူး၊ မင်းစိတ်ဓာတ်ကို ငါသဘောကျတယ်လူကလေး"

ရှင်းတိသည် အဘိုးအိုဘက်သို့လှည့်ကာ ဒူးထောက်ချရင်း ဂါရဝပြုလိုက်လေသည်။

ဂိုဏ်းချုပ်ကြီးကျောက်အိရှင်သည် ဝတ်ရုံစိမ်းဝတ် အဘိုးအိုကို တွေ့မြင်လိုက်ရသောအခါ အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။

သို့သော် သူသည် ချက်ချင်းဣန္ဒြေဆည်သည်။

"မဖိတ်မခေါ်ဘဲရောက်လာတဲ့ ဧည့်သည်ဟာ ဘယ်သူပါလဲဗျာ၊ အခုလို ဝေးဝေးလံလံ စကားပြောနေရတာ သိပ်အဆင်မပြေပါဘူး"

"ဟား - ဟား - ဟား - ဟား - ဟား"

တောင်ဝှေးကြီးကိုကိုင်လျက် ရယ်မောနေသည့် မုတ်ဆိတ်ဖြူဖြူ ဝတ်ရုံစိမ်းစိမ်းနှင့် အဘိုးအိုမှာ နတ်ဒေဝတာတစ်ပါးနှင့်ပင် တူနေသေးတော့သည်။

"ငါ့အသံကို မကြားဘူးလားကွဲ့"

ကျောက်အိရှင်က -

"ကြားပါတယ်ဗျာ၊ ဒါပေမယ့် အနီးကပ်စကားပြောရတာ ပိုပြီး ဂုဏ်သရေရှိတယ်လို့ ကျွန်တော်ယူဆလို့ပါ"

"ကောင်းပြီ အဲဒီကွက်လပ်ကိုကြည့်လိုက်"

အဘိုးအိုက ရှင်းတီရပ်နေသည့် ကွက်လပ်ကို သူ၏တောင်ဝှေးကြီးဖြင့် ထိုးညွှန်ပြလိုက်သည်။

ထူးဆန်းသော အဘိုးအို၏ အပြုအမူကြောင့် ကျောက်အိရှင်မှအစ လူအားလုံး ကွက်လပ်ဆီသို့ မျက်လုံးအကြည့်များ ရောက်ရှိသွားတော့သည်။

ကွက်လပ်သို့ ကြည့်လိုက်သည့်အချိန်မှာ မျက်တောင်တစ်ခတ် လက်ဖျစ်တစ်တွတ်စာမျှသာ ကြာမြင့်သည်။

ကျောက်တုံးထက်သို့ ပြန်ကြည့်လိုက်သောအခါတွင် ဝတ်ရုံစိမ်းဝတ်အဘိုးအို ရှိမနေတော့ချေ။

"ဟာ -"

လူအားလုံး အာမေဋိတ်သံ ပြုလိုက်သည့်အချိန်မှာပင် အဘိုးအိုသည် စင်မြင့်၏ လက်ဝဲဘက်သစ်ပင်ပေါ်မှ လွှားခနဲခုန်ဆင်းလာလေတော့သတည်း။





ထူးဆန်းသော ဝတ်ရုံစိမ်းဝတ် အဘိုးအို ပျောက်ကွယ်သွားပုံမှာ ဤသို့ဖြစ်ပါသည်။

သိုင်းသမားများ၏ မျက်လုံးများ ကွက်လပ်ဆီသို့ ရောက်သွားခိုက် တခဏအတွင်း သူက အနီးရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ လှမ်းခုန်တက်သွားခြင်း ဖြစ်ပါသည်။

သူ၏ကိုယ်ဖော့ပညာမှာ တစ်ဘက်ကမ်းခတ်နေသဖြင့် အခြားသူများအတွက် လျှပ်ပြက်သကဲ့သို့သာ မြင်နိုင်ပါလိမ့်မည်။

သူသည် ထိုတခဏအတွင်း ကွင်းပြင်ပတ်လည်ရှိ သစ်ပင်ကြီးမှ တစ်ဆင့် တစ်ပင်မှတစ်ပင်သို့ ကူးသွားပြီး စင်မြင့်နှင့် အနီးဆုံးရှိနေသော သစ်ပင်သို့ ရောက်ရှိသောအခါ ကွက်လပ်ထဲသို့ခုန်ချလိုက်ခြင်းသာ ဖြစ်တော့၏။

သို့သော် -

အဘိုးအို ကွက်လပ်ထဲခုန်မချမီ လှုပ်ရှားနေခြင်းကို မည်သည့်သိုင်းသမားမျှ ကြည့်၍မမြင်ဘဲ ရှိကြသည်။

အဘိုးအို ကွက်လပ်ထဲ ခုန်ပျံရောက်ရှိလာသောအခါတွင်မှ ကျောက်အိရှင်မှအစ အားလုံး ထိတ်လန့်တကြား ဖြစ်သွားကြရတော့၏။

အဘိုးအိုသည် ကွက်လပ်ထဲ၌ တောင်ဝှေးကြီးထောက်ကာ မားမားမတ်မတ်ရပ်ရင်း တဟားဟားရယ်မောနေတော့သည်။

ညေ့သည် သိုင်းသမားတော်တော်များများသည် သိုင်းလောကထဲမှ လူထူးလူဆန်း သိုင်းသမားတော်တော်များများအကြောင်းကို ကြားသိဖူးထားသည်။ တကယ်တမ်းအားဖြင့်တော့ မမြင်ဘူးကြချေ။

ယခု သူတို့ မြင်ဖူးသွားကြလေပြီ။

ယခုရောက်ရှိနေသည့် ညေ့သည်သိုင်းသမားများသည် များသောအားဖြင့် တစ်ကိုယ်တော်သိုင်းသမားများ ဖြစ်ကြ၏။

အသင်းအဖွဲ့၊ ဂိုဏ်းဂဏရှိသော သိုင်းသမားများ မဟုတ်ပေ။

ဂိုဏ်းဂဏရှိသော သိုင်းသမားများသည် သူတို့ဂိုဏ်းချုပ်ကြီးများ၏ ဆန်းကြယ်သောပညာရပ်များကို တစ်ခုမဟုတ်တစ်ခု သိရှိထားကြသဖြင့် တော်ရုံတန်ရုံ အခြားသိုင်းသမားများကိုလည်း အထင်ကြီးလေ့မရှိကြချေ။

ညေ့သည် သိုင်းသမားများအနက် လူထူးလူဆန်း သိုင်းသမားကြီးများအကြောင်း အတော်အတန် သိရှိထားသူမှာ ကျန်လုဂိုဏ်းချုပ်ကြီး နန်သိုက်ပင်ဖြစ်တော့သည်။

သူသည် ဝါစဉ်ကြီး သိုင်းသမားကြီးဖြစ်ရုံမက ကျန်လုဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဖြစ်နေခြင်းကြောင့်သာ အခြားဆန်းပြားသော လူထူးလူဆန်းများအကြောင်း ဤသို့ ဗဟုသုတအဖြစ် သိရှိထားခြင်း ဖြစ်ပေသည်။

ယခု ဝတ်ရုံစိမ်းဝတ် အဘိုးအို၏ လှုပ်ရှားမှုမှာ ကျောက်တုံး





ကြီးပေါ်မှ ရုတ်တရက်ပျောက်သွားပြီး ကွက်လပ်ထဲ၌ ဘွားခနဲ ပေါ်လာသည့် သဘောမျိုးဖြစ်နေသဖြင့် ညေ့သည်သိုင်းသမားများ အဖို့ အကြီးအကျယ် ထိတ်လန့်အံ့ဩစရာ ဖြစ်နေခြင်းပင်တည်း။

ထိုအဘိုးအိုကား မည်သူနည်း။

ထိုအဘိုးအို၏ ဇစ်မြစ်ကို အခြားသိုင်းသမားများ မပြောနှင့် ဤနေရာ၌ ရောက်ရှိနေသည့် ဝါစဉ်ကြီး သိုင်းသမားကြီး နန်သိုက်ပင် မသိရှိခဲ့ချေ။

ပထမတစ်ကြိမ် ပေါ်ထွန်းခဲ့သော မဟာရာတမန်ဂိုဏ်းကြီးအား သံမဏိသပ်ကျန်းနှင့် မျိုးချစ်သိုင်းသမားများ ပူးပေါင်းစုစည်းကာ ဖြိုခွင်းခဲ့ရာ၌ အမျိုးအမည်မသိရသော လူထူးလူဆန်း သိုင်းသမားတစ်ဦးက ဝိုင်းဝန်းကူညီခဲ့ကြောင်း စာဖတ်သူများ သိရှိပြီးခဲ့ကြလေပြီ။

ထိုအမျိုးအမည်မသိရသော လူထူးလူဆန်း သိုင်းသမားဆိုသည်မှာ ဤ ဝတ်ရုံစိမ်းဝတ်အဘိုးအိုပင် ဖြစ်ပေတော့သည်။

ထိုစဉ်က မျိုးချစ်သိုင်းသမားများသည် သူတို့အား မမြင်ကွယ်ရာမှ ကူညီခဲ့သော လူထူးလူဆန်း သိုင်းသမားကြီးအား ဂါရဝပြုလိုလှသဖြင့် အလွန်တရာ တွေ့မြင်လိုခဲ့ကြသည်။

သို့သော် မည်သူမျှ မြင်တွေ့ခွင့်မရခဲ့ကြပေ။

ထိုအဘိုးအိုသည် ဝတ်ရုံစိမ်းကြီးကို အမြဲဝတ်ဆင်လေ့ရှိပြီး

တရုတ်ပြည်အနှံ့အပြား လှည့်လည်သွားလာနေသူဖြစ်၏။

လူထူးလူဆန်းဆရာကြီးလောင်စိန်း လှည့်လည်သွားလာနေပုံမျိုးနှင့် ထပ်တူထပ်မျှပင်ဖြစ်သည်။

သို့ရာတွင် ဝတ်ရုံစိမ်းဝတ်အဘိုးအိုက လောင်စိန်းထက် အသက်အရွယ်ကြီးရင့်ရုံမျှမက သိုင်းပညာ ဝါစဉ်အရလည်း ကြီးမားသူဖြစ်သည်။

ထိုအဘိုးအိုကိုမြင်သည်နှင့် ကျောက်အိရှင် မျက်နှာပျက်သွားခဲ့ရခြင်းမှာ အကြောင်းရှိသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်က ကျောက်အိရှင်သည် သူ့ဖခင်၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့် အနေဖြင့် ဂိုဏ်းသားသစ်များ စတင်စုဆောင်းနေစဉ် ဤဝတ်ရုံစိမ်းဝတ် အဘိုးအိုကို စတင်တွေ့ရှိခဲ့ရသည်။

ထိုသို့တွေ့ရှိစဉ် အဘိုးအိုက သိုင်းလောကကြီး ကသောင်းကနင်းဖြစ်စေမည့်လုပ်ငန်းမျိုးမလုပ်ရန် ကျောက်အိရှင်အား ဆုံးမဩဝါဒပေးခဲ့သည်။

ယခုတစ်ကြိမ် တွေ့ရှိလိုက်ရသည့်အချိန်တွင်မူ ကျောက်အိရှင်သည် သာမန်တစ်ကိုယ်တော်သိုင်းသမား မဟုတ်တော့ပြီ။

မဟူရာတမန်ဂိုဏ်းကို ဒုတိယအကြိမ် ပြန်လည်တည်ထောင်လိုက်သည့် ဂိုဏ်းချုပ်ကြီး ကျောက်အိရှင် ဖြစ်နေပေပြီ။





ဂိုဏ်းချုပ်ကြီးကျောက်အိရှင်က နှုတ်ခွန်းဆက်စကား ဆိုလိုက်၏။

"ကျွန်တော်က ဘယ်သူများလဲမှတ်ပါတယ်၊ လက်စသတ်တော့ ဝတ်ရုံစိမ်းဘိုးဘိုး ဖြစ်နေတာကိုး၊ ချမ်းသာကျန်းမာပါရဲ့လား ဘိုးဘိုး"

"ဟား - ဟား - ဟား သိုင်းသမားတစ်ယောက်အဖို့ နာတယ် ဖျားတယ်ဆိုတာ ဘယ်ရှိပါ့မလဲကွာ"

"အခုလို ပြန်တွေ့ရတဲ့အတွက် ကျွန်တော်တကယ်ပဲ ဝမ်းသာပါတယ်၊ ကျွန်တော်တို့ မတွေ့ခဲ့ရတာ ဆယ်နှစ်လောက် ရှိသွားပြီနော်"

"အင်း - မင်းကငါ့ကို မှတ်မိနေသေးတာပဲ၊ ငါ့စကားတွေကိုရော မှတ်မိသေးရဲ့လား"

"မှတ်မိပါတယ်ဘိုးဘိုး 'မိမိရဲ့မိုက်ပြစ်ကို သိတဲ့လူမိုက်ဟာ လူမိုက်ပင်ဖြစ်ငြားသော်လည်း ပညာရှိမည်ပြီး မိမိကိုယ်ကို ပညာရှိထင်နေတဲ့လူမိုက်ကသာ လူမိုက်စစ်စစ်ဖြစ်တယ်' လို့ ဘိုးဘိုးပြောခဲ့ပါတယ်"

"ဟား - ဟား - ဟား တကယ့်လူတော်ပဲဟေ့ - လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က စကားကိုပါ မမေ့သေးတော့ တကယ့်ကိုချီးကျူးရမှာပဲ"

"ဘိုးဘိုးလိုပုဂ္ဂိုလ်မျိုးရဲ့စကားကို မေ့ပစ်ရင် ကျွန်တော့်လောက် အသုံးမကျတဲ့လူ ရှိပါတော့မလားခင်ဗျာ၊ ဘိုးဘိုး ဘာကိစ္စနဲ့ ရောက်လာပါသလဲ၊ ဝါဆန်းတောင်ဟာ ကျွန်တော်တို့ရဲ့ ဌာနချုပ် ဖြစ်နေတော့ ကျွန်တော်တို့ဟာ အိမ်သည်လိုဖြစ်နေပါတယ်"

"ဟား - ဟား - ဟား - ဝါဆန်းတောင်ကတော့ မင်းရဲ့အိမ် ဖြစ်ချင်ဖြစ်မယ်၊ ငါ့အိမ်တော့ မဖြစ်နိုင်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ပြည်ကြီး တစ်ပြည်လုံးဟာ ငါ့အိမ်လိုဖြစ်နေလို့ပဲ၊ မင်းရဲ့ ဝါဆန်းတောင်ဟာ ငါ့အိမ်ရဲ့ခြေနင်းခုံ ဖြစ်ချင်ဖြစ်နေမှာပဲ"

အဘိုးအို၏စကားကြောင့် ကျောက်အိရှင်မှာ အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။

ဝတ်ရုံစိမ်းအဘိုးအိုက ပြုံးလိုက်ပြီး -

"မင်းရဲ့ဂိုဏ်း လူသူအင်အားပြည့်ဝဖို့ စုဆောင်းနေတဲ့ကိစ္စမှာ ငါ ဘာမှဝင်မစွက်ချင်ပါဘူး၊ အထူးသဖြင့် ဂိုဏ်းထဲဝင်ဖို့ ကျေနပ် လက်ခံနေကြတဲ့ လူတွေအတွက်ပေါ့ကွာ"

နားထောင်နေသည့် သိုင်းသမားများ အဘိုးအို၏စကားကို ကြားလိုက်ရသောအခါ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားတော့သည်။

သူတို့အားလုံး ဤမဟူရာတမန်ဂိုဏ်းထဲ ဝင်လိုခြင်းမရှိပါချေ။

ဂိုဏ်းချုပ်လင်မယား၊ သံမဏိမျက်နှာ၊ မာယာတစ်ထောင် မျက်နှာ၊ ဘီလူးနက်စင်ဝေဖန်းနှင့် အထပ်ထပ်ဝိုင်းထားသည့်





မဟူရာတမန်ဂိုဏ်းသားများ၏ အင်အားကို ကြောက်ရွံ့၍သာ ဆိတ်ဆိတ် နေခဲ့ကြရခြင်း ဖြစ်ပါသည်။

ယခု ထူးဆန်းသောအဘိုးအို ရောက်ရှိလာခဲ့သည်မှာ မှန်ပါပြီ။ ထိုအဘိုးအိုက သူတစ်ယောက်တည်းနှင့် ဤမဟူရာတမန် တစ်ဂိုဏ်းလုံးကို ဖြိုနိုင်စွမ်းရှိပါမည်လော။

မိမိတို့က မဟူရာတမန်ဂိုဏ်းထဲ မိမိတို့ဆန္ဒအလျောက် ဝင်ခြင်းမဟုတ်ပါ။ အတင်းအကျပ် မလိမ့်တစ်ပတ် ဝင်ခိုင်းခြင်း ဖြစ်၍ ဝင်ရပါသည်ဟု ပြောကြားမိသည်ဆိုပါစို့၊ ထိုအခါ မဟူရာ တမန်ဂိုဏ်းက မိမိတို့အား နှိပ်စက်လေတော့မည်။

ဤအဘိုးအိုက မိမိတို့အား အမှန်တကယ် ကာကွယ်ပေးနိုင်ပါ မည်လော။ ကာကွယ်ပေးနိုင်စွမ်းကော ရှိပါ၏လော။

သူတို့သည် အဘိုးအိုအကြောင်း ဘာမျှ သေသေချာချာ ရေရေရာရာ သိရှိခြင်းမရှိသဖြင့် မယုံရဲကြပေ။

ထို့ကြောင့် မည်သည့်စောဒကမျှ မတက်စံ့တော့ဘဲ ပြန်ငြိမ် သွားကြသည်။

ကျောက်အိရှင်က -

"ကျွန်တော့်ဂိုဏ်းထဲဝင်ချင်တဲ့ လူတွေအတွက် ဘိုးဘိုးက ဘာမှ ဝင်မစွက်ချင်ဘူးဆိုရင် ဘိုးဘိုးအတွက် ဘာကိစ္စမှ မရှိတော့

ဘူးနဲ့တူပါတယ်"

ဝတ်ရုံစိမ်းဝတ် အဘိုးအိုသည် သူ့ဘေးနား၌ရပ်နေသည့် ရှင်းတိကို လက်ညှိုးထိုးပြရင်း စကားပြောလေ၏။

"မင်းဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မြင်ဖူးခဲ့တဲ့ငါ့ကို မမေ့တဲ့အပြင် ငါ့စကားကိုပါ မမေ့ခဲ့ဘူး၊ ဒါပေမယ့် စောစောက လေးက မင်းရှေ့မှာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ကလေးကိုတော့ မမှတ်မိတော့ပါလား၊ ဒီသူငယ်ဟာ မင်းကို ဘာတွေများပြောခဲ့ သလဲ"

ကျောက်အိရှင် စိတ်ဓာတ်ကျသွားသည်။ ဤအဘိုးအိုကို သူ့ ဂိုဏ်းကိစ္စနှင့် ဝင်ရောက်ပတ်သက်ခြင်းမရှိစေရန် သူ တားမြစ်နိုင် တော့မည် မဟုတ်ချေ။

အဘိုးအိုက ဆက်ပြောနေ၏။

"ဟောဒီသူငယ်ကလေးတစ်ယောက်တော့ မင်းရဲ့ မဟူရာ တမန်ဂိုဏ်းထဲ မဝင်ဘူးလို့ စောစောကပြောနေခဲ့တယ်၊ သူ့အတွက် တော့ ငါစွက်ဖက်ချင်တယ်ကွ"

ကြယ်တံခွန်ဓားညီနောင်၏ မိုးအာကာဓားသိုင်း ဆယ့်သုံး ကွက်သည် အလွန်တရာ ကျော်ကြားသည်။

ကျော်ကြားသလောက် ဓားသိုင်းကွက်များ၌ ဟာကွက် နည်းပါးသည်။





မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်ကို သိုင်းလောကမှ ထိပ်သီးသိုင်းသမားတိုင်း လိုချင်ကြသည်။ ကုန်ကုန်ပြောရလျှင် ကျန်လုဂိုဏ်းချုပ်ကြီးနန်သိုက်ပင်လျှင် လိုချင်သည်။

သို့သော် သူ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းသောအားဖြင့် ထို အချက်ကို အနည်းငယ်မျှသာ အရိပ်လက္ခဏာမျှ ဖော်ပြခြင်းမပြုခဲ့ ပေ။

မဟူရာတမန်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး ကျောက်အိရှင်သည် ကြယ်တံခွန်ဓားညီနောင်၏ မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်ကို ရှင်းတိထံမှ သင်ယူပြီး အချို့အကွက်များကို ဖြည့်စွက်ခြင်း နှုတ်ပယ် ခြင်းပြုလျက် မဟူရာတမန်ဂိုဏ်း၏ သီးသန့်ဓားသိုင်းအဖြစ် ဖန်တီး ရန် ရည်ရွယ်ထားခဲ့ပေသည်။

ရှင်းတိအနေဖြင့် မိမိတို့ဂိုဏ်းထဲသို့ မဝင်လိုဟု မည်မျှ ငြင်းဆန်စေကာမူ နောက်ဆုံး ရှင်းတိသည် မိမိတို့၏ အကျဉ်းသား သာ ဖြစ်ရပေလိမ့်မည်။ မိမိတို့ဂိုဏ်းမှ ဖော်စပ်ထားသည့် အဆိပ်ပျော့ဆေးတစ်မျိုးကို တဖြည်းဖြည်း ကျွေးသွားခြင်းဖြင့် သူသည် နောက်ဆုံး၌ မိမိတို့၏ ဂိုဏ်းထဲသို့ဝင်လာရန် မုချ သဘောတူရမည်သာ ဖြစ်ပေသည်။

ယခုမူ ဝတ်ရုံစိမ်းအဘိုးအို ဝင်ရှုပ်လာသဖြင့် မိမိ၏ရည်ရွယ် ချက် ပျက်ရတော့မည့်ကဲ့သို့ ဖြစ်နေပေသည်။

သို့သော် ဤဝတ်ရုံစိမ်းအဘိုးအိုအား သူ့အနေဖြင့် အပြင်း

အထန် မတားမြစ်ရဲပြန်ချေ။

ကျောက်အိရှင်က -

“ဘိုးဘိုး ဘာအလိုရှိပါသလဲ၊ ပြောလိုရာကိုသာ ပြောပါ၊ ကျွန်တော်တတ်နိုင်သမျှ ကူညီဖို့အဆင်သင့်ပါပဲ”

ဝတ်ရုံစိမ်းအဘိုးအိုက -

“ငါဟာ တရုတ်ပြည်တစ်ပြည်လုံး အနှံ့အပြားလျှောက်သွားနေခဲ့တာ အတော်ကြာပြီ၊ ငါ့တပည့်အဖြစ် မွေးသင့်တဲ့လူငယ်ဆိုလို့ တစ်ယောက်မှ မတွေ့ဖူးသေးဘူး၊ ငါ့တပည့်ဖြစ်သင့်တဲ့လူဟာ ခန္ဓာကိုယ်လဲ ကြံ့ခိုင်မှုရှိရမယ်၊ စိတ်ဓာတ်လဲ ကြံ့ခိုင်မှုရှိရမယ်”

သူသည် ရှင်းတိကို တစ်ချက်ကြည့်လိုက်ပြီး -

“ဒီသူငယ်ကို ပထမဦးဆုံးအကြိမ် ကွန်ဖျူးရှပ်ဥယျာဉ်ထဲမှာ တွေ့လိုက်ရတယ်၊ သူ့ရဲ့ ခန္ဓာကိုယ်ကြံ့ခိုင်မှုကို ငါသဘောကျပြီး အခု တစ်ခါ သူ့ရဲ့စိတ်ဓာတ်ကြံ့ခိုင်မှုကို တွေ့ရပြန်တော့ သူ့ကို ငါ့တပည့်အဖြစ် မွေးဖို့ဆုံးဖြတ်လိုက်ပြီ၊ မင်းဘာကန့်ကွက်စရာ ရှိသေးသလဲ”

ဘီလူးနက်စင်ဝေဖန်း၊ သံမဏိမျက်နှာနှင့် မာယာတစ်ထောင်မျက်နှာတို့က ရှေ့သို့ တစ်လှမ်းတိုးလာကြ၏။

သို့သော် ကျောက်အိရှင်က လက်ဖြင့်ကာလိုက်၏။





ယခုကိစ္စ၌ ရှင်းတိတစ်ယောက်သာ သူ၏ဂိုဏ်းထဲမဝင်လိုကြောင်း ငြင်းဆန်နေခြင်းဖြစ်သည်။ ရှင်းတိ မဝင်သဖြင့် မိုးအာကာဓားသိုင်းဆယ့်သုံးကွက်ကိုတော့ သူမရရှိနိုင်တော့ပေ။

သို့ရာတွင် ကျန်သိုင်းသမားများကို သူ့ဂိုဏ်းသားများအဖြစ် စုစည်းခဲ့ပေပြီ။

ဤသည်ကိုပင်လျှင် သူ့အတွက် အမြတ်ဟု သဘောထားရပေတော့မည်။ ရှင်းတိအတွက်တော့ ရှိစေတော့။

ကျောက်အိရှင်က ဟန်လုပ်၍ ပြုံးလိုက်၏။

“ကျွန်တော်တို့ကလဲ ကျွန်တော့ဂိုဏ်းထဲ မဝင်ချင်တဲ့လူကို အတင်းအဓမ္မ မသွတ်သွင်းလိုပါဘူး၊ ဘိုးဘိုးအနေနဲ့ ဒီလူငယ်ကလေးကို တပည့်အဖြစ် မွေးချင်သပဆိုရင်လဲ ကျွန်တော်ကန့်ကွက်စရာ အကြောင်းမရှိပါဘူး၊ ဘိုးဘိုးရဲ့ သဘောအတိုင်းဆောင်ရွက်နိုင်ပါတယ်”

အဘိုးအိုသည် ကျေနပ်အားရစွာ ရယ်မောလိုက်လေတော့၏။

“ဟား - ဟား - ဟား - မင်းဟာ ငါထင်သလောက်တော့ မမိုက်သေးဘဲကိုး၊ ကောင်းတယ်၊ ကောင်းတယ်၊ ဘယ်ကိစ္စမဆို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးစီးတာ အကောင်းဆုံးပဲ”

ကျောက်အိရှင်က -

"ဘိုးဘိုးကျေနပ်ရင် ကျွန်တော်လဲ ကျေနပ်တာပါပဲခင်ဗျာ"

သို့သော် အဘိုးအိုက -

"ငါက ငါ့တပည့်အဖြစ် မွေးရမယ့်လူကို မြင်ရလို့ ကျေနပ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ငါ့တပည့်အဖြစ် လက်ခံပွဲမှာ ကန်တော့စရာပစ္စည်းတော့ လိုအပ်နေသေးတယ်ကွ"

ကျောက်အိရှင်မှာ ထိတ်လန့်သွားသည်။

အဘိုးအိုသည် အဘယ်ကြောင့် ဤစကားကိုဆိုရသနည်း။

အဘိုးအိုက ပြုံးရင်း ဖြည်းညင်းစွာပြောလေ၏။

"ငါဟာ သိုင်းလောကထဲမှာ ကျင်လည်နေတာ အတော်ကြာပြီ၊ သိုင်းလောကပျက်စီးမယ့် ကိစ္စမှန်သမျှကို ငါ တတ်နိုင်သမျှ တားဆီးခဲ့တယ်၊ မင်းရဲ့ တကယ့်ရည်ရွယ်ချက်ကို ငါမသိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ မဟာရာတမန်ဂိုဏ်းဟာ ခုထက်ထိ ဘာမှ ဆိုးဆိုးရွားရွား မလုပ်သေးလို့ပဲ၊ ဒါပေမယ့် ပထမတစ်ကြိမ် ပေါ်ပေါက်ခဲ့တဲ့ မဟာရာတမန်ဂိုဏ်းရဲ့ရည်ရွယ်ချက်ကတော့ သိပ်မကောင်းခဲ့ဘူး၊ ဒါကြောင့်လဲ သိုင်းလောကထဲမှာ ရေရှည်မတည်တံ့နိုင်ပဲ ပျက်စီးသွားခဲ့ရတယ်၊ ရှောင်လင်ကျောင်းတော်တို့၊ ဟူတန်းဂိုဏ်းတို့၊ ခွန်းလွန်ဂိုဏ်းတို့၊ ဝါမေဂိုဏ်းတို့ကို ကြည့်ပါ၊ ဒီဂိုဏ်းကြီးတွေဟာ နှစ်ပေါင်းသုံးလေးရာကျော် တည်တံ့နိုင်ဖို့





အတွက် ရည်ရွယ်မှုလဲကောင်းရမယ်၊ ကြိုးစားအားထုတ်မှုလဲ ကောင်းရမယ်၊ ဒါမှသာ နှစ်ပေါင်းရာကျော် တည်တံ့နိုင်မယ်"

အဘိုးအိုသည် ရှင်းတိကို တစ်ချက်မျှကြည့်လိုက်ပြီး -

"လောကမှာ အကောင်းတွေပေါ်လာသလို အဆိုးတွေလဲ ပေါ်လာတာပဲ၊ အဆိုးတွေပေါ်လာသမျှ အကောင်းတွေက နှိမ်နင်းဖျက်ဆီးပစ်လိုက်နိုင်တာချည်းပဲ၊ ငါဟာ ငါ့တစ်ကိုယ်တည်း မကောင်းမှုမှန်သမျှကို တိုက်ဖျက်ပစ်ခဲ့တယ်၊ ငါဟာ အကောင်းကို ကိုယ်စားပြုခဲ့တယ်၊ ဒါပေမယ့် ငါ အသက်ကြီးပြီ၊ အကောင်းမျိုးဆက်ကို ငါချန်ပစ်ခဲ့ရမယ်၊ ဒါကြောင့် ဟောဒီသူငယ်ကို ငါ့တပည့်အဖြစ် မွေးတာပဲ၊ သူဟာ ငါ့ကိုယ်စား မကောင်းမှုတွေကို တိုက်ဖျက်လိမ့်မယ်၊ နောက်ဆုံး ငါပြောချင်တဲ့ရည်ရွယ်ချက်က တစ်ခုပဲရှိတယ်၊ ငါဟာ မင်းနဲ့ ထိပ်တိုက်မတွေ့ချင်ဘူး၊ ငါ့တပည့်ဖြစ်မယ့် ဒီသူငယ်နဲ့လဲ မင်းကို ထိပ်တိုက်မတွေ့စေချင်ဘူး၊ ဒါကြောင့်မို့ ဒုတိယအကြိမ်ပေါ်ပေါက်ခဲ့တဲ့ မဟာရာတမန်ဂိုဏ်းနဲ့ လမ်းကြောင်းခွဲထွက်စေချင်တယ်၊ ဒါမှ နှစ်ရာကျော်တည်တံ့မယ့် ဂိုဏ်းကြီးဖြစ်လာလိမ့်မယ်"

ကျောက်အိရှင်က စင်မြင့်ပေါ်မှ ဂါရဝပြုလိုက်၏။

"ဟုတ်ကဲ့၊ ဘိုးဘိုးရဲ့စကားကို နားထောင်ပါ့မယ်ခင်ဗျာ"

"ကဲ - ကဲ - ငါလဲ စကားတွေတော်တော်များများ ပြောခဲ့ပြီးပြီ၊ ငါ့တပည့်ရဲ့ ဆရာကန်တော့ပွဲမှာ လိုအပ်နေတဲ့ ဖန်ပေါင်းချောင်ထဲ

ကပစ္စည်းကို လှမ်းကမ်းလိုက်စမ်းပါကွာ"

ကျောက်အိရှင်မှာ ဤတစ်ကြိမ်၌ လုံးဝ ဟန်မဆောင်နိုင်တော့ပေ။ မျက်နှာတစ်ပြင်လုံး ဖြူဖွေးသွားတော့သည်။

သူသည် အခြေအနေအရ ဝတ်ရုံစိမ်းအဘိုးအိုအား တတ်နိုင်သမျှ အစွမ်းကုန်လိုက်လျောခဲ့သည်။

ဤပရဆေးမြစ်ကိစ္စကိုမူ သူ မလိုက်လျောနိုင်တော့ပေ။

ဤပရဆေးမြစ်ရရန်ကိစ္စမှာ မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်ကို ရရှိရန်ထက်ပင် ခက်ခဲသည်မဟုတ်ပါလော။

"ဒီပရဆေးမြစ်နဲ့ ပတ်သက်လာရင်တော့ ကျွန်တော် ခွင့်မပြုနိုင်ပါဘူးခင်ဗျာ"

"ဘာပြောတယ်ကွ"

"ဒီလူငယ်ကလေးကို ခေါ်သွားချင်တဲ့ကိစ္စကို ကျွန်တော် ဘာများတားမြစ်ပါသလဲ၊ သူ့ကို ကျွန်တော်မပိုင်ပါဘူး၊ ကျွန်တော်တို့ ဂိုဏ်းရဲ့ စိတ်သဘောထားကြီးမားမှုကို တစ်ကြိမ်ပဲပြနိုင်ပါတယ်၊ ဒုတိယအကြိမ်တော့ မပြနိုင်ပါဘူးခင်ဗျာ၊ ဒီပရဆေးမြစ်ကိုတော့ ကျွန်တော်တို့ မဟာရာတမန်ဂိုဏ်းက ပိုင်ဆိုင်ထားပါတယ်၊ ကျွန်တော်တို့ ဂိုဏ်းပိုင်ပစ္စည်းကိုတော့ ဘိုးဘိုးအနေနဲ့ ယူပိုင်ခွင့်မရှိပါဘူး"





ကျောက်အိရှင်၏ အပြုအမူအပြောအဆိုမှာ ယခင် ညှိသည့်သိုင်းသမားများကို ပြောဆိုဆက်ဆံစဉ်ကနှင့် လုံးဝမတူပေ။ ဝတ်ရုံ စိမ်းအဘိုးအိုအား အလွန်တရာ ရိုသေလေးစားစွာဖြင့် ဆက်ဆံခဲ့သည်။

သို့သော် -

ယခုနောက်ပိုင်း ပရဆေးမြစ်နှင့်ပတ်သက်လာသောအခါတွင်မူ လေသံက အနည်းငယ်ခက်ထန်လာ၏။

ဝတ်ရုံစိမ်း အဘိုးအိုက သူ့တောင်ဝှေးကို မြေကြီးသို့ဆောင့်ချလိုက်၏။

"ဘာပြောတယ်ကွ၊ ဒီပရဆေးမြစ်ကို မင်းပိုင်တယ်လို့ ပြောရဲသလား၊ မင်းတို့ မြင်းပျံအာမခံဌာနက လုထားတဲ့ပစ္စည်း မဟုတ်ဘူးလား"

"ဒါတော့ မှန်ပါတယ်၊ ဒီပစ္စည်းဟာ ကျွန်တော်တို့မလုရင် မန်ချူးဘုရင်လက်ထဲ ရောက်သွားနိုင်ပါတယ်"

"ဟား - ဟား - ဟား - မြင်းပျံအာမခံဌာနရဲ့ တာဝန်ခံချုပ်ဝမ်ချင်းဟာ တစ်ဘက်ကနိုးထုတ်ပြီး မန်ချူးဘုရင်လက်ထဲအပ်ဖို့ ထွက်ပြေးသွားတာ မဟုတ်ပါဘူးကွ၊ သူ့ ကိုယ်ကျိုးအတွက် သုံးဖို့ပါ။ ငါကတော့ သိုင်းလောကရဲ့အကျိုးအတွက်သုံးစွဲဖို့ ဒီပရဆေးမြစ်ကို အလိုရှိတယ်၊ ဒီတော့ ငါပဲယူသွားတော့မယ်"

အဘိုးအိုသည် ရှင်းတိဘက်သို့လှည့်ပြီး -

"လူကလေး၊ မင်းကကော ငါ့ဆီမှာ သိုင်းပညာသင်ချင်စိတ်ရှိရဲ့လား"

ရှင်းတီသည် ထိုစကားကို ကြားလိုက်ရသည်နှင့် အဘိုးအို၏ ရှေ့၌ ဒူးထောက်ထိုင်ချလိုက်သည်။ ထို့နောက် ပြားပြားဝပ် ရှိခိုးလေ၏။

ရှင်းတီသည် အဘိုးအို၏ခြေစုံကို နဖူးဖြင့်တိုက်လျက် သူ့အား တပည့်အဖြစ်လက်ခံပါရန် တောင်းပန်လေတော့၏။

အဘိုးအိုသည် ရှင်းတီပခုံးပေါ်သို့ သူ၏တောင်ဝှေးကို အသာအယာတင်ထားလိုက်သည်။

"မင်းကို သုံးကြိမ်သုံးခါတွေ့ဆုံပြီး တပည့်အဖြစ် လက်ခံမယ်လို့ ငါပြောခဲ့တယ်၊ အခု သုံးကြိမ်သုံးခါ တွေ့ဆုံပြီးတဲ့အတွက် မင်းကို ငါ့တပည့်အဖြစ် လက်ခံလိုက်ပြီ၊ ဆရာကန်တော့ပွဲအတွက် မင်းမှာ ဘာပစ္စည်းပါသလဲ"

ရှင်းတီသည် အရိပ်ပြ အကောင်ထင်သည့်အားလျော်စွာ စင်မြင့်ပေါ်ရှိ ဖန်ပေါင်းချောင်ထဲမှ ပရဆေးမြစ်ကို လက်ညှိုးထိုးပြ၏။

"ဘိုးဘိုးကို ကန်တော့ဖို့အတွက် ဟိုဖန်ပေါင်းချောင်ထဲမှာ ပရဆေးမြစ်ရှိနေပါတယ်၊ ဒီပရဆေးမြစ်အတွက် ကျွန်တော်အများကြီး အပင်ပန်းခံခဲ့ရပြီးပါပြီဘိုးဘိုး"

"အိမ်း - ကောင်းတယ်၊ မင်းကန်တော့တဲ့ ပရဆေးမြစ်ကိုလဲ





ငါလက်ခံတယ်၊ မင်းလဲ ငါ့တပည့်ဖြစ်ပြီ"

ရှင်းတီသည် သူ့တစ်သက်၌ မပျော်ရွှင်စဘူး ပျော်ရွှင်သွားတော့၏။

သူသည် မြင်းဝိဇ္ဇာတင်ရိကို ရှာဖွေလက်စားချေရန်အတွက် ကြယ်တံခွန်ဓားညီနောင်၏ သိုင်းပညာများကို ကြိုးစားလေ့ကျင့်ခဲ့၏။ သိုင်းကျမ်းနှစ်အုပ်ကသာ သူ၏ဆရာဖြစ်ခဲ့သည်။

လူထူးလူဆန်း ဆရာကြီးလောင်စိန်းနှင့် တွေ့ဆုံခဲ့ရသော်လည်း ဆရာကြီးလောင်စိန်းက သူ့ကို တပည့်အဖြစ် လက်မခံခဲ့ပေ။ သူ မှားယွင်းလေ့ကျင့်နေသည့် အချက်များကို ပြုပြင်ပေးသွားပြီး ရိထိန်ဓားကိုပေးလျက် အလွန်ထူးဆန်းသည့် ဓားကွက်များကို သင်ကြားပေးသွားခဲ့သည်။

စင်စစ် ထိုသို့သင်ကြားပေးခဲ့သည့်ကာလမှာ ညဥ့်တစ်ဝက်မျှသာ ရှိခဲ့ပေသည်။

ယခုမူ သိုင်းလောက၌ မှတ်မှတ်သားသား ဆရာတစ်ယောက်ဖြင့် သိုင်းပညာသင်ကြားရပေတော့မည်။

ဝတ်ရုံစိမ်းအဘိုးအိုသည် ရှင်းတီ၏ပခုံးပေါ်၌ တင်ထားသည့် သူ၏တောင်ဝှေးရှည်ကြီးကို ပြန်လည်ရုပ်သိမ်းလိုက်၏။

"ကဲ - လူကလေး မင်းကန်တော့ထားတဲ့ ပရဆေးမြစ်ကို သွားယူလိုက်ပေတော့ ငါတို့သွားကြမယ်"

ရှင်းတီသည် မြေကြီးပေါ်၌ ဝပ်တွားနေရာမှ ထရပ်လိုက်၏။

သူသည် စင်မြင့်ပေါ်သို့ လှသွားခနဲ ခုန်တက်လိုက်သည်။

"နေဦး"

ရှင်းတိမှာ ဖန်ပေါင်းချောင်ရှိရာသို့ မသွားရသေးပေ။ သူ့ထက်ဦးစွာ ဖန်ပေါင်းချောင်အနီးသို့ ရောက်ရှိနေသူမှာ ကြက်သွေးရောင် ဝတ်စုံဝတ်ထားသည့် သံမဏိမျက်နှာအမည်ရှိ အဘိုးအိုဖြစ်နေပေ၏။

"ချာတိတ်ကလေး ဒီပရဆေးမြစ်ကို လုမ်းယူရလောက်အောင် မင်းက ဘယ်လောက်များ စွမ်းနေလို့လဲ"

"ကျွန်တော် ဘိုးဘိုးရဲ့အမိန့်အရ တက်ယူခြင်းဖြစ်ပါတယ်၊ ဘာတွေစွမ်းဖို့လိုနေသေးလို့လဲ"

"မင်း တကယ်ယူရဲလို့လား"

ရှင်းတိက ပြုံးလိုက်၏။

"ဘာဖြစ်လို့ မယူရဲရမှာလဲ"

ရှင်းတိသည် ပရဆေးမြစ်ရှိရာ ခုံကလေးဆီသို့ ခုန်ဝင်သွား၏။ သံမဏိမျက်နှာက သူ၏ဝတ်ရုံကြီး၏ လက်ပွရှည်ကြီးကို ခါယမ်း လိုက်သည်။

"ဖြန်း"

ရှင်းတိသည် စင်မြင့်ပေါ်မှ ကျွမ်းထိုးကျလာ၏။ သူ့လက်ထဲ၌ မည်သည့်ပစ္စည်းမျှ ပါမလာချေ။





သူ့အား အကျီလက်စရှည် မရိုက်မိစေရန်ကိုသာ အပြင်းအထန် ကာကွယ်ခဲ့ရပေသည်။

ဝတ်ရုံစိမ်းဝတ် အဘိုးအိုသည် ကွက်လပ်ထဲ၌ တောင်ဝှေးကြီးထောက်ကာ မားမားမတ်မတ် ရပ်ကြည့်နေသည်။ မည်သည့်စကားမျှ ပြောဆိုခြင်းမပြုပေ။

ရှင်းတိသည် စင်မြင့်အောက်မှ အပေါ်သို့ မော်ကြည့်လိုက်၏။ သံမဏိမျက်နှာက သူ့အား ခပ်တည်တည်ကြည့်နေသည်။

"ဒီပစ္စည်းဟာ မဟူရာတမန်ဂိုဏ်းရဲ့ပစ္စည်းပဲ၊ ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ မင်းယူချင်လို့ရမလား၊ ပစ္စည်းတော့မရဘူး၊ မင်းအသက် ပဲသေရလိမ့်မယ်"

ရှင်းတိသည် အပိုစကားမပြောတော့ဘဲ စင်မြင့်ပေါ်သို့ ခုန်တက်ပြန်သည်။

"ဖြန်း"

သံမဏိမျက်နှာက ဒုတိယအကြိမ် အကျီလက်စရှည်ဖြင့် ရိုက်လိုက်ရာ ရှင်းတိသည် စင်မြင့်ပေါ်၌ပင် ကျွမ်းဆိုးရှောင်လိုက်လေသည်။

ကျောက်အိရှင်၊ ကျန်ပိကျင်း၊ မာယာတစ်ထောင်မျက်နှာနှင့် ဘီလူးနက်စင်ဝေဖန်းတို့သည် ရှင်းတိ၏ ရှောင်တိမ်းမှုကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြ၏။

"ဖြန်း - ဖြန်း - ဖြန်း"

သံမဏိမျက်နှာ၏ အကျီလက်စရှည်မှာ အတွင်းအားဖြည့်၍ ခါယမ်းနေခြင်းဖြစ်သဖြင့် သံပြားကြီးတစ်ချပ်ပမာ ရှင်းတိအား အဆက်မပြတ် တိုက်ခိုက်နေသည်။

ရှင်းတိမှာ မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်အတွင်းမှ 'ကြယ်ပြာမြေလူး' သိုင်းကွက်ကိုသုံးလျက် အလူးလူးအလဲလဲ ရှောင်တိမ်းလျက် နေရတော့သည်။

"ဒီလောက်ပညာလေးနဲ့များ ပရဆေးမြစ်ကို လာလုရသေးသလား၊ သွားစမ်း"

သံမဏိမျက်နှာ၏ ခြေထောက်တစ်ဖက်သည် အုံ့ဩစရာကောင်းလောက်အောင် ဖျတ်ခနဲထွက်လာပြီး ကန်ထုတ်လိုက်ရာ ရှင်းတိသည် ထိုကန်ချက် အထိမခံနိုင်သဖြင့် စင်မြင့်ပေါ်မှ နောက်ကျွမ်းထိုး၍ ဆင်းသက်ရပြန်လေ၏။

"ဟင်း - ဒီအဘိုးကြီးကို မိုးအာကာဓားသိုင်း ဆယ့်သုံးကွက်နဲ့ တိုက်ခိုက်ဖို့ မဖြစ်နိုင်တော့ဘူး၊ ရိထိန်ဓားကိုသုံးပြီး ဆရာကြီးလောင်စိန်းပေးတဲ့ ဓားသိုင်းကို သုံးရတော့မှာပဲ"

ရှင်းတိသည် နောက်ကျောသို့ သိုင်းလွယ်ထားသည့် ဓားရိုးပေါ်သို့ လက်တင်လိုက်သည်။

ထိုစဉ် သူ၏လက်ကို အလွန်တရာ အင်အားကြီးမားလှသော တောင်ဝှေး၏ အဖျားက လာရောက်တားထားလိုက်သည်။

"လူကလေး မင်းနောက်ဆုတ်လိုက်တော့"





ရှင်းတိသည် ဝတ်ရုံစိမ်းအဘိုးအိုအား လှည့်၍ ဂါရဝပြုလိုက်ပြီး အဘိုးအို၏နောက်ပါး၌ သွားရပ်နေလိုက်၏။

ဝတ်ရုံစိမ်းဝတ် အဘိုးအိုက သူ၏ရှည်လျားသော တောင်ဝှေးကြီးဖြင့် ထိုးညွှန်လိုက်ပြီး -

"မင်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကတည်းက သေဖို့ကောင်းနေခဲ့တာပဲ၊ ဘာဖြစ်လို့ မသေသေးတာလဲ"

ကြက်သွေးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် သံမဏိမျက်နှာက ပမာမခန့်ဖြင့် တဟားဟားရယ်လိုက်၏။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကလဲ ကျုပ်မသေခဲ့ဘူး၊ နောင်အနှစ်နှစ်ဆယ်မှာလဲ ကျုပ်သေမှာမဟုတ်ဘူး"

သံမဏိမျက်နှာ၏ အတွေးများသည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်တည်းဟူသော အတိတ်ကာလဆီသို့ ပျံသန်းရောက်ရှိသွားလေ၏။

တရုတ်ပြည်မြောက်ပိုင်းရှိ ချောက်ကမ်းပါးကြီးတစ်ခုထိပ်၌ သိုင်းသမားကြီးနှစ်ဦး ရပ်နေကြ၏။

တစ်ဦးကား ဝတ်ရုံစိမ်းဝတ်ဆင်ထားပြီး တောင်ဝှေးရှည်ကြီးကို ကိုင်ဆောင်ထား၏။ ကျန်တစ်ယောက်ကား ဓားရှည်ကြီးတစ်လက် ကိုင်ဆောင်ထား၏။

ထိုချောက်ကမ်းပါးကြီး၏ အောက်ဘက်၌ အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းနေသော မြစ်ကြီးတစ်မြစ်ရှိ၏။

သို့သော် ချောက်ကမ်းပါးကြီးက မြင့်မားလွန်းလှသဖြင့် အောက်မှ ကြီးမားသောမြစ်ကြီးကို ဖဲကြိုးလေးတစ်ခုပမာသာ မြင်တွေ့နေရသည်။

ဝတ်ရုံစိမ်းနှင့်အဘိုးအိုက တောင်ဝှေးကို ကျောက်မြေပြင်ပေါ် ဆောင့်လိုက်ပြီး ---

"မင်း လူသတ်လာတာတွေ များနေပြီ၊ ဒီတစ်ကြိမ်မှာတော့ မင်းကို ငါခွင့်မလွှတ်နိုင်တော့ဘူး၊ မင်းဟာ ယောကျ်ားသိုင်းသမား တစ်ယောက်ထဲကိုသတ်ယင် လုံလောက်ပါလျက်နဲ့ သူ့ရဲ့ဇနီးနဲ့ သားကိုပါ သတ်ပစ်ခဲ့တယ်၊ သူ့ဇနီးမှာ ဘာအပြစ်ရှိသလဲ၊ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်၊ သူတို့ရဲ့ အိမ်ဦးနတ် အဲဒီသိုင်းသမားမှာတောင် ဘာအပြစ်ရှိသလဲ"

ဓားရှည်နှင့်အဘိုးအိုက -

"ခင်ဗျားနဲ့ဘာဆိုင်သလဲ၊ ကျုပ်ဟာ ကျုပ်ကိုစော်ကားတဲ့လူ မှန်သမျှ ဘယ်တော့မှ ရန်ကြွင်းရန်စ ချန်မထားခဲ့ဘူး၊ မီးကြွင်းမီးစ ချန်ထားရင် လောင်တတ်သဗျ၊ ကျုပ်ဟာ အမြဲတမ်း ကျုပင်ခုတ် ကျုငုတ်မကျန် ရှင်းပစ်တတ်တဲ့အကျင့် ရှိခဲ့တယ်၊ သူတို့သေတဲ့ အတွက် ကျုပ်ဝမ်းမနည်းဘူး"

ဝတ်ရုံစိမ်းအဘိုးအိုက -

"အေး နောက်ထပ် မင်း ဝမ်းနည်းစရာလဲ မရှိနိုင်တော့ပါဘူး၊ မင်းလို ယုတ်မာတဲ့လူတစ်ယောက်ကို သိုင်းလောကထဲမှာ မထား





သင့်တော့ဘူးလို့ ငါဆုံးဖြတ်လိုက်ပြီ"

ထိုမှနောက်ပိုင်း အပြင်းအထန်တိုက်ခိုက်ကြတော့၏။

ဓားရှည်နှင့်ပုဂ္ဂိုလ်၏လက်ထဲမှဓားသည် ချောက်ထဲသို့ လွင့်စဉ်ကျသွား၏။

ဝတ်ရုံစိမ်းအဘိုးအိုသည် တဖြည်းဖြည်း ရှေ့တိုးလာသည်။

ဓားရှည်လက်မဲ့ဖြစ်သွားသည့် အဘိုးအိုသည် ဝတ်ရုံစိမ်းဝတ် အဘိုးအို မထင်မှတ်သည့်အပြုအမူကို ပြုလုပ်သွားခဲ့၏။

သူသည် အသူရာချောက်ကြီးထဲ ခုန်ချသွားခဲ့၏။

ဖဲကြိုးကလေးတစ်ချောင်းပမာ ထင်မှတ်နေရသည့် မြစ်ကြီး ထဲသို့ ခုန်ဆင်းသွားခဲ့သည်။

ထိုအဘိုးအိုကား ယခု ကြက်သွေးရောင်ဝတ်ရုံကြီး ဝတ်ဆင် ထားသည့် သံမဏိမျက်နှာပေတည်း။

သံမဏိမျက်နှာသည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်မှ အဖြစ် အပျက်ကို မနေ့တစ်နေ့က အဖြစ်အပျက်လို မှတ်ထင်လာမိ၏။

သူသည် အလွန်တရာမြင့်မားလှသော ချောက်ကမ်းပါးကြီး အထက်မှ မြစ်အတွင်းသို့ တည့်တည့်မတ်မတ် ကျဆင်းသွားခဲ့သည်။

ထိုမှနောက်ပိုင်း သူ့နာမည်သည် သိုင်းလောကမှ ပျောက် ကွယ်သွားခဲ့၏။

ယခု ရန်သူတော်ကြီးနှစ်ယောက် ပြန်လည်၍ မျက်နှာချင်း

ဆိုင်မိကြလေပြီ။

ဝတ်ရုံစိမ်းအဘိုးအိုက ရယ်မောရင်း ပြောသည်။

"အေး မင်းမသေခဲ့တာကို ငါ့စိတ်ထဲမှာ ဘယ်လိုမှမရှိဘူး၊ သေချိန်မတန်သေးရင် ဘယ်သတ္တဝါမှ မသေနိုင်ဘူးဆိုတာ ငါနားလည်တယ်၊ ငါဘယ်လောက်စွမ်းတယ်ဆိုတာ သူများတကာတွေထက် မင်းကပိုပြီးနားလည်တယ်ဆိုတော့ အခု ငါ့ကိစ္စမှာ မင်းလက်ရှောင်လိုက်ပေတော့၊ ငါ့တပည့်ကလေး ပရဆေးမြစ်ယူတဲ့ကိစ္စမှာ မင်း တားဆီးမနေပါနဲ့တော့၊ ဒီတစ်ကြိမ် ငါဝင်ရရင်တော့ မင်းအဖို့ နှစ်ကြိမ်ကံကောင်းနိုင်မှာမဟုတ်ပေဘူး"

သံမဏိမျက်နှာသည် စင်မြင့်ပေါ်၌ ခြေဆောင့်ရင်း ရှူးရှူးရှားရှား ဖြစ်သွားသည်။

"တပည့်ကိုမခိုင်းနဲ့၊ သတ္တိရှိရင် ခင်ဗျားကိုယ်တိုင် တက်ပြီး ဒီပရဆေးမြစ်ကို လာယူပါ၊ စောစောက ခင်ဗျားတပည့် ပြန်ဆင်းသွားရသလိုပဲ ခင်ဗျားလဲ ပြန်ဆင်းသွားရစေမယ်"

ဝတ်ရုံစိမ်းအဘိုးအိုသည် ပတ်ဝန်းကျင်ကို ဖြည်းညင်းစွာ လှည့်၍ အကဲခတ်လိုက်၏။

ကျောက်အိရင်၊ ကျန်ပိကျင်း၊ မာယာတစ်ထောင်မျက်နှာနှင့် ဘီလူးနက်စင်ဝေပန်းတို့က အဆင်သင့်တိုက်ခိုက်နိုင်ရန် အတွင်းအားပြု၍ တိတ်ဆိတ်ငြိမ်သက်နေကြောင်း သူသိသည်။

သို့သော် သူသည် ခပ်ဖြည်းဖြည်း ရယ်မောလိုက်သည်။





"မင်းတို့က ဒီတစ်ကြိမ်မှာတော့ ငြိမ်းငြိမ်းချမ်းချမ်း မဖြေရှင်းချင်ကြဘဲကိုး"

ဝတ်ရုံစိမ်းအဘိုးအိုသည် စင်မြင့်ပေါ်သို့ လွှားခနဲ ခုန်တက်သွားသည်။

အဘိုးအို၏ ကိုယ်ဖော့ပညာ ကောင်းလွန်းလှသဖြင့် လူအားလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြရပြန်သည်။

"ဖြန်း"

သံမဏိမျက်နှာသည် အင်္ကျီလက်စရှည်ဖြင့် ဝတ်ရုံစိမ်းအဘိုးအိုကို ရိုက်ချသည်။

ဝတ်ရုံစိမ်းအဘိုးအိုသည် ရိပ်ခနဲ ရိပ်ခနဲ လှည့်ပတ်ရှောင်တိမ်းသွား၏။ စင်မြင့်ပေါ်၌ တိုက်ခိုက်နေခြင်းဖြစ်ရာ သိုင်းသမားအားလုံး ထင်ရှားစွာ တွေ့မြင်နေကြရ၏။

တစ္ဆေသရဲပမာ ရှောင်တိမ်းနိုင်စွမ်းရှိသည့် ဝတ်ရုံစိမ်းအဘိုးအို၏စွမ်းရည်ကို မြင်ရသောအခါ အားလုံး ရင်သပ်ရှုမော ဖြစ်သွားကြရသည်။ ဝတ်ရုံစိမ်းအဘိုးအိုသည် တစ်ကွက်မျှ ပြန်လှန်တိုက်ခိုက်ခြင်း မရှိသေးပေ။

ကျန်လုဂိုဏ်းချုပ်ကြီး နန်သိုက်သည် ရှင်းတိအနီးသို့ ပေါ့ပါးစွာ ခုန်ပျံရောက်ရှိလာ၏။

"လူကလေး ငါကော ဝင်ကူရဦးမလား"

ရှင်းတိ ဦးညွှတ်ဂါရဝပြုရင်း -

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ဒါပေမယ့် ဆရာဘိုးဘိုးဟာ ဒီလူတွေအားလုံးကို ဂရုစိုက်မယ့်ပုဂ္ဂိုလ်ကြီး မဟုတ်ပါဘူး"

"ဟိုပရဆေးမြစ်ကရော စိတ်ချရပါ့မလား၊ ကျောက်အိရှင်ကိုယ်တိုင် ဝမ်ချင်းလိုလုပ်မထားဘူးလို့ မပြောနိုင်ဘူး"

ရှင်းတိ ရယ်လိုက်မိ၏။

"အဲဒီပရဆေးမြစ်ကိုသာ အတုနဲ့လဲထားရင်တော့ ကျောက်အိရှင်ရဲ့ မဟူရာတမန်ဂိုဏ်းဟာ ဒီဆယ်ရက်အတွင်းမှာပဲ ပြိုကွဲပျက်စီးသွားမှာ သေချာပါတယ်"

ကျန်လုဂိုဏ်းချုပ်ကြီးသည် ခေါင်းညိတ်ပြပြီး သူ၏မူလနေရာသို့ သွားရောက်ထိုင်နေတော့၏။

"ဖြန်း"

ဝတ်ရုံစိမ်းအဘိုးအိုက သူ၏ဝတ်ရုံစိမ်းအနားစကို ခါယမ်းထုတ်လိုက်ရာ သံမဏိမျက်နှာ၏ အင်္ကျီလက်စရှည်နှင့် ထိပ်တိုက်ရိုက်မိသွားကြ၏။

သံမဏိမျက်နှာမှာ လေထဲ၌ သုံးပတ်မျှလည်ပြီး စင်မြင့်ပေါ်မှ လွင့်စဉ်သွားသည်။ သို့သော် သံမဏိမျက်နှာ၏ သိုင်းပညာကလည်း အတော်ကလေး ထက်ထက်မြက်မြက်ရှိသဖြင့် လေထဲ၌ သူ့ကိုယ်သူ ပြန်ထိန်းလိုက်ပြီး မြေပေါ်သို့ ကြောင်ကျ ကျသွားလေ၏။

"ဘယ့်နှယ်လဲ အနှစ်နှစ်ဆယ်အတွင်းမှာ မင်းရဲ့သိုင်းပညာ





ဒါပဲ တိုးတက်ခဲ့သလား"

ဝတ်ရုံစိမ်းအဘိုးအို၏စကားအဆုံး၌ စင်မြင့်ပေါ်၌ ရှိနေသည့် မာယာတစ်ထောင်မျက်နှာက ရုတ်တရက် 'ရှမ်း'ကနဲ ခုတ်ချလိုက်သည်။

ဝတ်ရုံစိမ်းအဘိုးအို၏ လျင်မြန်မှုမှာ အမှန်တကယ်ပင် စံတင်လောက်ပေသည်။

သူသည် သိမ်းစွန်ငှက်ကြီးအလား လေထဲ၌ပျံဝဲပြီး စင်မြင့်ကွက်လပ်ရှေ့သို့ ခုန်ချလာလေ၏။

"ဟား - ဟား - ဟား - တွဲဖက်ညီတဲ့ လင်မယားပဲ၊ မင်းတို့နှစ်ယောက်တိုက်လို့ ငါ့ကိုနိုင်မယ်ထင်သလား"

သူ့စကားမဆုံးမီ အဝါရောင်ဝတ်ရုံကြီး လွှားခနဲ လေထဲပျံဝဲလာ၏။ တစ်ချိန်တည်းမှာပင် သံမဏိမျက်နှာကလည်း တစ်ရှိန်ထိုးဝင်ရောက်တိုက်ခိုက်လေ၏။

သံမဏိမျက်နှာသည် ယခုအခါ လက်ဝါးသက်သက်ဖြင့် မတိုက်ခိုက်တော့ပေ။ သူ့ဇနီးကဲ့သို့ပင် ဓားရှည်ကြီးထုတ်လျက် တိုက်ခိုက်နေရာ စင်မြင့်ရှေ့ရှိကွက်လပ်၌ ဓားရောင်တဖွေးဖွေး ဖြစ်နေတော့၏။ ဝတ်ရုံစိမ်းအဘိုးအိုကမူ သူ၏ တောင်ဝှေးရှည်ကြီးဖြင့် လှည့်ပတ် ရှောင်တိမ်းခုခံနေ၏။

ထိုစဉ် ဘီးလူးနက်စင်ဝေဖန်းသည် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လာသည်။

"ရပ်လိုက်"

ရှင်းတိသည် ဘီလူးနက်စင်ဝေဖန်းရှေ့သို့ ဝက်ခေါင်းထိုး ထိုးဝင်သွားရာ စင်ဝေဖန်းက အလွန်တရာ ပြင်းထန်လှသည့် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ရှင်းတိက ထိုလက်ဝါးကို လေထဲ၌ပင် ရှောင်တိမ်းသွားသည်။ လေထဲ၌ ကိုယ်ခန္ဓာကို လိုသလိုယိမ်းနွဲ့ရှောင်ရန်ကိစ္စမှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။

ရှင်းတိကမူ အောင်မြင်စွာ ရှောင်တိမ်းသွားနိုင်သဖြင့် ရင်တထိတ်ထိတ် ကြည့်နေသော သိုင်းသမားများမှာ ဟယ်ခနဲဖြစ်သွားတော့သည်။

ဧည့်သည်သိုင်းသမားများအနေဖြင့် ဘီလူးနက်စင်ဝေဖန်းကို မည်သို့မျှ မယှဉ်ဝံ့ပေ။ စင်ဝေဖန်းသည် သိုင်းဝါစဉ်ကြီးသူဖြစ်ပြီး အတွင်းလားလည်း ကောင်းသူဖြစ်၏။

ရှင်းတိ ယှဉ်ပြိုင်ခဲ့ဖူးသည့် သိုင်းသမားများအနက် နဂါးနက် ထိန်ချုံသည် သိုင်းပညာအကောင်းဆုံးလူဖြစ်၏။

ယခု ဘီလူးနက်စင်ဝေဖန်းမှာ နဂါးနက်ထိန်ချုံထက် ဆယ်ဆခန့်သာသူဖြစ်၍ ရှင်းတိအနေဖြင့် ရေရှည်ယှဉ်ပြိုင်နိုင်ရန် လုံးဝမလွယ်ကူပေ။

သူ ပထမဦးဆုံးအကြိမ် လေထဲ၌ ရှောင်တိမ်းပေးလိုက်ခြင်းကလည်း သူ ကံကောင်းသွားခြင်းဖြစ်သည်။





အကယ်၍ အတွင်းအားထုတ်၍ လက်ဝါးချင်းယှဉ်ရိုက်မိလျှင် ရှင်းတိမှာ မုချ အတွင်းဒဏ်ရာ ရရှိသွားပေလိမ့်မည်။

စင်ဝေဖန်းသည် သူ့ထက် အတွင်းအားကောင်းသူဖြစ်၏။

အမှန်မှာ ရှင်းတိအနေဖြင့် ဝင်ကူရန် မလိုချေ။ သူ၏ဆရာ ဘိုးဘိုးအတွက် အစိုးရိမ်ကြီးပြီး ဝင်တားလိုက်ခြင်းသာ ဖြစ်ပေသည်။

နောက်တစ်ကြိမ် စင်ဝေဖန်းက လက်ဝါးထုတ်ရိုက်သောအခါ ရှင်းတိသည် မိုးကြိုးအတွင်းအားကို ထုတ်လျက် လက်ဝါးဖြင့် ပြန်ခုခံလိုက်၏။

"ဝုန်း -"

ရှင်းတိ လွင့်စဉ်ထွက်သွားတော့သည်။ ရှင်းတိသည် ကွင်းစပ်၌ ဒူးထောက်ကျနေရာမှ ဦးခေါင်းကိုဆတ်၍ မ တင်လိုက်မိသည်။

"ဝေါ့ -"

သူ ထိုးအန်လိုက်သောအခါ နီစွေးသောသွေးများ သံပြင်ထက်၌ ရဲသွား၏။

ထိုအခြင်းအရာကို ဝတ်ရုံစိမ်းအဘိုးအိုကမြင်လိုက်သည်။

"လူကလေး"

အဘိုးအိုက တစ်ချက်မျှအော်လိုက်ပြီးနောက် သူ့တောင်ဝှေး

ကို ခါထုတ်လိုက်၏။

“ခွမ်း -”

မာယာတစ်ထောင်မျက်နှာ၏ဓားသည် လွင့်စဉ်ထွက်သွားသည်။

“ဗိုး - ဝှစ် - ဝှစ် --”

အဘိုးအို၏တောင်ဝှေးသုံးချက်တိတိ လျှပ်တစ်ပြက်ရိုက်လိုက်ရာ မာယာတစ်ထောင်မျက်နှာသည် နှစ်ကြိမ်တိတိ ကျွမ်းပစ်ရှောင်သွားနိုင်၏။

သို့သော် တတိယအကြိမ်တွင်မူ သူ မရှောင်နိုင်တော့ပေ။

“ဖြောင်း -”

မြည်ဟည်းသောအသံနှင့်အတူ ဝုန်းခနဲ လွင့်စဉ်သွားပြီး တုံးခနဲ လဲကျသွားလေတော့၏။ လုံးဝ မလှုပ်ရှားနိုင်တော့ပေ။

“ရွမ်း -”

သံမဏိမျက်နှာသည် အံကြိတ်ရင်း ဝင်ခုတ်၏။ ဝတ်ရုံစိမ်းအဘိုးအိုသည် ခြေတစ်လှမ်းမျှဖြင့် ခေါင်းငုံ့ဝင်ပြီး ရှောင်တိမ်းလိုက်ရာ သံမဏိမျက်နှာ၏ဓားသည် လုံးဝလွဲချော်သွားတော့သည်။

ထိုအချိန်၌ ဝတ်ရုံစိမ်းအဘိုးအိုသည် ဘီလူးနက်စင်ဝေဖန်းအား ကျောပေးမိပြီးသား ဖြစ်သွားသည်။

ဘီလူးနက်သည် ကျေနပ်စွာပြုံးလိုက်၏။ သူသည် ဝမ်းခေါင်း





တွင်းမှ ထွက်ပေါ်လာသည့် မာန်သွင်းသံကြီးဖြင့် အော်ဟစ်ရင်း လေထဲ၌ပျံဝဲပြီး ဝတ်ရုံစိမ်း အဘိုးအို၏ကျောကို ‘သေမင်းစွန်ကုတ်လက်သည်း’ဖြင့် ကုတ်ချသည်။

စင်ဝေဖန်းသည် အပိုင်တွက်ပြီး သေချာပေါက် ပျံဝဲခုန်အုပ်လိုက်ခြင်းဖြစ်သည်။

သူ၏ သေမင်းစွန်ကုတ်လက်သည်းကလည်း အဘိုးအို၏ ကျောပြင်ကို ကုတ်ချနိုင်ရန် တစ်ပေမျှသာလိုသည့် အကွာအဝေးသို့ ရောက်ရှိသွားသည်။

သို့သော် အဘိုးအို၏ချိုင်းအောက်မှ တောင်ဝှေးသည် ဝှစ်ခနဲ ထွက်လာပြီး ဘီလူးနက်၏ရင်ဝကို ဖျတ်ခနဲ ထောက်လိုက်ရာ ဘီလူး နက်စင်ဝေဖန်းမှာ လေထဲမှ ဝုန်းခနဲ ပြုတ်ကျသွားလေတော့၏။

စင်ဝေဖန်း ခုန်အုပ်လာသည်ကို ဝတ်ရုံစိမ်းအဘိုးအိုသည် အသံဖြင့်ကြားသိပြီးဖြစ်သည်။

သို့သော် သူ့အနေဖြင့် ရှေ့မှလူကို ရှောင်တိမ်းပြီးစဖြစ်၍ ရုတ်တရက် ခန္ဓာကိုယ်ကို တစ်ပတ်မလှည့်နိုင်ချေ။

သို့ရာတွင် သူ့တောင်ဝှေးကိုတော့ ချိုင်းအောက်မှ နောက်ပြန် ထိုးချနိုင်သေးသည်။

စင်ဝေဖန်းသည် အော်ဟစ်ညည်းညူခြင်းပင် မပြုနိုင်ဘဲ တုံးခနဲ ကျသွားသည်။

သည်တစ်ကြိမ် သူ့တောင်ဝှေး ဆန့်ထုတ်လိုက်သောအခါ သံမဏိမျက်နှာမှာ လက်ကောက်ဝတ်ဆီသို့ ပြေးဝင်သွားသည်။

သံမဏိမျက်နှာသည် လေထဲ၌ ကျွမ်းထိုး၍ ရှောင်လိုက်ရာ တောင်ဝှေးသည် သူ၏လက်ကောက်ဝတ်ကို မရိုက်မိတော့ဘဲ လွဲချော်သွား၏။

သူသည် အားလွန်လာဟန်ရှိသည့် ဝတ်ရုံစိမ်းအဘိုးအို၏ ရင်ဝသို့ သူ့ဓားကို တန်းခနဲ ထိုးသွင်းလိုက်၏။

ဝတ်ရုံစိမ်းအဘိုးအိုသည် သူ့ခန္ဓာကိုယ်ကို တစ်ခြမ်းစောင်း၍ ရှောင်ပေးလိုက်သော်လည်း ဓားဦးသည် ရှောင်တိမ်းသည့်နေရာသို့ ကွေ့၍ ဝင်လာသည်။

ဝတ်ရုံစိမ်းအဘိုးအို၏ လက်ဝဲလက်သည် ဆတ်ခနဲ မြောက်တက်လာပြီး သံမဏိမျက်နှာ၏ဓားကို လက်ညှိုးလက်မဖြင့် ဖြတ်ခနဲ တောက်ထုတ်လိုက်လေတော့၏။

သံမဏိမျက်နှာ၏ တင်းမာခက်ထန်သောမျက်နှာသည် ချက်ချင်း ရှုံ့မဲ့သွား၏။

သူ၏ ဓားကိုင်လက်မောင်းတစ်ခုလုံး မဆုပ်ကိုင်နိုင်အောင် ဖြစ်သွားသည်။

"ချွမ်း"

ဓားသည် မြေပြင်ပေါ်သို့ လွတ်ကျသွားသည်။

ဝတ်ရုံစိမ်းအဘိုးအို၏ တောင်ဝှေးအဖျားသည် သံမဏိ





မျက်နှာ ရင်ဝရှိ အကြောတစ်နေရာကို ဒေါက်ခနဲ သွားထောက်လိုက်ရာ သံမဏိမျက်နှာသည် ထိုနေရာ၌ပင် ပျော့ခွေကျသွားတော့သည်။

ဝတ်ရုံစိမ်းအဘိုးအိုသည် ရှင်းတိရှိရာသို့ ယခုမှပင် လှည့်နိုင်တော့သည်။ သူလှည့်ကြည့်လိုက်သောအခါ ရှင်းတိသည် မတ်တပ်ရပ်နေနိုင်ပြီဖြစ်၏။

သို့သော် အတွင်းဒဏ်ရာကတော့ ရရှိသွားခဲ့လေပြီ။

သူ့မျက်နှာကိုကြည့်လိုက်သည်နှင့် အတွင်းဒဏ်ရာ မည်မျှပြင်းထန်ကြောင်း ဝတ်ရုံစိမ်းအဘိုးအိုက သိရှိလိုက်သည်။

"လူကလေး ဘယ့်နှယ်လဲ၊ ခံနိုင်ရည်ရှိရဲ့လား"

ရှင်းတိက ခပ်ယဲ့ယဲ့ပြုံးပြရင်း -

"ရပါတယ်ဘိုးဘိုး၊ တော်ရုံတန်ရုံ လူတစ်ယောက်ယောက်ကိုတော့ ခုခံနိုင်ပါသေးတယ်"

အဘိုးအိုက ပြုံးပြပြီး ထိုစင်မြင့်ပေါ်ရှိ ဂျင်ဆင်းပရဆေးမြစ်ကို တောင်ဝှေးဖြင့် ညွှန်ပြလိုက်သည်။

ရှင်းတိသည် သူ၏ခံနိုင်ရည်ကိုပြသနိုင်ရန် အံကြိတ်လျက် စင်မြင့်ပေါ်သို့ ကျွမ်းပစ်လျက် တက်သွားသည်။

သူ၏လှုပ်ရှားမှုမှာ အတော်ကလေး ပေါ့ပေါ့ပါးပါး ရှိနေသဖြင့် ဝတ်ရုံစိမ်းအဘိုးအိုက ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

ရှင်းတိသည် ဖန်ပေါင်းချောင်ကို ဖယ်ရှားလိုက်ပြီး အထဲမှ ဆေးမြစ်ကို လှမ်းယူလိုက်၏။

ထို့နောက် ဝတ်ရုံစိမ်းအဘိုးအိုရှေ့သို့ ပေါ့ပါးစွာ ခုန်ချလာသည်။

ရှင်းတိ၏အပြုအမူများကို မဟူရာတမန်ဂိုဏ်းချုပ်ကြီး ကျောက်အိရှင်သည် ကြက်သေသေကာ ငိုင်ကြည့်နေမိ၏။ တားဆီးရန်လည်း သတိမရ၊ တိုက်ခိုက်ရန်လည်း သတိမရတော့ချေ။

ဤသို့ မှင်တက်ငေးကြောင်သွားရခြင်းမှာ သူအလွန်အားကိုးအားထားပြုရသော လက်ရုံးကြီးသုံးယောက် အတုံးအရုံး လဲကျရှုံးနိမ့်သွားသည်ကို မြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

စင်စစ် လဲကျသွားသူသုံးယောက်သည် မာယာတစ်ထောင် မျက်နှာသာ ဒဏ်ရာအနည်းငယ်ပြင်းထန်ပြီး ကျန်နှစ်ယောက်မှာ ဒဏ်ရာပြင်းထန်လှသည် မဟုတ်ချေ။

ဝတ်ရုံစိမ်းဝတ် အဘိုးအိုသည် သူ၏အင်အားကို အကန့်အသတ်ဖြင့်သာ အသုံးပြုခဲ့၏။

ဝတ်ရုံစိမ်းဝတ် အဘိုးအိုသည် ပရဆေးမြစ်ကိုကိုင်လျက် ပြန်ရောက်လာသည့် ရှင်းတိကို တစ်ချက်ကြည့်လိုက်ပြီး တဟားဟား အော်ဟစ်ရယ်မောလိုက်သည်။

"ဘယ်ကိစ္စမဆို ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းတာဟာ အကောင်းဆုံးပါလို့ ပြောခဲ့သားပဲ၊ ဒါပေမယ့် မင်းဟာ ငြိမ်းငြိမ်း





ချမ်းချမ်း မဖြေရှင်းချင်တော့ ငါလဲ ဒီလိုပဲ ဆူဆူပူပူ ဖြေရှင်းလိုက်ရတာပါပဲ၊ အေးလေ - ငါ့လူလဲ အတွင်းဒဏ်ရာတော့ ရသွားခဲ့တာပဲ၊ ကိစ္စမရှိပါဘူး၊ မင်းတို့ဆီကယူသွားတဲ့ ဂျင်ဆင်ဆေးမြစ်နဲ့ပဲ အတွင်းဒဏ်ရာကို ကုသပေးရမှာပဲ၊ မင်း ဘာပြောစရာရှိသေးသလဲ"

ကျောက်အိရှင်က ဖြူရော်သောမျက်နှာဖြင့် ငေးစိုက်ကြည့်မြဲကြည့်နေသည်။ မည်သည့်စကားမျှ မပြောနိုင်ဘဲ ဖြစ်နေသည်။

"ဒါဆိုလဲ ပြီးတာပဲ၊ နောက်တစ်ကြိမ်မှာတော့ မင်းနဲ့ငါဆုံချင်မှဆုံတော့မယ်၊ ငါ့တပည့်နဲ့ဆုံဖို့ပဲ ရှိတော့မယ်၊ ကဲ - သွားပြီဟေ့"

အဘိုးအိုသည် ရှင်းတိ၏လက်မောင်းကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။ စင်မြင့်ပေါ်သို့ နှစ်ယောက်သား ခုန်တက်လိုက်ကြပြီး စင်မြင့်ပေါ်မှတစ်ဆင့် အနီးရှိသစ်ပင်ကြီးပေါ်သို့ ပေါ့ပါးစွာ ခုန်တက်သွားလေ၏။

ထိုသစ်ပင်မှ နောက်တစ်ပင်သို့ ခုန်ကူးသွားသောအခါတွင်မူ အဘိုးအိုရော ရှင်းတိကိုပါ လုံးဝမတွေ့ကြရတော့ချေ။

ထိုအခါကျမှ အထပ်ထပ်ဝိုင်းထားသည့် မဟူရာတမန်ဂိုဏ်းသားများသည် ကျောက်ရုပ်များ အသက်ဝင်လာသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်လာကြတော့သည်။

ကျောက်အိရှင်သည်လည်း ထိုအခါကျမှ ပြန်လည်သတိဝင်လာ၏။ သူသည် သံမဏိမျက်နှာရှိရာသို့ လွှားခနဲခုန်ဆင်းသွားပြီး ဒဏ်ရာများကို စစ်ဆေးလိုက်၏။

သုံးယောက်စလုံး၏ ဒဏ်ရာများကို စစ်ဆေးပြီးသွားသော အခါတွင်မှ သူသည် အဘိုးအိုနှင့်ရှင်းတိတို့ ထွက်ပြေးသွားသည့် အရပ်သို့ မှန်းတီးနာကြည်းစွာ စူးစိုက်ကြည့်လိုက်မိတော့၏။

သူ၏မျက်လုံးထဲမှ အမုန်းတရားများသည် ကျောက်စိမ်း အရောင်ထွက်သကဲ့သို့ စိမ်းလဲ့လဲ့ကလေး ထွက်ပေါ်နေလေတော့ သည်။

စာစဉ်(၃)

ဆက်လက်ဖတ်ရှုပါရန်